
ရွှေပေသာစာပေ

# မယ်စိုင်

## အိုအောဝင်ကို ရက်မေ့ကြသူများ



**ဒို့အရေး အမျိုးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မယ်နိုင်
# အိုအေစစ်ကို
# ရှာဖွေသူများ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၂၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၁၀၇၀၉
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉၊
စက်တင်ဘာလ။
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုစွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
အိုအေစစ်ကိုရှာဖွေကြသူများ/ မယ်နိုင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၀၉ ။
၂၈၇ - စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) အိုအေစစ်ကိုရှာဖွေကြသူများ




အချစ်ကို အတ္တလို့
ခေါ်ဆိုမယ်ဆိုရင်
အဲ့ဒီအတ္တထဲ
ပျော်ဝင်မိသူပဲ ဖြစ်ချင်တယ်။
အနက်အဓိပ္ပာယ်
ရာသက်ပန် သက်ဆုံးတိုင်
ပြုပြင်ခြင်း ထိန်းသိမ်းခြင်း
အရာရာတိုင်း ညီမျှခြင်းရှိတယ်။
ဒါပေမဲ့
အချစ်ကတော့ ညီမျှခြင်းရှိ၊
လူတိုင်းဟာ
မတ်စောက်လှတဲ့
အချစ်ကျောက်ဆောင်ပေါ်
တက်ဖူးကြလိမ့်မယ်။
တောင်ထိပ်ပေါ်ရောက်ဖူးသူ ရှားလိမ့်မယ်။
အဲ့ဒီရှားနေသောလူတွေထဲမှာ
ငါ ပါချင်တယ် . . .

တွန့်ဆုတ် တွန့်ဆုတ်ဖြင့် မဝင်ချင့် ဝင်ချင် တောင်နံရံကြား ဖောက်ဝင်တော့မည့် နေနီဝန်းကြီးသည် လှုပ်ရှားသွားလာနေကြသူများကို မခွဲနိုင် မခွာရက် တစ်နေ့တာအတွက် နှုတ်ဆက်နေသယောင်။

မြို့ငယ်လေးရဲ့ သဘာဝရှုခင်းက ဘေးတိုက်ထိုးကျထားသော နေရောင်ခြည်နွေးနွေးအောက်မှာ ပန်းချီကားတစ်ချပ်နှယ် လှပနေပြီး ထိုလှပခြင်းကို သက်ဝင်လှုပ်ရှားစေတာကတော့ လွင့်ပျံလာသော ရယ်မောသံ စိုးစိုးခစ်ခစ်ပင်ဖြစ်တော့သည်။

မှန်ပါသည်။ မိန်းမငယ်လေးသုံးယောက်သည်

လမ်းမကျယ်ကြီး ပြည့်သွားသည်ထိ ခြေလှမ်းတွေကို ယိမ်း ထိုးလျှောက်လှမ်းနေကြသည်။ ကျောင်းဝတ်စုံကို တူညီဝတ် ဆင်ထားကြတာဆိုပေမယ့် စမတ်ကျနမှု မရှိဘဲ ဖိုသီဖတ်သီ ရယ်ပါ။ သို့ပေမယ့် မျက်နှာလေးတွေမှာ ပြောင်ချောကာ လှပနေ၍ လမ်းထိပ်မှာ ဝိုင်းဖွဲ့စုရုံးနေကြသော ကာလသား လူငယ်လေးဝ်တွေရဲ့ မျက်လုံးဒတွေက သူမတို့ သုံးယောက်ထံ ပါးမှာပင်။

သူမတို့သုံးယောက်ကတော့ တလောကလုံးတွင် သူမတို့သုံးယောက်ပဲ ရှိနေကြသည့်အလား မည်သည့် ပုရိသကိုမှ ဂရုစိုက်နေသည့်ပုံမပေါ်။ သူမတို့ဟာ သူမတို့ ဘာတွေပြောပြီး ဒီလောက်တောင် ဘာတွေ သဘောကျနေ ကြသည်မသိ။ ဝိုင်းဖွဲ့ထိုင်နေကြသူတွေထဲမှ ခပ်ချောချော ခပ်သန့်သန့် လူငယ်လေးတစ်ယောက်က . . .

"ဘယ်လိုဟာလေးတွေလဲ မသိဘူးနော်"

"ဒါ သူတို့ရဲ့စတိုင်လ်ပဲ"

"ချောတာတော့ ချောကြတယ်နော်။ နည်းနည်း





ရှုတ်သုတ်ခဆန်နေတာလေးပဲ"

"အင်း . . . ဟုတ်တယ်"

"အလယ်က ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးက ချောတယ်နော်"

"မင်းအာရုံနဲ့ ငါတို့မျက်စိနဲ့ တစ်ထပ်တည်းပဲ။ မင်း တ အခုမှ ဒီမြို့ကိုပြောင်းလာတော့ သူတို့ကို ဘယ်သိဦးမလဲ"

"ဟုတ်တယ်ကွ . . . သူတို့က ဒီမြို့မှာ နာမည်ကြီး တွေ"

"ဘယ်လိုကြီးတာလဲ"

"လှလေးတွေက လှတယ်လေ။ အတွဲညီတယ်။ တော်ကြတယ်။ နည်းနည်း ဇရုတ်ကျတယ်။ လမ်းမလယ် ခေါင်ကြီးမှာလည်း ပါးစပ်နဲ့ မဆန့်မပြဲစားချင်စားနေကြတာ။ ခုလည်း ကြည့်လေ ရယ်နေလိုက်တာ တလောကလုံးမှာ သူတို့ပဲရှိနေကြသလား ထင်တယ်။ ပြီးတော့ နာမည်တွေက လည်း ကာရန်ကိုက်တယ်။ အဓိက၊ သာမည၊ သာဓကတဲ့"

"ဆံပင်ရှည်ရှည်နဲ့ မိန်းကလေးနာမည်က ဘာလဲ"

သူ့အမေးမှာတော့ တစ်ဖွဲ့လုံး တဟားဟားနှင့် ပြိုင်

တူရယ်ပစ်လိုက်ကြတော့သည်။

သူတို့ရယ်သံတွေကြောင့် သူကိုယ်တိုင်ကလည်း

ကြောင်နသွားရသလို လမ်းမပေါ်က ခြေလှမ်းသုံးစုံကလည်း

ရပ်တန့်သွားကြသည်။

သူ့ဘော်ဒါတွေရဲ့ ရယ်သံက မိန်းကလေးတွေကို

လှောင်သလိုဖြစ်သွားရ၍ သူက အားနာပါးနာနှင့် ကောင်မ

လေးတွေကို မနိုတရိုလေးကြည့်လိုက်သည်တွင် မီးဝင်းဝင်း

တောက်နေသော မျက်ဝန်းများကြောင့် အုပ်စုနစ်စုကြားမှာ

သူ အနေခက်သွားရသည်။

"ဘာထကြောင်တာလဲ"

ငေါက်ဆတ်ဆတ်မေးလာသော စကားသံစူးစူး

ကြောင့် အားလုံး ရယ်မောသံတွေက စစ်ခနဲ တိတ်သွား

သည်။

သူတို့အဖွဲ့ထဲမှာ နည်းနည်းအာသွက်လျှာသွက်

ကောင်တစ်ယောက်က ငေါက်ခနဲ ထရပ်ပြီး . . .





"သာမညနှင့် စာမေးပွဲအောင်တယ်"

"အောင်စာရင်းက ဘယ်တော့ထွက်လိုက်တာလဲ"

"စုနေလေးတင်ပဲ။ နေမင်းခေါင်ခေါင် နို့စ်ဘုတ်မှာ

လာကပ်သွားတာ"

"နေမင်းခေါင်ခေါင် ဒီနာမည် ဒီမြို့မှာ မကြားဖူးပါ

လား"

"အသစ်လေ။ မြို့သား။ ဆေးရုံအုပ်ရဲ့သား"

"သြော် . . . ဟုတ်လား။ ဒါဆို ခွင့်လွှတ်လိုက်မယ်"

"ငါတို့ဆို နင်တို့က ဝင်ဖဲ့ဦးမလို့ မဟုတ်လား"

"ဘယ်မှာလဲ နေမင်းခေါင်ခေါင်"

မော်ကြွားကြွားမေးလာသော အဓိကရဲ့စကားသံ

ကြောင့် သူတို့တစ်ဖွဲ့လုံး နေမင်းခေါင်ခေါင်ကို ရှာဖွေလိုက်

ကြသည်။

"ဟင် . . . ဘယ်ရောက်သွားသလဲ။ စောစောက

လေးတင်ပဲ စကားပြောနေကြသေးတယ်"

"သြော် . . . ဟော့ . . . ဟိုမှာ . . . လစ်ပြီ . . . ဟား

ဟား . . . ဒီကောင်က အရမ်းအရှက်ကြီးတာဟ"

"ဒီလောက်အရှက်ကြီးတဲ့ ပုရိသ လောကမှာ ရှိသေးတယ်နော်"

ဟု ထိမထင် သမုတ်လိုက်ကြသည်။

သူမတို့သုံးယောက်လုံးက မိန်းကလေးဆန်ဆန် ဣန္ဒြေရရလည်း မနေတတ်ကြသလို ယောကျ်ားလေးလို ကျားကျားလျားလျားလည်း မဟုတ်ကြ၍ ဗရုတ်သုတ်ခပုံစံမျိုး ပေါက်နေကြခြင်းရယ်ပါ။ ဒါကြောင့် သူမတို့က မိန်းကလေးတွေနှင့်လည်း ရင်းရင်းနှီးနှီး ခင်မင်ကြသလို ယောကျ်ားလေးများနှင့်လည်း သူငယ်ချင်းပေါင်းပင်။

"မသိလို့ မေးရဦးမယ် သာမညှ။ နေပါဦး အဲ့ဒီစာမေးပွဲအောင်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ"

တိုးတိုးလေး ကြိတ်မေးလာသော သာဓကကို အဓိကက စိတ်မရှည်သောပုံမျိုးနှင့် ကြည့်ကာ . . .

"အ,ရန်ကော သာဓကရယ်။ ဟိုကောင်မလေးက လှတယ် ဘာညာ၊ နာမည်ဘယ်လိုခေါ်သလဲ မေးလာတာကို





ပေါ့ဟ"

"သြော် . . . ဒီလိုလား"

"နေမင်းခေါင်ခေါင်တဲ့ . . . နာမည်ကြီးကလည်း ပူလိုက်တာ"

"ဆရာဝန်ကြီးရဲ့သားဆိုတော့ ဂုဏ်ပုဒ်လေးက မဆိုးဘူးဟ"

"ဆိုးတယ် မဆိုးဘူးက အရေးမကြီးဘူးဟ။ ငါတို့ကို လန့်သွားပုံနဲ့ တစ်ချိုးတည်းလစ်သွားပုံကို ငါတော့ တော်တော် တင်းတယ်"

"တင်းတာတွေ လျှော့တာတွေ ပြောမနေနဲ့တော့။ လပတ်စာမေးပွဲက မနက်ဖြန်ဖြေရမှာ ဘယ်လိုရှင်းမလဲ"

"ဒီတစ်ပတ် သာဓကရဲ့အိမ်မှာ စုမယ်"

"ကောင်းတယ် . . . သူ့အမေက လက်ဖက်သုပ်သုပ်တာ ကောင်းတယ်"

"အစားပုတ်မက တစ်မျှောင့် . . ."

"အေးဟယ် . . . ဒါကြောင့် ဒင်း ဝနေတာ"

"ဝမှလှတာဟ။ ဟိုစကားပုံမကြားဖူးဘူးလား။ ဝိုက်ပူမှ ကြိုက်သူများတာတဲ့"

"ဘာဆိုင်လဲ"

"သိဘူးလေ ဆိုင်သလားလို့"

"သာမည . . . နင် မြန်မာစာမှာ ဘယ်ကဏ္ဍကို အကြိုက်ဆုံးလဲ"

"ရသစာပေ"

"လုပ်ပြီ . . . ဒီစာရေးဆရာရူးကတော့"

"နေစမ်းပါဦး အမိက ဒါဆို နင်ရော"

"ငါကတော့ ကာရန်လည်း မသိဘူး။ စာလည်း နားမလည်ဘူး။ အဓိပ္ပာယ်လည်း မကောက်တတ်ဘူး။ ရိုးရိုးရှင်းရှင်း ဦးနှောက်ရှိမှ အလုပ်ဖြစ်တဲ့ သင်္ချာပဲတွက်ချင်တယ်။ ဘဝကြီးတစ်ခုလုံးကိုလည်း သင်္ချာတွက်ရသလို တစ်ဆင့်ပြီး တစ်ဆင့် အချက်အလက်ကျကျ ဖြေရှင်းချင်တယ်"

"ငါကတော့ အင်္ဂလိပ်စာပဲ ကြိုက်တယ်။ အင်္ဂလိပ်စာကမှ ပိုနက်ရှိုင်းတာ။ ပြီးတော့ ဂရုလည်းစိုက်ရတယ်။





စာလေးတစ်လုံးမှားလိုက်တာနဲ့ တစ်ကြောင်းလုံး ကြက်ခြေခတ်ပဲ။ ဂရုစိုက်ရတယ်။ တိကျမှန်ကန်ရတယ်။ ငါက အဲ့ဒီလို နေစ်ကျကျပဲ ကြိုက်တယ်"

ဟု သာကေကဆိုလျှင် သာမည်ကလည်း အားကျခဲ၏။

"နင်တို့က နင်တို့နှစ်သက်တဲ့ Subject ကိုဒီလောက်ထဲ့ညွှန်းနေမှတော့ ငါကလည်း မြန်မာဂုဏ်ကို ဆောင်ရသေးတာပေါ့။ တကယ်တော့ မြန်မာစာကမှ တကယ် သိမ်မွေ့နက်ရှိုင်းတာ။ စာလုံးတိုင်းမှာ အဓိပ္ပာယ် တစ်မျိုးစီပါတယ်။ အဲ့ဒီအဓိပ္ပာယ်ကို စဉ်းစားတွေးခေါ်ရတယ်။ အကယ်၍ဆိုလို ချက်ကိုသာ အချက်အလက်ကျကျ မတွေးခေါ်တတ်ရင် နိယာမတွေ ပြောင်းဆန်သွားနိုင်တယ်"

"နင်ကတော့ ဝိုပြီ"

"ဟုတ်ပါ့ . . . အကဲကိုဝိုတယ်"

ဟုဆိုကာ အမိကက မလုံ့တလုံလေးနှင့် ပေါ်နေသော ခါးသားလေးကို လုံခြုံအောင် အကျီစလေးနှင့် ဆွဲဖုံး

လိုက်သည်။

ခါးတို့အင်္ကျီအဖြူလေးကို မဝတ်တတ် ဝတ်တတ်နှင့် စည်းကမ်းအတိုင်း ဝတ်ထားရပေမယ့်လို့ စမတ်မကျပါ။ လုံချည်တွေကလည်း ဝတ်စမရှိတာမို့ သိပ်အချိုးမကျဘဲ ဖိုသီဖတ်သီရယ်ပါ။ အဓိကကတော့ ဆံပင်ကျောလယ်လောက်နှင့် နည်းနည်းယဉ်ပေမယ့်လည်း မျက်နှာက မာရေည်ကျောရေည်ပင်။ သာမညကတော့ ဆံပင်ရှည်ရှည် မျက်နှာပြည့်ပြည့်နှင့် ဖူးဖူးလေးပင်။ သို့ပေမယ့် သူမမျက်ဝန်းတွေကလည်း မာဆတ်ဆတ်ပင်ဖြစ်သည်။ သာဓက ကတော့ ဆံပင်တိုတို ဘုတ်တိုက် အုပ်တိုက်နှင့် မျက်နှာလေး ပြောင်ဆင်းနေပြီး နှာတံချွန်ချွန်လေး ပေါ်လွင်နေသည်။

သူမတို့သုံးယောက်သည် တစ်ယောက်ကို စတိုင်တစ်မျိုးစီဆိုပေမယ့် တူညီနေတာကတော့ မည်သူ့ကိုမှ ဂရုစိုက်လေ့မရှိတဲ့ မာဆတ်ဆတ်မျက်နှာပေးများပင်။

တစ်ယောက်နှင့်တစ်ယောက် စရိုက်ချင်း မတူညီကြပါဘဲ သိပ်ခင်ကြသည်။ သံယောဇဉ်ကလည်း နည်းတော့



တဲ့ နှစ်တွေမဟုတ်။ မူကြိုတည်းက အခုဆို (၁၀)တန်းကျောင်းသူကြီးတွေပင် ဖြစ်၍နေပေပြီ။ တစ်ရက်မှ လက်တွဲမဖြုတ်ခဲ့ဘူး။ တစ်ခါတစ်ရံ စိတ်မထင်လျှင် တစ်ယောက်နဲ့တစ်ယောက် အော်ကြဆဲကြမည်။ ဒါပေမဲ့ ခဏအကြာမှာတော့ ဒုံရင်းပင် ဟီးဟီး ဟားဟားနှင့် ညှိ[illegible]ရာမလိုဘဲ ပြန်တည့်နေတတ်ပြန်သည်။

အတွဲညီသော သူမတို့သုံးယောက်ကို ယောကျ်ားလေးတွေက သိပ်မစရဲကြ။ သူမတို့သုံးယောက်လုံးကလည်း ဖွာလန်ကျဲလေးများ ဖြစ်ကြသောကြောင့်ပင်။

လမ်းဆုံအရောက်မှာတော့ လက်ဝါးချင်းရိုက်ကာ ညမှ ဆုံမည်ဟု နှုတ်ဆက်လမ်းခွဲလိုက်ကြတော့သည်။ ဒါ သူမတို့ သမားရိုးကျဖြတ်ကျော်နေကျ နေ့ရက်တွေပါ။

သူမတို့သုံးယောက် စက်ဘီးနှစ်စီးနှင့် လမ်းမလယ်ကြီးမှာ အရှင်းများနေကြသည်ကို နေမင်းခေါင်ခေါင် အဝေးတစ်နေရာမှ လှမ်းကြည့်နေမိသည်။

တစ်မျိုးလေး ထူးဆန်းနေသော သူမတို့သုံးယောက်ရဲ့သတင်းက လူငယ်တွေ ပါးစပ်ဖျားမှာ ရေပန်းစားလှပါသည်။ သုံးယောက်လုံး ဘယ်တော့မှ မခွဲမခွာ အတူတကွ ရှိကြကြောင်း၊ သိပ်သံယောဇဉ်ကြီးကြကြောင်း၊ လူတိုင်းကို ခင်ခင်မင်မင် ရိုးရှင်းစွာ ဆက်ဆံတတ်ကြောင်း၊ စွာကြောင်း၊ ချောကြောင်း အစရှိသဖြင့် အပြောများကြသည်။

သူမတို့သုံးယောက်က ဒီမြို့လေးမှာ လူတိုင်းလိုလို



နှင့် ခင်ကြသည်။ လူတိုင်းကလည်း သိပ်ချစ်ကြသော သူမတို့ကို ခင်ကြသည်။ သူပင် သူမတို့ကို ကြည့်ရင်း အလိုလိုခင်မင်မိချင်သလိုလိုပင်။

သို့သော် သူက သိပ်အရှက်အကြောက်ကြီးသော လူငယ်တစ်ယောက်မို့ သိပ်စွာသော မိန်းမချောလေးတွေဖြစ်တဲ့ သူမတို့သုံးယောက်ကို ဖွတ်ကြီး မခင်မင်ရဲခဲ့ပါ။

သူမတို့သုံးယောက်က သူ ကြည့်နေရင်းမှာပင် တစ်ယောက်ကို တစ်ယောက် တွန်းလှဲနေကြသည်။ သူ မျက်လုံးပြူးသွားသည်။

ရန်ဖြစ်နေကြသည် ထင်ပါရဲ့။

လမ်းမလယ်ကြီးမှာ ရန်ဖြစ်နေကြတဲ့ ဒီကောင်းသူ သုံးယောက်ကို သူ အံ့သြသွားရသည်။

ဘယ်လိုဟာလေးတွေလဲ။

သူကြည့်နေရင်းဖြင့်ပင် ရန်ပွဲက ပိုဆိုးလာသည်။ သာမကဆိုသော ဆံပင်တိုတိုနှင့် မိန်းကလေးက အမိက ဆိုသော ခပ်ယဉ်ယဉ်မိန်းကလေးကို အားနှင့်တွန်းလှဲလိုက်

သည်။ အမိကက ဖင်ထိုင်လျက် လဲကျသွားသည်။ ဒီတွင်
သူမကလည်း ဝေါက်ခနဲ ထလာပြီး သာမကကို ပြန်တွန်းပြ
သည်။ သာမကနှင့် အမိက ရှန်းရင်းဆန်ခတ်ဖြစ်နေလျှ
သာမညဆိုသော ဆံပင်ရှည်ရှည်နှင့် မိန်းကလေးက စက်ဘီး
တစ်စီးကို တွန်းလှဲကာ ကျန်တစ်ဘီးနှင့် အားကုန်နင်းပြေ
လိုက်သည်။

သည်တွင် ကျန်နှစ်ယောက်ရဲ့ရန်ပွဲက အရှိန်သေ
သွားပြီး လဲနေသော စက်ဘီးကို သူထက်ငါဦး လုလိုက်ကြ
သည်။

စက်ဘီးလက်ကိုင်ကို အမိက က ဆွဲမိလိုက်ရှ
သာမက က အလိုလိုလွှတ်ချပစ်လိုက်ပြီး စက်ဘီးကို အသား
ကုန် နင်းပြေးနေသော သာမညနောက် အတင်းပြေးလိုက်
လိုက်သည်။ သာမညရဲ့စက်ဘီးကို မီလုမီချင်ဖြစ်သွားချိန်မှာ
တော့ စက်ဘီးနောက်ခုံ ကယ်ရီယာကို အားနှင့် ဆောင့်ဆွဲ
လိုက်တော့သည်။ ဒီတွင် သာမညက အရှိန်ကို မထိန်းလိုက်
နိုင်တော့ဘဲ စက်ဘီးရော လူပါ လမ်းမလယ်ကြီးပေါ် ဝုန်းဆို





...လိုးပက်လက်ကျသွားတော့သည်။ သာမည လဲကျသွား
...သည်ကို သူငယ်ချင်းဖြစ်တဲ့ သာမက က ထူမယ်မပြောနဲ့
...ဟားဟားနဲ့ရယ်ကာ သူမတို့ကို မီလာသော အမိကရဲ့
...က်ဘီးကယ်ရီယာခုံနောက်မှာ အဆင်သင့်လေး ထိုင်လိုက်
...သွားတော့သည်။ ကျန်ရစ်ခဲ့သော သာမညကလည်း လမ်းမ
...ပေါ်မှာ ပဲများပြီး ဆက်ထိုင်မနေတော့ဘဲ ချက်ချင်းထကာ
...က်ဘီးကို ကောက်ထောင်ပြီး စက်ဘီးကို အသားကုန်နင်း
...ကာ သာမကနှင့် အမိကရဲ့ စက်ဘီးကို နောက်ကနေ ဝင်
...တိုက်ပစ်လိုက်တော့သည်။

ဒီအချိန်မှာတော့ သူမတို့သုံးယောက်လုံး စက်ဘီး
...တခြား လူတခြား လဲကျသွားကြတော့သည်။ သို့သော် သူမ
...တို့က နာကျင်စွာ ရှုံ့မဲ့မနေကြဘဲ အသံကျယ်ကြီးနှင့်သာ
...ရယ်မောနေကြတော့သည်။ အကြမ်းဆန်ပြီး သိမ်မွေ့တဲ့
...သူမတို့သုံးယောက်ကို သူ အံ့သြမိသွားသည်။

ဒါကြောင့်လည်း သူမတို့သုံးယောက်အကြော...
...က လူတကာပါးစပ်ဖျားမှာ သတင်းကြီးနေခဲ့တာ...

အခုမှ သဘောပေါက်သွားရတော့သည်။

သူမတို့စရိုက်က နည်းနည်း ဗရုတ်ကျတယ်ဆိုပေ မယ့် မသိတဲ့လူများကတော့ သူမတို့ကို လှပသူလေးတွေနှ ကျခြေရှိကြမည်ဟု ထင်ချင်စရာလေးများပင်။

တဟဲဟဲရယ်နေကြသော သူမတို့သုံးယောက်ကို သာ သူ ကြည့်နေမိတော့၏။

"သာခက နင် သိပ်ယုတ်မာတာပဲ"

"နင်က အရင် ယုတ်မာတာ"

"ငါလည်း မဟုတ်ဘူး။ အမိက အရင်ယုတ်တာ"

"ဟော့ . . . နင်တို့နှစ်ယောက်ပြဿနာထဲ ငါ့ကို ဆွဲ မခေါ်နဲ့"

"အောင်မာ . . . နင်သာ စောစောတည်းက ငါ့ကို တင်နှင်းလိုက်ရင် ဒီလိုပြဿနာတောင် ဖြစ်လာမှာ မဟုတ် ဘူး။ အခုကြည့် ငါ့ဒူးပြဲသွားပြီ"

"အံမယ် တလောကလုံး နင်တစ်ယောက်တည်း နာတယ်များ ထင်လား။ ဒီမှာတွေ့လား ဒူးကြီး ညိုမည်းနေပြီ။





လက်မှာလည်း ပွန်းရှကုန်ပြီ။ ညရောက်ရင် ပန်းချီမှ ဆွဲနိုင် ပါတော့မလား . . . ဟီး . . . ပြောရင်းဆိုရင်း ခါးတွေတောင် နာလာပြီ။ အဆစ်သာလွဲသွားရင် ဘယ်လိုလုပ်ရပါ့မလဲ"

"ပိုကိုပိုတယ်။ ဓာကဲပိုမ"

"ဟုတ်ပ့ါ . . . သူက နိုင်ငံကျော်ပန်းချီဆရာမကြီး ကျနေတာပဲ။ ပြောပုံကိုက"

"အေးလေ . . . နည်းနည်းဆို ပိုကိုပိုဦးမှ။ အကဲကို ပိုတယ်။ နောက်နေ့ကစပြီး နင့်ကို သာမညလို့ မခေါ်တော့ ဘူး။ အကဲပိုမလို့ခေါ်မယ်"

"မိန်းမတွေခနော်"

"ခေါ်မှာပဲ"

"ဒါဆို နင်ကလည်း ကြွက်သိုက်မပဲ"

"ဘာဆိုင်လို့တုံး"

"ဟုတ်ပ့ါ . . . အကဲပိုမပြောလည်း ပြောစရာပဲ။ သာခက နင်မနက်တည်းက ခေါင်းမဖြီးသေးဘူး မဟုတ်လား"

"ဩော် . . . ဒါလား။ ခေါင်းဖြီးရင် ချေးပေတယ်။

ခေါင်းနာတယ်။ ဒါကြောင့် ငါ နင်တို့လို ဆံပင်ရှည်ရှည် မထားတာ။ နင်တို့ဆို ဘယ်လောက်ထိ ပျင်းစရာကောင်းနေသလဲ။ နေ့တိုင်းဖြီးရလိမ်းရနဲ့"

"ကြွက်သိုက်မ . . . အပျင်းကြီးမ။ ကြပ်ကြပ် အပျင်းကြီး နင့်ဆံပင်က တကယ့်ကြွက်သိုက်နဲ့ တူနေပြီ"

"ကဲ . . . လမ်းမလယ်ကြီးမှာ စကားများမနေကြနဲ့ ထ သွားမယ်။ ကြွက်သိုက်မနဲ့ အကဲပိုမ"

"အောင်မာ . . . ငါတို့ကိုများ နင်ကရော ဘာထူးလို့လဲ အောဆိုးမ"

"ဘာဆိုင်လို့တုံး"

"also တံဆိပ်နဲ့ ဦးထုပ်ကို နင် ဘာသာပြန်လိုက်တာ တစ်ခါတစ်ရံဆို . . ."

"အောင်မာ . . . ငါ ကြောင်သွားလို့ပါနော်"

"ကြောင်တာ မကြောင်တာ မသိဘူး။ နင်လည်း အောဆိုးမပဲ"

"မိန်းမတွေနော်"



"ဒီနားမှာ ယောက်ျားကြီးလည်း မရှိပါဘူး။ မိန်းမ ညည်း သုံးယောက်ပဲ"

"ဟော့ . . . မတွေ ကျားတွေ လုပ်မနေကြနဲ့ မြေကြီး ပေါ်မှာ ဒီလိုသာ ကြာကြာဖိမ်ဆွဲပြီး ထိုင်နေလို့ကတော့ ဘိုးဘိုး မကယ်နိုင် ဘွားဘွားမကယ်နိုင် မြေဆွဲပြီး အောက်ပိုင်း သေနေမှဖြင့် ဘဝပါ နာသွားမယ်"

ဟု အမိကဆိုသော အောဆိုးမက ပြောပြောဆိုဆို နှင့် လဲနေရာမှ ထကာ စက်ဘီးကို ဆွဲထူလိုက်သည်။

ဒီတော့မှ ကျန်နှစ်ယောက်က အလိုလိုထရပ်လာကြသည်။

သူမတို့သုံးယောက် တစ်ယောက်နှင့်တစ်ယောက် နောက်ကာ ဟီးဟီးဟားဟားနှင့် ထွက်သွားကြသည်ကို နေမင်းခေါင်ခေါင်ဆိုသူ တက္ကသိုလ်ကျောင်းသား လူငယ် လေးတစ်ယောက်က အကွယ်လေးကနေ ပြုံးပြီးကြည့်နေ ခဲ့ပ်တော့သည်။ ဒါကို သူမတို့သုံးယောက် သိနေကြမည် မဟုတ်ပါ။

# အမိက

"ကျွန်မနာမည်ကတော့ အမိကပါ။ ဒါပေမဲ့ သူငယ်ချင်းမနှစ်ယောက်ကတော့ နာမည်ပြောင်အဖြစ် အောဆိုးလို့ ခေါ်ပါတယ်။ ဘာဖြစ်လို့ အောဆိုးလို့ ခေါ်ရပါသလဲဆိုတော့ တစ်ခါက also ဆိုသောစာလုံးကြီး ထွင်းထားသော ဦးထုပ်တစ်လုံးကို လူငယ်တစ်ယောက်က ဆောင်းလာတာ မြင်တာနှင့် ဘာသာပြန်ချင်ဇောနှင့် also ဆိုသော အင်္ဂလိပ်ဘာသာကို တစ်ခါတစ်ရံဟု အမှားကြီး ပြန်လိုက်သောကြောင့် ကျွန်မနာမည်မှာ ထိုနေ့ကစပြီး အောဆိုးဖြစ်သွားရခြင်း ဖြစ်ပါတယ်"

အောဆိုး ဆိုသော နာမည်ကြီးနှင့် အမိက က

ထက်မြက်သွက်လက်သူတစ်ယောက်ပါ။ ဘဝကို အမြဲတမ်း စမတ်ကျကျ အဆင့်ရှိရှိ ဖြတ်သန်းချင်သူပါ။

အရွယ်ရောက်လာသည်နှင့်အမျှ ဝတ်ပုံစားပုံမှာလည်း သပ်သပ်ရပ်ရပ်နှင့် စမတ်တကျရှိလာပြီး မျက်နှာလေးမှာလည်း ဣန္ဒြေရရနှင့် တစ်မျိုးလေး ခေတ်မီလှပလာ၍ ပုရိသတို့ရဲ့အသည်းစွဲဖြစ်လာရသည်။

သူမက အသန့်ကြိုက်သည်။ သပ်သပ်ရပ်ရပ်နေသည်။

သူမရဲ့ဘဝခံယူချက်က မိန်းမတစ်ယောက်ရဲ့ ဘဝအဆုံးသတ်ဟာ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်ပကာသနပဲဟု ခံယူထားသူပါ။

ဒါကြောင့် သူမက ချမ်းချမ်းသာသာနှင့် ဂုဏ်သိက္ခာရှိရှိ ယောကျ်ားတစ်ယောက်ကို လက်ထပ်ချင်သူပါ။ သူမက ရုပ်ကလေးကလည်း ပြည့်ဝင်းဖွံ့နုကာ လှသွေးကြွယ်သူမို့ ချမ်းသာပြီး ရုပ်ဆိုးဆိုး အမျိုးသားမျိုးကိုလည်း စိတ်မဝင်စားပြန်ပါ။ ဒါ သူမရဲ့ထူးခြားချက်ပါပဲ။



# သာဓက

"ကျွန်မကတော့ သာဓက ဖြစ်ပါတယ်။

သူငယ်ချင်းမ နှစ်ယောက်ကတော့ ကျွန်မကို ကြွက်သိုက်လို့ ခေါ်ပါတယ်။

ဘာကြောင့် ဒီလိုခေါ်တာလဲဆိုတော့ ကျွန်မက သိပ်ညစ်ပတ်လို့ပါ။ ခေါင်းကို တစ်ပတ်နေမှ တစ်ခါလောက် ဖြီးလို့ ကျွန်မ ဆံပင်တွေက ခေါင်းမှာရှုပ်ပွပြီး ကြွက်အုံလေးလိုဖြစ်နေတတ်လို့ သူမတို့နှစ်ယောက်က ကြွက်သိုက်လို့ နာမည်ပြောင်ပေးထားခြင်းဖြစ်ပါတယ်"

နောက်တစ်ယောက်ဖြစ်တဲ့ ကြွက်သိုက်ဲဟု နာမည်တွင်သော သာမကကတော့ ဉာဏ်ရည်ထက်မြက်ပေမယ့် အပျင်းကြီးသူပါ။ သူမကတော့ ဆံပင်တိုကပ်ကပ်လေးနှင့် ခေတ်ဆန်စွာ ဝတ်စားပြင်ဆင်၍ ခေတ်မီမီလေးနှင့် ဘိုမရုပ်လေးလို ချစ်စရာကောင်းနေပြန်သည်။

သူမက လူလေးကသာ လှနေပေမယ့် အသုံးအဆောင်တွေမှာ ဖရိုဖရဲနှင့် စည်းကမ်းမရှိ၊ ညစ်ပတ်နေတတ်သည်။

သူမက အရှိကို အရှိအတိုင်း ပွင့်လင်းရိုးရှင်းစွာ ဆက်ဆံတတ်သူဖြစ်၍ လူချစ်လူခင်ပေါ်များသည်။

သူမရဲ့ ဘဝခံယူချက်ကတော့ အဖြူထည်ပါ။ အချိန်တန်ရင် စားမယ်၊ အိပ်မယ်၊ အလုပ်ကို မပီမကမ်းနှင့် ပြေးသွားမယ်။ ဘဝမှာ ပျော်ရွှင်လွတ်လပ်မှုရှိနေလျှင် အရာရာ ပြီးပြည့်စုံသည်ဟု သမားရိုးကျခံယူထားမိသူပါ။ ဒါကလည်း သူမရဲ့ထူးခြားချက်ဟု ဆိုရပါမည်။



# သာမည

"ကျွန်မကတော့ သာမညဖြစ်ပါတယ်။

ဒါပေမဲ့ သူငယ်ချင်းစုတ်ကလေးတွေကတော့ အကဲပိုမလို့ ခေါ်ပါတယ်။ ကျွန်မက သိပ်အညွန့်တက်ပြီး အပိုပြောလွန်းလို့တဲ့။ တကယ်တော့ ကျွန်မ အပိုပြောတာ မဟုတ်ပါဘူး။ မြန်မာစာသမားပီပီ အသုံးအနှုန်းနဲ့ ဖြစ်ရပ်ကို တိတိကျကျပေါ်လွင်အောင် ဖော်ကျူးပြတာပါ။ ဒါကို သူမတို့နှစ်ယောက်က အရွဲ့တိုက်ပြီး အကဲပိုမလို့ ခေါ်နေပါတယ်။ ကျွန်မသိပ်မနှစ်သက်လှပေမယ့် ပြောမရ၍ ငြိမ်နေခြင်းဖြစ်ရပါတယ်"

ကျွန်တစ်ယောက်ဖြစ်တဲ့ သာမညဆိုသော အ
ပိုမကတော့ အမြဲတမ်း အတွေးတစ်ခုကို လေဟာနယ်
ဖြန့်ကျက်ထားသူပါ။ သူမကတော့ ဆံပင်ရှည်ရှည်လေး
ပါ။ အဓိကလိုလည်း ယဉ်စစလေး မဟုတ်သလို၊ သာ
လိုလည်း ခေတ်မမီဘဲ သင့်တင့်သော ဝတ်စားဆင်ယင်မှု
ရယ်ပါ။

သူမရဲ့မျက်နှာကျပုံပြည့်ပြည့်လေးက ပါဝါမျက်
လေးထောင့်အသေးစားလေးနှင့် လိုက်ဖက်လှသည်မို့ သူ
ကလည်း လှသွေးကြွယ်နေသူလေးပါ။

အခြယ်အသကင်းပြီး ပါးအို့လေးတွေ ရဲတွတ်
တတ်တာကြောင့် သူမက ပိုပြီးလှနေသယောင်ပင်။ သူမ
ဘဝခံယူချက်ကတော့ တစ်မျိုးရယ်ပါ။ စိတ်ကူးယဉ်ခြင်း
ဝါသနာထုံသူ ဖြစ်ပြီး ဘဝတစ်ခုကို စိတ်ကူးထဲမှာပဲ အမျိုး
မျိုး တည်ဆောက်မွမ်းမံတတ်သူပါ။ ဒါကြောင့် သူမက စိတ်
ကူးသာယဉ်နေရရင် ဘဝမှာ ဘာမှမလိုအပ်တော့သ
အရာရာ ပြည့်စုံသည်ဟု ထင်မှတ်နေသူဖြစ်သည်။



# အစ

ရှုးရှူးရှားရှားနှင့် အိပ်ပျော်နေသော သာဓကကို ခုတင်ပေါ်မှ ကျသွားသည်ထိ အဓိကက တွန်းချလိုက်တော့သည်။ ဒီတော့မှ သာဓက က လန့်သွားကာ . . .

"အား"

သာဓကရဲ့အော်သံဆိုးဆိုးကြောင့် ပြတင်းတံခါးကိုဖွင့်ပြီး စိတ်ကူးယဉ်နေပုံရသော သာမညက လန့်သွားရကာ

"ကျက်သရေကို မရှိဘူး"

"also နင် ဘယ်လိုလုပ်လိုက်တာလဲ"

"တွန်းချလိုက်တာလေ"

"ဘာကြောင့်တွန်းချရတာလဲ။ နင် ယုတ်မာလှ

ချည်လား"

"အံမယ် . . . စေတနာနဲ့ပါနော်။ အိပ်ချင်လည်း ဆက်အိပ်လေ။ ရုံးချိန်နောက်ကျရင်တော့ နင် လစာအဖြတ် ခံရမှာပဲ"

အမိကရဲ့ မော်ကြွားကြွားစကားကြောင့် သာဓ က ပြုံးတုံးပျာတာနှင့် နာရီကို ငုံ့ကြည့်လိုက်သည်။

"ဟိုက်! ဗုဒ္ဓဘုရား ကယ်တော်မူပါ"

ဟု ရုတ်တရက် ထရပ်ကာ ဖရိုဖရဲနှင့် ရေချိုးခန်း ထဲ ပြေးဝင်သွားတော့သည်။

ရေချိုးခန်းထဲ ဝင်သွားပြီး ခဏအကြာမှာ ပြန်ထွက် လာသည်။ ခဏဆို ခဏလေးပါပဲ။ သာဓကထွက်လာတာ မြင်တော့ ကော်ဖီသောက်နေသော သာမညပင်လျှင် အံ့ဩ လွန်းလို့ သီးသွားရသည်။

"နင် ဆပ်ပြာရော တိုက်ခဲ့ရဲ့လား"

"ရေချိုးတာပဲ။ ဆပ်ပြာချိုးတာမှ မဟုတ်တာ"

"နင် နေ့တိုင်း ဒီမေးခွန်းမေးမေးနေရတာ ပါးစပ်



ညောင်းသေးဘူးလား အကဲပိုမ။ ကြည့်နေ မကြာခင်အချိန် မှာ သူ့ကိုယ်ခန္ဓာအနံ့ ပွေး၊ ဝဲ၊ ညှင်း၊ နှင်းခူတွေ အစုလိုက် အပြုံလိုက် ထွက်လာတော့မှာ"

"စိတ်ပူနေတယ်နဲ့တူတယ်။ မပူပါနဲ့။ ဘဝပါရမီ အခံက ကောင်းလေတာမို့ ညစ်ညမ်းတဲ့အရာမှန်သမျှ ကိုယ် နှောင့်ပေါ် မခဘူး"

"လေကျယ်တာ"

"also နင် ငါ့ကို ကော်ဖီတစ်ခွက်လောက် ပိုဖျော် ပေးစမ်းပါ။ ငါ အရမ်းနောက်ကျနေပြီ"

"နင် ဘယ်တော့လည်း စောတာ"

အမိက က တိကျမှန်ကန်သူပီပီ ပွစိပွစိလေး ပြည် တွန်လိုက်သည်။

သာမညက အေးအေးဆေးဆေး လုပ်ကိုင်တတ် သူမို့ သာဓက အမြဲနောက်ကျလျှင် ပါဝင်ကူညီရသူက အမိကပဲ ဖြစ်သွားရတော့သည်။

သာဓကက စိတ်မရှည်တတ်သူလည်း ဖြစ်သည့်

အတွက်ကြောင့် အလှအပကို အဓိကလိုလည်း ဖိမ်ဆွဲပြင် မနေဘဲ ပြင်ဆင်ခြင်းက ပြီးစလွယ်ပင်။

အင်္ကျီကို စွတ်ကျယ်တစ်ထပ် ကိုယ်ကပ်တစ်ထပ် ဖရိုဖရဲမျိုးလို မှုားလားတစ်ထည် ထပ်ဝတ်လိုက်ပြီး ဂျင်းရှော့ပင်န့်တိုပွပွကို ဖြစ်သလို လျှိုဝတ်ကာ ဆံပင်ကို ဖြစ်သလို ဖြီးသင်လိုက်ပြီး ခရင်တစ်မျိုးလူးကာ နှုတ်ခမ်းရောင်ဖျော့ဖျော့ဆိုးဆေးတင်လိုက်သည်တွင် သူမရဲ့အလှပြင်မှုက ပြီးဆုံးသွားပါပြီ။

သူမက ဘုံးစံအတိုင်း ပြေးပြေးလွှားလွှားနှင့် အဓိကဖျော်ထားသော ကော်ဖီကို ဆွဲယူကာ ပါးစပ်ကြီးနှင့်အပြည့်ငုံပစ်လိုက်သည်။

သာမညက စားရန် မီးဖိုပေါ်ကင်နေသော ပေါင်မုန့်ချပ်ကို ဖြတ်လုလိုက်ပြီး ပူပူလောလောကြီးပင် မဆန့်မပြဲ ထိုးသိပ်လိုက်သည်။ ဒါကို သာမညကလည်း မခံမရပ်နိုင် ဖြစ်သွားကာ သာဓကေ၏ခေါင်းကို ခွပ်ခနဲခေါက်လိုက်သည်။

သာဓကက ခေါင်းမှာ ပူထူသွား၍ ပလုတ်ပလောင်း





ပါးစပ်ကြီးနှင့်ပင် . . .

"အာလား . . . နာတယ် . . . ကိုယ့်အသားမဟုတ်တိုင်း"

"နင် ဘာဖြစ်လို့လုစားသလဲ"

"ဒါလေးတောင် မသဒ္ဒါဘူးလား။ ရပါတယ်နော်။ ငါတစ်ဝက်နဲ့ တစ်ကိုက်ပဲစားမှာပါ"

ဟု ပလုတ်ပလောင်းသံကြီးနှင့် ပြောလာသည်။ မီးဖိုဘေးနားမှာ အချင်းများနေကြသော သူမတို့နှစ်ယောက်ကို အဓိကက စိတ်ပျက်သလို ကြည့်ပြီး အသင့်ချထားသောလက်ကိုင်အိတ်လှလှလေးနှင့် ကားသော့ကို ကောက်ကိုင်လိုက်ကာ . . .

"ကဲ . . . ငါတော့ သွားတော့မယ်။ အချိန်သိပ်နီးနေပြီ"

ဟုပြောပြောဆိုဆိုနှင့် ထလိုက်တော့ သာဓကက မြူးတူးပျာတာနှင့် သူမနားကပ်လာကာ . . .

"ဟဲ . . . ဟဲ . . . ငါ အရမ်းနောက်ကျနေလို့ ငါ့ကို

ပို့ပေးပါလား။ တက္ကစီငှားရင်လည်း ရုတ်တရက် မရနိုင်ဘူး။ လိုင်းကားတိုးစီးရင် ပိုတောင်နောက်ကျဦးမှာ။ လုပ်ပါဟာ . . နော်"

"နင် ဘယ်တော့လဲ မနောက်ကျတာ။ ဒါ ထုံးစံပဲ။ ငါ ဒီလောက်မ‌ထောဘူးနော်။ ဆီဈေးတက်နေတယ်။ အချိန်လည်း အဲ့လောက်မပိုဘူး"

"သူငယ်ချင်းကလည်း လုပ်ပါဟာ . . . ဟဲ . . . ဟဲ နင်ကူညီမှဖြစ်တော့မှာမို့ပါ"

"လိုက်ပို့လိုက်ပါ also ရယ်။ နင် မကယ်ရင် ဒီမိန်းမ သေဖွယ်ရှိတော့မယ်"

"ဟော့ အပိုပြောပြန်ပြီ"

ဟု အဓိကက ရှုံ့မဲ့မဲ့ပြောလျှင် . . .

"ရပါတယ်။ ဘယ်လိုပြောပြော အသားပုံသွားတာမှ မဟုတ်ဘဲ။ အရေးကြီးတာက နင် ငါ့ကို ပို့ပေးဖို့ပဲ"

"ဒီနေ့တစ်ရက်ပဲရမယ်နော်"

ဟု ပါးစပ်မညောင်းနိုင် ထုံးစံအတိုင်း သတိပေးပြန်

—ရှုမဝသော—



သည်။

ဒါကိုပဲ သာကေက ပြုံးဖြီးဖြီးလုပ်ကာ သာမည တ်လှည့်ပြီး လျှာထုတ်ပြလာသည်။ ကျေနပ်သွားသည့် ဘောပင်။ အရှေ့က ဦးဆောင်သွားနေသော အဓိက ာက် သာကေက အပြေးအလွှားလိုက်သွားသည်။ သူမတို့ ်ယောက် ထွက်သွား၍ သာမညက အိမ်စောင့်ကျန်ရစ်သူ တံခါးလိုက်ပိတ်သည်။ သာကေက လှေကားဆင်းတာ ောင်းကောင်းမဆင်းဘဲ သူမရဲ့ခြေထောက်ကို သာမည ြင်သာအောင် အဝေးရောက်မှ ထောင်ပြလာပြီး ပြေးသွား သည်။

သာမည ဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့တော့သည်။ အကြောင်းမှာ သူမရဲ့ဖိနပ်ကို သာကေက ထုံးစံအတိုင်း နိုးစီး သွားပြန်ပြီလေ။

သာမည စိတ်ယားယားနှင့်သာ အဝေးကနေ က်သီးဆုပ်လေး ရွယ်လိုက်တော့သည်။ ဒါ သူမတို့ အမြဲ ြစ်ရိုးဖြစ်စဉ်လေးပါ။

—ရှုမဝသော—

အဖိုကနဲ့ သာကကော မနက်တိုင်း အပြင်ထွက်ကြသည်။ သာမညက အမြဲလိုလို အိမ်စောင့်ကြီးဖြစ်နေတတ်သည်။

အိမ်စောင့်ကြီးဆိုပေမယ့်လည်း သူမက အလုပ်မရှိသူတစ်ယောက်မဟုတ်ပါ။ သူမက ကဗျာသမား၊ စာသမား၊ မြန်မာစာသမားပီပီ ကဗျာတိုစာတိုလေးတွေ ရေးသားနေရသည့် စာရေးဆရာမပေါက်စလေးရယ်ပါ။

သူမရဲ့ပင်ကိုစိတ်ကပင် အနုစိတ်ဆန်လွန်း၍ သူမကိုယ်တိုင် ဝါသနာထုံသည့် အနုပညာအလုပ်ကို ရွေးချယ်ကာ သူမနှင့် သင့်တော်သည့် စာပေလောကထဲတွင်သာ စိတ်ကြိုက်အာရုံစိုက်ပြီး လှုပ်ရှားနေပါသည်။

သူမက စိတ်တစ်ခုကို အားအားမထားပါ။

အတွေးထဲမှာ အမြဲတမ်း ဇာတ်ကောင်တွေကို ဇာတ်အိမ်ဖွဲ့ပေးနေတတ်ပြီး စိတ်ရှိရင် ရှိသလို ဝတ္ထုလေးများ ရေးသားနေပါသည်။ စိတ်ထဲမှာ အတွေးဆန်းဆန်းတစ်မျိုး ဝင်လာပြန်လျှင်တော့ စုတ်တံကို ကိုင်ကာ ပန်းချီရေးဆွဲနေ





တတ်ပြန်သည်။

ထိုအလုပ်တွေကိုသာ လုပ်နေရလျှင် သူမက ဆာတဲ့စိတ်လည်းမဖြစ်ပေါ်သလို အိပ်လည်းမအိပ်ချင်မိ။ လောကကြီးကိုလည်း မပျင်းရိမိပါ။

တစ်နေ့တစ်နေ့ သူမစိတ်ကူးထဲမှာ ဖြစ်ပေါ်လာသမျှ စာရွက်ပေါ်မှာ ဘောပင်နှင့် ရေးမည်။ စုတ်ချက်ညီညီ ပန်းချီအဖြစ် ဖော်ကျူးမည်။ ဒါပါပဲ။

အဖိုကကတော့ သင်္ချာသမားပီပီ ဘဝကို တွက်ကိန်းညီညီ တွက်ချက်၍ သူမအတွက်လည်း အကျိုးရှိပြီး ကျော့ကျော့မော့မော့ လုပ်ကိုင်ရသော တိုးရစ်ဂိုက်ဝင်လုပ်နေပါသည်။

အဖိုကက အပြောကောင်းသူပီပီ ဝင်ငွေကောင်းလှ၍ သူမတို့သုံးယောက်တွင် အဖိုကက ဝင်ငွေအကောင်းဆုံး ဖြစ်သည်။

အစုအဆောင်းကောင်းသူတစ်ယောက်လည်း ဖြစ်တာမို့ မော်ဒယ်လ်အနိမ့်စား ကားတစ်စီးကိုပင် သင့်တင့်သ

လို ကိုယ်ပိုင် ဝယ်စီးနိုင်ပေပြီ။

သာကေကတော့ အများအယွင်းမခံနိုင်တဲ့ အင်္ဂလိပ်သမားမို့ ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်နေသည်။

သူမက လူကသာ ဗရုတ်သုတ်ခဆိုပေမယ့် အလုပ်လုပ်ရင်တော့တိကျသေချာတာမို့ ကုမ္ပဏီက အားကိုးရသော ဝန်ထမ်းကောင်းတစ်ယောက်ပင်ဖြစ်သည်။

သာကေက သူမကိုယ်တိုင်ကလည်း သူများပစ္စည်းတွေ ယူသုံးနေကျမို့ သူမပစ္စည်းဆိုရင်လည်း ဘာတစ်ခုမှနမြောတွန့်တိုမှုမရှိပေ။ ဒါကြောင့် သူမ ဝင်ငွေ ကောင်းပေမယ့်လည်း အဓိကလို ဘာမှစုမိဆောင်းမိ မရှိပေ။

သူမတို့သုံးယောက်လုံးက နယ်မှတက်လာကြကာ ဘဝတစ်ခုဆီသို့ အသီးသီး ရုန်းကန်ကူးခတ်နေကြသည်။

သူမတို့သုံးယောက်လုံးက တိုက်ခန်းတစ်ခန်းကို စပ်တူငှားကြပြီး အတူတကွ ဥမကွဲသိုက်မပျက် စုနေကြသည်။ သူမတို့သုံးယောက်လုံးကလည်း ချစ်ချစ်ခင်ခင်နှင့် အချင်းချင်း ရိုင်းပင်းကူညီနေကြတာမို့ နယ်ကမိဘတွေက





လည်း စိတ်ချလက်ချပင်။

သူမတို့သုံးယောက်ထဲတွင် အဓိကက ကပ်စေးနဲပြီး စည်းစနစ်ရှိသည်။ သာကေက ညစ်ပတ်ပြီး ပရမ်းပတာ။ သာမညက အတွေးတစ်ခုနှင့် လောကကို အလှဆင်သူ။

ဒီလိုဆန့်ကျင်ဘက် စရိုက်ကိုယ့်စီနှင့် လူသုံးယောက်က သိပ်ချစ် သိပ်ခင်ကြသော သူငယ်ချင်းရင်းချာကြီးများ ဖြစ်နေကြတာတော့ တော်တော် ထူးဆန်းနေသလိုပင်။ သို့ပေမယ့် သူမတို့သုံးယောက်ဟာ မူကြိုဘဝကတည်းက အခုလို ဘွဲ့အသီးသီးရပြီး အလုပ်ကိုယ်စီရှိနေကြချိန်ထိ တစ်ခါမှ မခွဲခွာဖူးကြချေ။

သံယောဇဉ်သက်တမ်းကလည်း ရင့်သန်နေကြပြီမို့ တစ်ယောက် ဘာလုပ်ရင် ကျန်နှစ်ယောက်ကပါ အလိုလိုပါဝင်ဆောင်ရွက်နေတတ်ကြသည်။

သူမတို့ ဒီရန်ကုန်မြို့ကြီးကို ရောက်ခဲ့ကြတာတော့ ဘဝကို မြင့်မားတိုးတက်ချင်လွန်းသည့် အဓိကကြောင့်ဆိုရင် ပစ်မလွဲ မှန်ကန်နေပေမည်။

အရင်ကတော့ သာမညမှာ ဘာလုပ်ရမှန်းမသ
ရည်မှန်းချက်ရှိမနေခဲ့ပေမယ့် ဘ၀ကြီးနဲ့ အတွေးအခေါ်တို့
သင်ကြားလမ်းညွှန်ပြသမှုတို့ကြောင့် သူမဘ၀မှာ ရည်မှန်
ချက်လေး ရေးရေးရှိခဲ့ပါပြီ။

အောင်မြင်သည့်စာရေးဆရာမကြီးဘ၀နဲ့ ရပ်တည်
ချင်သည်။ စုတ်ချက်ညီညီ ပန်းချီတွေနှင့်လည်း ရင်ထဲက
ဆန္ဒကို ဖော်ပြချင်ပြီ။

သူမ သိပ်နှစ်သက်သည့် အဆိုတော်လေးနှင့်
လည်း စိတ်ကူးထဲမှာ သီချင်းတွေ အတူဆိုမည်။ သီချင်းတေ
ရေးစပ်မည်။ ကိုရီးယားမင်းသား Rain နှင့်လည်း စိတ်ကူးထဲ
မှာ ကလို့ရသည်။

တတ်နိုင်ရင် ကမ္ဘာအုပ်ချုပ်တဲ့ သမ္မတကြီးပင် စိတ်
ကူးထဲ၌ ဖြစ်ခွင့်ရသည်။ ဒါကြောင့် သူမ စာရေးတဲ့အလုပ်ကို
သာယာကြည်နူးပါသည်။

သူမကတော့ သူမဘ၀နှင့် သူမ သာယာကျေနပ်
နေသလို အမိကကလည်း မျှော်လင့်ချက်တွေ တစ်ပုံတပင်





ကြီးနှင့် ပျော်ရွှင်နေမိသည်။ သာတေကလည်း လွတ်လပ်
ပျော်ရွှင်ရတဲ့ဘ၀မှာ အသားကျလာပြီမို့ ဘ၀အသီးသီးကို
လွတ်လပ်ပျော်ရွှင်စွာ ဖြတ်သန်းနေကြပါတော့သည်။

ဒီနေ့ တနင်္ဂနွေနေ့မို့ အဓိကနဲ့ သာဓက အလုပ် နား ကြရ၍ အိမ်မှာ လူစုံတက်စုံပင်။

လူစုံတက်စုံဆိုသလို အိမ်မှာလည်း ရန်ဖြစ်သံတို့ စည်ဝေနေတော့သည်။

ထုံးစံအတိုင်း အိမ်သိမ်းနေကြခြင်းဖြစ်သည်။

အဓိကက အသန့်ကြိုက်သူပီပီ သန့်သန့်ပြန့်ပြန့် နေချင်သည်။ ဒါကြောင့် သူမကပဲ ဦးဆောင်ပြီး သိမ်းဆည်း သမှု ပြုနေရ၍ ပူညံပူညံလုပ်နေခြင်းပါ။

"အကဲပိုမ . . . နင် လွန်ပြီနော်။ နေရာတကာ စာရွက်စုတ်တွေချည်းပဲ။ ကြမ်းပြင်မှာလည်း ကြည့်ဦး။ ဆေး



က်ဆေးပေါက်တွေချည်းပဲ။ နင်လည်း ညစ်ပတ်လာပြီ"

"အံမယ် . . . ငါ့ထက် ကြွက်သိုက်က ပိုညစ်ပတ် ာပါနော်။ သူ့အိပ်ရာမသိမ်းတာ ဘယ်နှစ်ရက်ရှိနေပြီလဲ"

"အံမယ် . . . ငါ့ကို ဆွဲမထည့်နဲ့။ ငါက ငါ့ခုတင် လေးမှာတင်ပဲ ညစ်ပတ်တာ။ နင့်လိုနေရာတကာ မညစ်ပတ် သေဘူး"

"အရှုးက တစ်မှုး ပိုရှုုမနေပါနဲ့။ တစ်ခန်းလုံး နင့် အဝတ်တွေချည်းပဲ။ ပုတ်ပွန်စော်နေပြီ။ လျှော်ဖို့လေးလည်း သတိရဦး။ တော်ကြာ နင့်အကျီလည်ဂုတ်က ချေးတွေကို က်ဖိုးမြေကော်စက်နဲ့ ကုတ်ကော်နေရမယ်"

"အဲ့ဒါဆိုလည်း ချေးကောင်းရတာပေါ့။ ဒီရန်ကုန် မှာက မြေကြီးက ချေးကြီးသနဲ့"

"အညွန့်တက်ပြောမနေနဲ့။ နင့်အဝတ်တွေကို နင့် ာ နင်လျှော်ချင်လျှော် မလျှော်ချင်နေ။ ငါကတော့ အမြင် ပ်ကပ်နဲ့ ရေချိုးခန်းထဲ သွားပုံထားပြီ။ အကျီပုံရဲ့အပေါ်က နေ ရေတောင် လောင်းထားလိုက်သေး . . . ဟဲ . . . ဟဲ"

အဓိကရဲ့ ရွှံ့ချည်ဖွဲ့ချည် အပြောဆုံးမှာတော့ သာဓကမှာ ပြုံးပြုံးပြုံပြုံနှင့် ဝေါက်ခနဲထရပ်ကာ ရေချိုးခန်းထဲ ပြေးဝင်သွားတော့သည်။

သိပ်မကြာလိုက်ပါ နောက်ခန်းထဲမှ အာမေဍိတ်သံ ကျယ်ကျယ်ကြီး ထွက်ပေါ်လာတော့သည်။

"ဘု . . . ရား . . . ဘု . . . ရား . . . ဘယ်လိုလုပ်လိုက်တာလဲ။ ငါ့မနက်ဖြန် ဘာဝတ်ရမလဲ။ also နင့်လောက် အကျင့်ပုတ်တဲ့လူ လောကမှာ ရှိနိုင်တော့မှာ မဟုတ်တော့ဘူး"

ဟု အသံပြဲကြီးနှင့် ပြစ်တင်ပြောဆိုကာ ကုန်းကုန်းကန်းကန်း ဇလုံးဇလန်းနှင့် ထုရိုက်လျှော်ဖွတ်နေသည်ကို သာမညနှင့် အဓိကက ပြုံးစိစိလေး လုပ်နေကြပြန်သည်။ သိပ်မကြာလိုက်ပါ သာဓကက သူမတို့နား ရောက်လာပြန်သည်။

"ဟွန်း . . . မောသွားတာပဲ"

"မြန်လှချည်လား"





"ပြောင်ရောပြောင်ရဲ့လား"

"မကျေနပ်သွား လျှော်လို့ရသေးတယ်။ ဝရန်တာ...မှာ အလုံးလိုက်တင်ထားတုန်း"

"ကြွက်သိုက် . . . နင့်ကို ညစ်ပတ်လိုက်တာလို့ ...တစ်ယောက်ယောက်က ကဲ့ရဲ့မှာ မကြောက်ဘူးလား"

"ဘာဖြစ်လို့ကြောက်ရမှာလဲ။ ညစ်ပတ်တာက ...ရှက်စရာလား။ ငါ ညစ်ပတ်တာ နင်တို့ကို ထွက်ကိုက်လို့...လား"

"အံ့မယ် . . . ထွက်မကိုက်လို့ ငြိမ်နေတာပေါ့။ ထွက်...ကိုက်လို့ကတော့လေ ပေါင်နှစ်ခြမ်းကို ကွေးပြီး ကုပ်ကနေ ...မိချိုးပစ်မယ်"

"အမယ်လေး . . ."

အမူအရာနှင့် မျက်လုံးကြီးပြူးပြီး ပြောလာသည့် ...အဓိကရဲ့စကားကြောင့် သာမညမှာ ကြက်သီးလေးတွေ ထ...လာသည်ထိ လန့်သွားရသည်။

"အဖြစ်သည်းလိုက်တာ သာလီကာကတော်တော်

မယ်ပေါ်က သည်းသည်း"

ဟု အဓိကက သာမညကို မရှိတင်ကဲလေး ဖြစ် တင်ပြန်သည်။

ထိုအခါမှာတော့ သာမညက ဆရာမကြီးဆိုင် အပြည့်ဖမ်းကာ . . .

"ငါတို့လို စာရေးဆရာ အနုပညာသမားတွေက အကြားအာရုံ၊ အတွေးအာရုံတစ်ခုကို စိတ်ကူးထဲမှာ နူးညံ့စွာ ပုံဖော်ပြီး မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်အောင် ကြည့်ပြီးမှ အဓိပ္ပာယ်ကို ဝနစ်ကျကျ မှန်ကန်အောင် ဖွဲ့ကျူး ရတာဆိုတော့ ငါ့အာရုံထဲမှာ နင့်စကားက တစ်ထီးတစ်နန်း ကြီးဖြစ်သွားပါလေရော။ နင်ပြောပုံအရဆိုရင် ဘယ်လောက် များ အနေခက်ဝရာကောင်းလိုက်ပါပေမလဲ . . . ဘုရား . . . ဘုရား"

"ဝိုတာ . . . အကဲပိုမ"

"ဟုတ်ပ့ါ . . . လေသံကကို နိုင်ငံကျော်စာရေး ဆရာမကြီးလေသံနဲ့။ လူကတော့ ချုံကြားထဲမှာ စိတ်ကူးက

ရွှေသော



တော့ ဟိုး တာဝတိံနတ်နန်းထက်မှာ ဘုရင်ဖြစ်နေပြီ။ ပျော့ ပြောနော် သိလား။ နင့်လေကြောင့် တိုက်ကြီးလွင့်သွားရင် ဒါတို့ခိုကိုးရာမဲ့နေဦးမယ်"

"အံမယ် . . . နင်တို့က ငါ့ကို လောင်နေကြတာပေ့ါ လေ ဟုတ်လား . . . ဟား . . . ဟား . . . ငါလည်း မကြာခင် နာမည်ကျော်စာရေးဆရာမဖြစ်တော့မှာပါကွ။ ငါ့ဝတ္ထုတွေ ကို လူတွေလက်ခံနေပါပြီ . . . ဟား . . . ဟား . . . ကံကောင်း ရင် ပန်းချီအကျော်အမော်တောင် ဖြစ်နိုင်သေးတယ်။ မကြာ ခင်တော့ ပန်းချီပြပွဲလုပ်ဖြစ်ဖို့ စီစဉ်ရဦးမယ်"

"နာဂစ်က အခုမှ တိုက်လာတာ"

"ပြောတဲ့လူကို အပြစ်မတင်ချင်တော့ပါဘူး။ ကြား နေမိတဲ့ နားကိုသာ သံတိုင်ကြီးကြီးနဲ့ ကလန့်ချင်မိတော့ တယ်"

သူမကို အမျိုးမျိုး ဝေဖန်နေကြသည်ကို သူမက ခံမရပ်နိုင်ဖြစ်လာပြီး . . .

"ဘာလဲ . . . နင်တို့က ငါ့ကို မယုံဘူးလား"

ရွှေသော

"သမုဒ္ဒရာရေတွေ မြစ်ကြောင်းအတိုင်း ဆန်တ… ပြီး တောင်ထိပ်မှာ အိုင်ဖြစ်သွားပြီဆိုတာကမှ ယုတ္တိရှိ… မယ် . . . ဟုတ်တယ်နော် ကြွက်သိုက်"

"မှန်လိုက်လေ . . . also ရယ်"

ဟု အတိုင်အဖောက်ညီညီ သမုတ်လိုက်ကြ… သာမညက မခံမရပ်နိုင်နှင့် တွေ့ရာအဝတ်တစ်ထည်န… လှမ်းပေါက်ပစ်တော့သည်။





သာမညက စာအုပ်ပေါ် ဘောပင်တစ်ချောင်းနှင့် ရေးလိုက်ခြစ်လိုက် စုတ်တံတစ်ချောင်းနှင့် ပန်းချီကားတွေကို ဟောတ်တရုတ်ပုံဖော်လိုက်နှင့်။

သာဓကကတော့ အအိပ်ကြီးလိုက် ရုံးချိန်ကို မမှီ တမီလေး ပြေးသွားလိုက် ကမောက်ကမနှင့်။

အဓိကကတော့ နိုင်ငံခြားသားဧည့်သည်တွေကို ဘုရားတွေ ပို့လိုက်၊ အထင်ကရနေရာတွေ ပို့လိုက်၊ ယဉ်ကျေးမှုတွေ၊ စာပေတွေအကြောင်း ရှင်းပြလိုက်နှင့် တစ်ပတ်တာ အချိန်ကို ကုန်လွန်သွားကြပြန်သည်။

ဒီနေ့လည်း ရုံးပိတ်ရက်ဖြစ်ပြန်တာမို့ သူမတို့ သုံး

ယောက် အိမ်၌ စုဝေးဖြစ်ကြသည်။

သာမညကတော့ ထုံးစံအတိုင်း ပြတင်းတံခါးဝမှာ စုတ်ချက်ညီညီ ရေးခြစ်လျက်ပင်။

သာဓကကတော့ ထုံးစံအတိုင်း စုတင်ပေါ်မှာ စင်းလျားအိပ်ကာ ဆီးထုပ်စားရင်း ပျင်းပျင်းရိရိ သီချင်း နား ထောင်နေလေရဲ့။

အဓိကကတော့ အလှကြိုက်သူပီပီ မှန်တင်ခုံရှေ့ ထိုင်ကာ သူမရဲ့ဆံနွယ်ရှဲရှဲလေးကို ဘီးကျဲကြီးနှင့် ဖြီးသင်နေ လေသည်။

သူမတို့သုံးယောက်လုံးက အာရုံကိုယ်စီနှင့်မို့ တိတ်ဆိတ်နေကြသည်။

တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သူကတော့ အဓိက ဆိုသူ also ရယ်ပါ။

"ဟော့ . . . မိန်းမတွေ"

သူမရဲ့တက်ကြွတဲ့ နှီးဆော်သံကြောင့် ကျန်နှစ် ယောက်က သူမကို တစေ့တစောင်း အကဲခတ်လျက် ရှိလာ



သည်။

"ငါ အကြံတစ်ခုရတယ်"

"နိဒါန်းတွေ စာကိုယ်တွေ ဆင်မနေနဲ့ လိုရင်းကို ပြော"

"ငါက ရှေ့ထိုက်မှမဟုတ်တာ ဘယ်လိုလုပ် လိုရင်း ကို ပြောနိုင်မလဲ"

"ဘယ်သူကမှလဲ မင်းကို ရှေ့ထိုက်လို့ မစွတ်စွဲပါ ဘူး။ တကယ် ဘဝင်ပဲ"

"တော်ကြပါတော့ဟာ။ အာရုံနှောက်တယ်"

ဟု သာမညက ထအော်မှ သူမတို့နှစ်ယောက်က အရှိန်သေသွားရသလိုနှင့် သာမညကို ဖြိုင်တူကြည့်လိုက် ကြပြီး . . .

"ပုံစံကိုမှ အမြင်ကပ်စရာကောင်းတယ်။ မျက်မှန် ကြီး တကားကားနဲ့။ သူ့ကိုယ်သူ ကမ္ဘာကျော်ပန်းချီဆရာရဲ့ လက်ထောက်ကျနေတာပဲ"

"အမ် . . . နင့်ရဲ့ရှိုင်းနှိုင်းပုံကြီးကလည်း ဘဝင်ကျ

စရာမကောင်းလိုက်တာ။ ကမ္ဘာကျော် ပန်းချီဆရာ နားလေး တင်ရပ်ထားပါတော့လား။ ဘာကြောင့် လက်ထောက်က အဝိုပါလာရတာလဲ"

"နင့်အဆင့်ကို ဖော်ပြချင်လို့"

"အရှုးမတွေ . . . လူကို အထင်သေးဖို့ပဲ သိတယ်။ ငါ့ပန်းချီကားတွေသာ အရောင်းထွက်သွားလို့တော့ မုန့်ကျွေး ပါပြောလည်း ဆောရီးပဲ"

"လျှာမှာ မြက်ပေါက်သွားပလေ့စေ မစားဘူး"

"တကယ်နော် . . . အေး . . . ရတယ်"

"အဲ့ဒါ also ပဲပြောတာနော်။ ငါ မပါဘူး။ နင်က ကြက်ကန်းတိုးရင်လည်း တိုးနိုင်တယ်လေ"

"ကြည့် . . . အနုပညာကို နည်းနည်းမှ မခံစားတတ်တဲ့ စိတ်ကြမ်းကြီးတွေနဲ့"

"နင်လုပ်နေတာက အနုပညာလုပ်ငန်းမှ မဟုတ်ဘဲ။ အရှုပ်ပညာပဲ။ တစ်ခန်းလုံးလည်း စာရွက်တွေ စက္ကူတွေနဲ့ ရှုပ်ပွနေတာပဲ"



"အံ့မယ် . . . ငါ သိမ်းပါတယ်နော်။ အခုဟာက ကြွက်သိုက်ရှုပ်ထားတာ"

"အားအားရှိ ဒီဆေးရိုးပင်ကြီးပဲ လာလာ ထိခိုက်နေတာပဲ"

"စေတနာမရှိချင်စရာတွေ။ နှစ်ယောက်လုံးပဲ။ စောစောက လျှောက်လည်ကြစို့လို့ပြောမယ့် အစီအစဉ်ကို ဖျက်တယ်ဟာ"

"ဘာ . . . ဘာ . . . ဘာ . . . ဘာပြောတယ်"

ဟုဆိုကာ နှစ်ယောက်လုံးက အမိကနား ဝိုင်းအုံလာကြသည်။

"ဘားမဟုတ်ဘူး မကြားလိုက်ဘူးလို့ သဘောထားလိုက်"

"ကောင်းကောင်းကြီးကြားလိုက်ပါတယ်။ ဟုတ်တယ်နော် . . . ကြွက်သိုက်"

"အင်း . . . မနေ့ကမှ နားသန့်ဆေးထည့်ထားတာ"

"အင်း . . . စဉ်းစားမိတာပါ။ ဒါပေမဲ့ တော်ပါပြီဟာ။

ဆီရေးက မနည်းဘူး။ မင်းတို့က ဆီဖိုး စိုက်ချင်ကြတာ မဟုတ်ဘူး။ လျှောက်လည်ပြီဆိုတည်းက ပိုက်ဆံလည်း ကုန်ဦးမှာ။ တော်ပါပြီဟာ။ ဒီအစီအစဉ်ဖျက်တယ်"

"ဟာ ... ဒီလောက်ကောင်းတဲ့အစီအစဉ်ကို နမြော စရာကြီး"

"ဟုတ်ပါ့ ... ဩော် ... ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

သာကေက အပျော်မက်သူပီပီ အားတက်သရော မေးလိုက်သည်။

"တရားမျှတသွားအောင် also ကို သနားငဲ့ညှာ သောအားဖြင့် ကားပဲစိုက်ဟာ။ ကုန်ကျစရိတ်ကိုတော့ ကြွက် သိုက် စိုက်လိုက်။ ဘယ်လိုလဲ"

"နင်ကရော"

မျက်လုံးပြူးကြီးများနှင့် နှစ်ယောက် ပြိုင်တူမေး လိုက်ကြသည်။

"ဟဲ ... ဟဲ ... ငါက ဝင်ငွေအနည်းဆုံးလေ"



"အံမယ် . . . အချောင်ရမယ် မထင်နဲ့။ နင့်ရဲ့ ...င်လုံးတွေက ယုတ္တိမဲ့လွန်းတယ်။ တောမှာသွားပြော။ ...ဝိကနဲ့သာကေကိုတော့ လာမညာနဲ့။ ဒီမှာတွေ့လား အံတို နေပြီ"

"နင်အံတိုမတိုကိုတော့ သွားဆရာဝန်ပဲ သိမယ်။ ...ါ မသိဘူး"

"နေစမ်းပါဦး အကဲပိုမ။ နင် ဘယ်အချိန်ထိ လျှို ...ားဦးမှာလဲ"

"ဘာလဲဟ"

"နင် မနေ့က စာမူခတွေထုတ်လာတာ ငါတို့ မသိ ...ူများ ထင်နေသလား"

"အဲ့ဒါက ..."

"မဖြစ်ဘူး ... မဖြစ်ဘူး ... နင့်ကို ဝင်ငွေနည်း ...ယ်ဆိုပြီး သနားညှာတာနေလို့ လုံးဝမရတော့ဘူး။ ဒီနေ့ ...တော့ ကုန်ကျစရိတ်တစ်ဝက်တိတိကို နင် ပါဝင်မှရတော့ ...ယ်"

"အံ့မယ် . . . ဒါ စာမူခနော် also ။ နင် ခုနက ဘာ ပြောထားသလဲ။ လူဆိုတာ ပြောပြီးစကားကို တည်ရတယ် ဟ။ လျှာမှာ မြက်ပေါက်သွားပလေ့စေဆို"

"ဟော့ . . . ဟော့ . . . အဲ့ဒါ also ပဲနော်။ ငါ မပြောဘူး ဟဲ . . . ဟဲ . . . ကိုယ့်စကားနဲ့ကိုယ် ခံပေါ့"

"အံ့မယ် . . . ငါ့စကားကလည်း အလွတ်ကြီးပါနော်။ မြက်ပေါက်သွားရင် မစားဘူးဘဲပြောတာပါ။ နင်ကျွေးတာကို မစားဘူး မပြောလိုက်ရပါဘူး။ နင်သာကျွေးလို့ကတော့ မဆန့်မပြဲကို တနင့်တပိုးကြီး အန်ထွက်တဲ့ထိ စားဦးမှာ။ စားရ ခဲတယ်လေ"

"ရတယ်လေ။ မုန့်ဟင်းခါးသုံးပွဲလောက်ဆို နင် အန်ထွက်လောက်ပြီ"

"နင့်အဆင့်က မုန့်ဟင်းခါးတင်ပဲလား"

"ရတယ် . . . မခံချင်အောင် ဘယ်လိုပြောပြော ငါ ကတော့ အကုန်အကျသက်သာရင် ပြီးတာပဲ"

"အကျင့်ကိုက ရုပ်မှာပေါ်တာ။ ဒါကြောင့် နဖူး တည့်





ည့် အဖုးကြီးနဲ့ ကြည့်ရဆိုးနေတာ"

"အံ့မယ် . . . ဒါက ဝက်ခြံဖုးပါနော်။ ပျောက်သွား င် အလိုလို ပကတိလှလာလိမ့်မယ်"

"မရှက်မကြောက်ပါလားနော်။ သူ့ကိုလှတယ်လို့ ည်း တစ်ခွန်းတစ်ဝါဒမှ မခြွေလိုက်ရ"

"ရော့ . . . ငါ့မျက်မှန်။ ခဏတပ်ထားလိုက်"

"ဘာလို့တုံး"

"နင်တို့တွေ မျက်စိမှုန်နေလို့လေ။ လူတိုင်းက ငါ့ ကို လှတယ်ပြောပြီး နင်တို့မှ . . ."

"ဘဝင်ပဲ"

"ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ရောဂါကို ဆရာဝန် တွေက လက်လျှော့လိုက်ပြီတဲ့။ နင် သတိထား အကဲပိုမ။ င်း မကြာခင် သေတော့မယ်"

"ငါ သေလို့ကတော့ ငါ ခြောက်မယ့်လူစာရင်းထဲ မှာ နင်က ထိပ်ဆုံးကပဲ ကြွက်သိုက်"

"တတ်သမျှ မှတ်သမျှ တရားလေးနဲ့ မှတ်ထုတ်

လိုက်မှဖြင့် ခွေးပြေးဝက်ပြေးပြေးနေရဦးမယ်"

"နင်ကလည်း ခွေးပြေးဆို ဘယ်မီပါ့မလဲ။ လိပ်ပြေ

ပုစွန်ပြေးမှပေါ့"

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဟား . . . ဟား

"အရွှးမတွေ သူများကိုပြောလိုက်ရရင်တော့"

ဟု ပြုံးပြုံးစုစုပြောလာသော သာမညရဲ့စကားက

သူမတို့ကို ဟာသရွှတ်ပြနေသယောင် ဝိုး၍ရယ်မိလိုက်ကြ

တော့သည်။

"ကဲ . . . ကားကို ငါက စိုက်မှာဖြစ်လို့ အကျေ

အမွေးကို နင်တို့ တာဝန်ယူရင် ဒီအစီအစဉ်ကိုဖြစ်တယ်လို့

သဘောထားလိုက်မယ်"

"အကဲပိုမ . . . နင် တစ်ဝက်နော်"

"အေးပါဟာ . . . ဖြစ်နေလိုက်တာ"

"ဒါဆို ရှုပါတွေ အပြတ်ရှိုင်းကြစို့"

ဟုဆိုကာ သူထက်ငါ ဦး ရေချိုးခန်းထဲ ပြေးဝင်ကြ

ကာ မျက်နှာသစ်သွားသစ်၊ ကိုယ်လက်ဆေးသူဆေးနှင့် ရှုပ်



...ုက်ခတ်သွားပါတော့သည်။ ရေချိုးခန်းထဲမှာ ခြေချင်းလိမ်

...ာ ရှုပ်ဖြိုးကြပြန်တော့လည်း မှန်တင်ခုံလုရပြန်တာက

အမောပင်။ အခန်းကျဉ်းလေးမှာ တစ်ခဏာ၌ပင် ခြေရာတွေ

...ပ်သွားတော့သည်။

တစ်ယောက်က အလှပြင်လို့ မပြီးသေးခင် တစ်

ယောက်က အလှပြင်ချင်၍ မှန်ရှေ့မှ တွန်းလွှတ်လိုက်

အတွန်းခံရတဲ့လူက မကျေမနပ်နှင့် ပွတ်တွတ်ပွတ်တွတ်

လေးပြောကာ အဝတ်ဗီရိုကြီးကို ဆွဲဖွင့်ပြီး လိုက်ဖက်မယ့်

...တ်စုံကို ရွေးရ၊ ဖိနပ်ကို ရွေးရ၊ အမွှေးအကြိုင်သုံးရနှင့် ရှုပ်

နေကြတော့သည်။

နာရီဝက်မျှအကြာမှာတော့ ကပိုကရို ဖိုသီဖတ်သီ

...င် အလှပြင်ကြခြင်းက ကမောက်ကမနှင့် ပြီးဆုံးသွားတော့

သည်။

သူမတို့သုံးယောက် အခန်းတံခါးကို သေသေချာ

...ာ ပိတ်ခဲ့ကြပြီး လှေကားအတိုင်း ပြေးဆင်းကြရင်း ဆင်းလာ

ကြရာ ပတ်ဝန်းကျင်မှာ ဆူညံပွက်ရိုက်သွားတော့သည်။

သူမတို့ အခန်းက သုံးလွှာမှာ ဖြစ်တာမို့ သူမတို့ဆင်းလာရာ လမ်းတစ်လျှောက်လုံး ဆူညံနေ၍ အခြားခန်းတွေ တခေ့တစောင်း အကဲခတ်ကုန်ကြသည်။

ဒါကိုလည်း သူမတို့က လုံးဝဂရုမပြုမိကြဘဲ ငြင်းခုံကြမြဲပင်။

သာကေက အပျော်အပါးခုံမင်သူပီပီ Happy World သို့သွားကာ ကလေးကလား လိုက်ဆော့ချင်သည်။

အမိကက အဆင့်အတန်းမြင့်မြင့် ကြိုက်သူပီပီ ရွှေပင်းမောလ်တို့ကို လျှောက်လည်ပြီး romantic ဖြစ်တဲ့ ဆိုင်တစ်ခုမှာထိုင်နားပြီး အေးဆေး အနားနေချင်သည်။

သာမညကတော့ အတွေးသမားပီပီ ဥယျာဉ်တို့ ပန်းခြံတို့ အစရှိတဲ့အနားနေရတဲ့နေရာကို သွားပြီး အတွဲတွေကို လိုက်ကြည့်ကာ အေးဆေးနားနေစားသောက်ပြီး စကားဝိုင်းဖွဲ့ ပြောချင်သည်။

ဒါကြောင့် သူမတို့တွေ အငြင်းအခုံဖြစ်နေကြခြင်းပါ။





သူမတို့သုံးယောက်လုံးက အလုပ်ကိုယ်စီနှင့်မို့ သုံးယောက်လုံး စုပြီး အပြင်ထွက်ဖြစ်တဲ့နေ့တွေမှာ ရှားလှသည်။

ရှားရှားပါးပါးနေ့လေးရှိလာပြန်လျှင်လည်း အခုလို ငြင်းခုံကာ စကားများရတတ်ကြမြဲပင်။ ဒီနေ့လည်း ထုံးစံအတိုင်း ကျားဘိုဆွဲကာ ဆုံးဖြတ်ကြပြန်မယ် ထင်ပါရဲ့။

"ကြွက်သိုက် . . . နင့်အစီအစဉ်က အရမ်းဂေါက်တယ်။ ငါ့အစီအစဉ်ကမှ လူကြီးလူကောင်းဆန်တာ။ အခန့်သင့်ရင် သူဌေးသားချောချောလေးတွေနဲ့တောင် ဇာတ်လမ်း ရနိုင်သေးတယ်"

"အရေးထဲ။ ဒီအရှူးမကလည်း တစ်မျောင့်"

"တော်ကြပါတော့ဟာ။ ကြွက်သိုက် နင့်အစီအစဉ်ကလည်း မကောင်းဘူး။ also အစီအစဉ်လည်း အတူတူပဲ။ ငါ့အစီအစဉ်ကိုပဲ လက်ခံလိုက်ကြတော့"

"နင့်အစီအစဉ်ကမှ ပိုဂေါက်တာ"

"အေးလေ . . . အေးဆေးထိုင်စကားပြောချင်ရင်

အိမ်မှာလည်း ဖြစ်သားပဲ။ ဆီဖိုးအကုန်ခံပြီးမှတော့ ထွက်နေစရာ မလိုဘူး"

"အရေးထဲ . . . ဒီကော်တစ်ရာ ကပ်စေးနဲ့မက တစ်မျိုး"

"ကဲ . . . ကြာတယ်ကွာ။ ကျားဘိုဆွဲမယ်"

"ကျားဘိုတွေ ဘာတွေလုပ်မနေနဲ့။ ဒါ မတရားဘူး။ ဒီလိုလုပ်ကွာ။ အားလုံးတရားမျှတသွားအောင် ရှော့ပင်းမောလ်တစ်ခုကိုလည်း သွားပတ်မယ်။ Happy World မှာလည်း ကစားမယ်။ ပြန်ရင် ကန်ဘောင်ပေါ်မှာ လေညင်းခံမယ် . . . ကဲ . . . ဘယ်လိုလဲ"

သာမညက ဆရာမကြီးလေသံနှင့် တရားမျှမျှ ပြောလိုက်တော့မှ ကျေနပ်သွားကြဟန်နှင့် . . .

"အကဲပိုမ . . . စရိတ်ကို နင်တစ်ဝက်ခံမှာနော်"

ဟု သာကေက ထုံးစံအတိုင်း အတွန့်တက်လိုက်သေးသည်။

ကားမောင်းသူနေရာမှာ အဓိကက ဝင်ထိုင်လိုက်





ပြီး ဘေးမှာ သာမညက ထိုင်လိုက်သည်။ နောက်ခန်းထဲမှာတော့ သာကေက လွတ်လွတ်လပ်လပ် ထိုင်လိုက်လေရဲ့။ သူမတို့ကားဦးတည်ရာက အရင်ဦးစားပေးအနေနှင့် အဓိကရဲ့ဆန္ဒကို အကောင်အထည်ဖော်ဖို့ပဲ ဖြစ်သည်။

ကားပါကင်ရတာနှင့် ကားကို ထိုးရပ်ပြီး သူထက်ငါအရင် ကားပေါ်မှ အလုအယက်ဆင်းလိုက်ကြသည်။

သူမတို့သုံးယောက် လမ်းလျှောက်လာစဉ် လူငယ်အချို့ရဲ့မျက်လုံးတွေက သူမတို့သုံးယောက်ထံ ရောက်လာတုန်ကြသည်။

သူမတို့လှနေလို့ ကြည့်ကြတာလား။ ထူးခြားနေလို့ ကြည့်ကြတာလား။

သူမတို့က သူ့ဟာလေးနဲ့သူ တစ်မျိုးစီလှကြတာတော့ မှန်ပေမယ့်လည်း သူမတို့စရိုက်တွေအရ စတိုင်လ်တွေက တစ်မျိုးစီပင်။

အဓိကက မိတ်အင်ဘားမားဖြစ်၍ ဗိတ်အကျီဝမ်းဆက်ကို ကိုယ်ခန္ဓာအလှပေါ်အောင် ချပ်ချပ်ရပ်ရပ်နှင့်

ဆံပင်လေးများကို ဖားလျားချထားကာ ရိုးရိုးယဉ်ယဉ်လေ
ပင်။

သာကေကတော့ သူမကိုယ် သူမ မိတ်အ
ကိုရိုးယားလို့ ပြောပြီး ဘောင်းဘီကျပ်ကျပ်အတိုလေး
ဝတ်ဆင်ထားပြီး အင်္ကျီတွေက ဗိုသီဖတ်သီမျိုးလိုမျိုးလ
လေးနှင့် ချစ်ဝဖွယ်လေး လှနေသည်။

သာမညကတော့ ဆံပင်ရှည်ရှည်များကို ဖြစ်သ
စုစည်းထားပြီး စကာတ်နောက်ကွဲလေးနှင့် ပုံမှန်ဒီဇိုင်းပင်။ သ
ပေမယ့် သူမက ပါးအိုးလေးတွေရဲပြီး မျက်မှန်လေးထောင့်
လေးက သူမမျက်နှာလှလှပေါ်မှာ ပေါ်လွင်နေတာမို့ သူမ
လည်း ထူးခြားနေသယောင်ပင်။ တစ်မျိုးစီ လှနေကြသေ
သူမတို့ သုံးယောက် ဆိုင်ထဲဝင်လိုက်တာနှင့် ဆိုင်ထဲ၌ အန
အဝါတစ်မျိုးနှင့် ခမ်းနားနေသယောင်။ သူမတို့ရဲ့အလှ
ပေါ်လွင်သွားရသည်။

အမိကရဲ့ဆန္ဒအရ ဆိုင်ကောင်းကောင်းမှာ အဆင
မြင့်မြင့် အစားအာဟာရကိုသုံးဆောင်ချင်သောကြောင့် ဖြ





သည်။

အမိကက ရိုးရိုးသာအကြောင်းပြထားပေမယ့် ငယ်
ပေါင်းဖြစ်တဲ့ သာကေနဲ့သာမညကတော့ ပိုက်ဆံရှိရှိ ကောင်
လေးချောချောကို ရှိတ်ချင်လို့ပဲဟု အကြောင်းသိချင်းမို့
နားလည်ထားကြပါသည်။ ဒါကြောင့် သူမတို့နှစ်ယောက်ရဲ့
စိတ်ထဲမှာ သိပ်မကြည်လင်မိကြပါ။ ငွေကုန်မှာက သူမတို့
ကိုး။

"ငါတို့ ဘယ်မှာထိုင်မလဲ"

သာကေက အပြောတွင် အမိကက ပွင့်ပွင့်လင်း
လင်း ပြောလိုက်သည်က . . .

"ရှိုးချင်သလို ရှိုးခွင့်ရအောင် ဟိုးအကွယ်လေးနား
က ချောင်လေးမှာ ထိုင်ရအောင်"

"အေး . . . ကောင်းတယ်။ ငါလည်း ကြိုက်တယ်။
ထောင့်လေးဆိုတော့ အတွေးကောင်းကောင်း ပွားလို့ရ
တယ်"

"ဒီတစ်ခါပဲ ငါတို့သုံးယောက် အတွေးတွေ တူည

တော့တယ်။ ငါလည်း မငြင်းဘူး"

"ဒါဆို အိုကေ"

ဟု ဖြိုင်တူဟစ်ကြကာ ချောင်ကျကျ ထောင့်ခုံလေးကို ဝိုင်းလုလိုက်ကြတော့ ခုံပေါ်မှာ သုံးယောက်ပူးကြီးဖြစ်သွားရတော့သည်။

"ဟေ့ . . . ငါ အရင်ဦးတာနော်။ နင်တို့နှစ်ယောက်နောက်ဆုတ်လိုက်"

"အံမယ် . . . ရာရာစစ အရင်ထိုင်တာ ဘယ်သူလဲ"

"လျှောက်ပြောမနေနဲ့။ ဒီနေရာမှာထိုင်ဖို့ အကြံပြုတာ ငါ ပထမဆုံးပဲ"

ဟု တစ်ယောက်နှင့်တစ်ယောက် အားကျမခံ ငြင်းခုံနေကြလျှင် အသံလေးတွေမှာ ဝေဝေဆာဆာ ထွက်လာ၍ဆိုင်ထဲရှိ စားသောက်နေကြသူများမှာ သူမတို့သုံးယောက်ကို ကြည့်ပြီး ပြုံးစိစိလုပ်နေကြသည်။

သူမတို့သုံးယောက်ကတော့ ဒါကို ဂရုမပြုနိုင်အားသေးဘဲ နေရာရရှိရေးသာ ဦးတည်နေကြသည်။



"ဘာကူညီပေးရပါမလဲ အစ်မတို့"

ဟုဆိုကာ စားပွဲထိုးလေးက သူမတို့နား လာရပ်မှ သူမတို့က ဟန်ချက်ကိုထိန်းကာ ရုတ်တရက် ခပ်တည်တည်ကြီးလုပ်ပစ်လိုက်သည်။

နေရာလုခြင်း အာရုံပျောက်ကွယ်သွားတော့မှ သူမတို့ရဲ့ တစ်စားပွဲတည်းမျက်နှာချင်းဆိုင်မှ ပုဂ္ဂိုလ်ကို သတိပြုမိသွားကာ သုံးယောက်လုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြပြန်သည်။

သူမတို့ သူ့ထက်ငါ ဦးလုနေသော စားပွဲဝိုင်းက ပိုင်ရှင်ကြီးနဲ့ကိုး။

ကြီးမားတဲ့အုတ်တိုင်ကြီး ကွယ်ထားလို့ သူမတို့ မမြင်ခဲ့ကြတာကိုး။

သူမတို့နည်းနည်းလည်း ရှက်သွားကြကာ ထိုပုဂ္ဂိုလ်ကိုလည်း အားနာသွားရသည်။

"ဆော . . . ဆော . . . ဆောရီးနော်"

ဟု သုံးယောက်သား ထစ်အအနှင့် ဖြိုင်တူပြော

လိုက်သည်တွင် ထိုပုဂ္ဂိုလ်က အချိုမြိန်ဆုံးပြုံးပြလိုက်သော
အပြုံးတစ်ပွင့်က သူမတို့ကို မလှုပ်နိုင်အောင် ချုပ်ကိုင်
လိုက်သလိုပင်။

ချောလိုက်တဲ့ ပုရိသလေးပါလားနော်။

ကောင်ချောချောလေးရှေ့မှာမှ ဒီလိုဖြစ်မိလိုက်ကြ
တဲ့အဖြစ်မို့ သူမတို့သုံးယောက်လုံး ရှက်ကိုးရှက်ကန်း ဖြ
သွားရကာ တစ်ယောက်နှင့်တစ်ယောက် တွန်းထိုးကာ အ
နာပါးနာနှင့် မချိုပြုံးလေးပြုံးကာ တခြားဝိုင်းကို ပြောင်းရွှေ့
လိုက်ကြတော့သည်။

"ဒီနေရာကို နှစ်သက်တယ်ဆို ထိုင်ပါ။ ကျွန်တော်
အခြားဝိုင်းကို ပြောင်းလိုက်ပါ့မယ်"

"ဟာ ... မဟုတ်ဘူး။ အားနာစရာတွေ ဖြစ်ကုန်ပြီ

ဟု အဓိကက အောင်မြင်ကျော်ကြားလှတဲ့အပြုံး
ကြည်ကြည်လေးနှင့် ပြောလိုက်သည်တွင် သာကေက ..

"ကောင်းတာပေါ့"

ဟု ညစ်ကျယ်ကျယ်ပြောလိုက်သည်။ ဒီတွင်





ဘာမညာက စစ်ခနဲနေအောင် သူမလက်မောင်းကို ဆွဲဆိတ်
လိုက်သည်။

"အားလား ... နာတယ်ဟ"

သာကေက အရှိကိုအရှိအတိုင်းပြောလိုက်သည်
တွင် ကောင်ချောချောလေးမှာ သွားတက်လေးများပေါ်
အောင် ပြုံးပြသွားသည်။

အဓိကက သူမတို့နှစ်ယောက်ကို ဘာမပြော ညာ
မပြောနဲ့ ဆွဲခေါ်ကာ တခြားစားပွဲဝိုင်းမှာ ထိုင်စေလိုက်သည်။

"also နင်ကလည်း သူရွှေ့ပေးမယ်လို့ပြောနေတဲ့
ဟာကို"

"ကြွက်သိုက် နင်ဟာလေ လူမှုရေးကို မသိဘူး ..
သိလား"

"အေးဟယ် ... ငါတို့ စတိုင်လ်က ရှက်စရာဖြစ်
သွားတယ်နဲ့တူတယ်"

"အံမယ် ... သူက ဘာမို့ရှက်ရမှာလဲ"

"ချောတယ်အေ့"

"အကဲ့သို့မပြောတာ မှန်တယ်။ သူက အတော်ချော တာနော်။ ဖြူနေတာပဲ။ နှုတ်ခမ်းမွှေးလေးရေးရေးနဲ့ နှုတ်ခမ်းလေးကို ရဲလို့။ သူ ပြုံးရင်လှတယ်နော်။ သူ့လောက်သန့်တဲ့ ပုရိသမျိုး ငါ တစ်ခါမှ မကြုံဖူးသေးဘူး။ ပုံစံလေးကလည်း ချမ်းသာတဲ့အမျိုးအသိုင်းအဝိုင်းက ဆင်းသက်လာပုံပဲ"

"အရေးထဲ . . . ဒီဉစ္စာရှူးကတစ်မျောင့်"

"လောကမှာ ဉစ္စာရှိဖို့ အရေးကြီးဆုံးပဲ"

"မှားတယ် . . . ဘဝမှာပျော်ဖို့"

"လက်မခံဘူး။ စိတ်ကူးကောင်းကောင်းသာ ရှိရင် သေပျော်နေပျော်တယ်"

သူမတို့သုံးယောက်မှာ ဒီလိုပဲ အမြဲတစ်ယောက်ကို တစ်ယောက် ကန့်လန့်တိုက်နေကျပါ။

သူမတို့တစ်ယောက်တစ်ပေါက်နှင့် အစားအစာတွေကို တနင့်တပိုးစားနေကြချိန်မှာတော့ ကောင်လေးချောချောကိုပင် မေ့လျော့လို့နေပါပြီ။

ကျသင့်ငွေကို ရှင်းပြီး ဒုတိယလမ်းကြောင်းဖြစ်



သော သာကေရဲ့ဆန္ဒဆီသို့ ဦးတည်လာကြသည်။ အခုတော့ သူမတို့ ကွန်ပျူတာအရုပ်တွေနှင့် အသေအကျေ တိုက်ပွဲ ...င်နေကြသည်။

ဂိမ်းကစားတဲ့နေရာမှာ သာကေက ဆရာမကြီးဆို ...မယ့်လည်း အဓိကနဲ့ သာမညကလည်း အညံ့မခံ အစွမ်း ...န် ကြိုးစားနေလေရဲ့။ မျက်စိညောင်းသည်ထိ ကစားပြီးမှ ...သ်ဘာဝကို သတိရလာကြ၍ ရေခဲမုန့်ဝယ်ကာ လှယက် စား ...ဆောက်လိုက်ကြသည်။

သူတို့အသက်အရွယ် အခြေအနေ အချိန်အခါကို ...ဆောက်ညှာဘဲ စိတ်လွတ်လက်လွတ်ရှိနေကြစဉ် ကောင် ...းချောချောက မော်ဆရာဖန်ဆင်းထားသည့်အလား ...ွားခနဲ ပေါ်လာပြန်သည်။

မှန်ပါသည်။ သူမတို့သုံးယောက်ကို စောင့်ကြည့် ...ရယ်ပါ။

သူ့ကို ရုတ်တရက် မြင်လိုက်ရပြန်၍ သူမတို့ သုံး ...ယောက်လုံး အရှိန်တန့်သွားရပြန်သည်။ သို့ပေမယ့် သူက

သူမတို့ကို သိနေတယ်ဆိုသောအကြည့်မျိုးနှင့်သာ တစ်ချက်ပြုံးပြသွားပြီး သူမတို့ကို ဖြတ်ကျော်သွားပြန်သည်။

"ဒါနဲ့ကောဆိုရင် ဒီနေ့ကြီးပဲ နှစ်ခါရှိသွားပြီနော်။ တိုက်ဆိုင်လိုက်တာ"

"သူ ငါတို့ကို မှတ်မိနေပုံရတယ်"

"မမှတ်မိဘဲရှိပါ့မလား။ တွေ့ထားတာဖြင့် နာရီပိုင်းပဲ ရှိသေးတယ်"

"ချောတယ်နော် . . . ပိုင်ရှင်ထင်တယ်"

"ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တယ် မကဘူး။ ဖြစ်ဖို့များတယ်။ ပိုင်ရှင်မို့လည်း ဝန်ထမ်းတွေကို ဒီလိုစီစဉ်အမိန့်ပေးနေတာပေါ့။ ဟိုမှာ မမြင်ဘူးလား။ သူ့နောက်မှာ လူတစ်ယောက်က သူပြောသမျှကို ဘောပင်လေးနဲ့ လိုက်မှတ်နေတာ"

"ချောလည်း ချောတယ်။ ချမ်းသာတယ်။ သူကမှ ငါ့စံချိန်စံညွှန်းနဲ့ ပြည့်မီတာ"

"နင်က အငယ်လုပ်မလို့လား"



"အံမယ် . . . ရုပ်က လူလွတ်ရုပ်ပါနော်။ နုနုထွတ်တ်လေး"

"အရူးမ . . . ဟိုက နင့်ကိုရှိနေတယ်လို့တောင် ထင်မ ယှာတ်ဘူး"

"တစ်ကြိမ်တွေ့ရင် တိုက်ဆိုင်တာ၊ နှစ်ကြိမ်တွေ့ တိုက်ဆိုင်တာ။ သုံးကြိမ်ဆိုရင်တော့ ဖူးစာပါလို့ပဲ"

"အကဲပိုမ ဒီတစ်ခါ ဂေါက်တာကိုတော့ သဘောသွားပြီ"

"နေစမ်းပါဦး။ နင့်စကားက မှန်တယ်ပဲထားလိုက်တော့၊ ငါတို့က သုံးယောက်။ သူက တစ်ယောက်တည်း။ ကဲဒါကိုကျတော့ ဘယ်လိုရှင်းပြချင်သလဲ"

"ဟာ . . . ! ငါတို့က နှစ်ကြိမ်စီပဲတွေ့ရသေးတာ။ နောက်တစ်ကြိမ်မှာ ဒီသုံးယောက်ထဲက တစ်ယောက်နဲ့သာ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့လို့ကတော့ ဒါ ပေါက်တာပေါ့"

"ဟီး . . . ဟီး . . . ရင်ခုန်ချင်စရာကြီးနော်"

"သူ့အပြုံးလေးက သိပ်လှတာ"

"ချမ်းသာမှုကတော့ အားကိုးချင်စရာပဲ"

သူမတို့သုံးယောက် အတွေးတစ်မျိုးစီနှင့် ရယ်

လိုက်ကြတော့သည်။

သူမတို့သုံးယောက်က ပေါက်တတ်ကရ လျှောက်

ပြောပြီး ပျော်ပျော်နေတတ်သူများပီပီ ခဏအတွင်းမှာပဲ ထ

ဖြစ်ရပ်လေးကို မေ့ပျောက်သွားကြကာ လိုရာကို ခရီးဆက်

ကြပြန်သည်။

တစ်နေကုန်လျှောက်လည်ကြပြီး ညနေစောင်း

ကန်ဘောင်မှာ လေညှင်းခံကာ အတွဲတွေကို လိုက်ငေးနေ

ကြတော့၏။

ဩော် . . . သူတို့မှာကျတော့လည်း အချစ်တွေက

ပေါလိုက်ကြတာ။



ကပ်စေးနဲ့မ အဓိကက ဒီနေ့ သူမကို မစောင့်ပါ။

မနိုးခင်မှာပင် အိမ်မှ စောစောစီးစီး ထွက်သွားပါပြီ။

အကြောင်းမှာ တကူးတကကြီးလိုက်ပို့ပေးနေရ

သော သူမရဲ့အလုပ်ကို ဆိကုန်ခံပြီး လိုက်မပို့ပေးချင်လို့ပဲ ဖြစ်

လိမ့်မည်။

ခါတိုင်းမှာ အဓိကရဲ့ ကျေးဇူးကြောင့် အလုပ်ကို

အချိန်မှန်ရောက်နိုင်ခဲ့ပေမယ့် ဒီနေ့တော့ ပညာပြသွား

အဓိကကြောင့် သူမ အဆူခံရပေတော့မည်။

အရေးထဲ တက္ကစီကလည်း တားလို့ကို မရနိုင်သေး

လိုင်းကားတိုးစီးရအောင်ကလည်း ပိုဆိုးဖို့ပဲ ရှိ

သည်။

ထိုစဉ် တက္ကစီတစ်စီး ကွေ့ဝင်လာ၍ သူမ တာ

လိုက်သည်။ သို့ပေမယ့် ကားက မရပ်ပေးပါ။ လူပါလာလို့တဲ့

နောက်တစ်စီး ဝင်လာပြန်၍ သူမ တားသော်လည်း အရည်

နီးပင်။

ကားတစ်စီးပြီးတစ်စီးက သူမကို မထီမဲ့မြင်ပြုသွာ

ကြ၍ သူမ သိပ်စိတ်မရှည်ချင်လာတော့။

နဂိုကမှ တိုနေတဲ့စိတ်ကို တူနှဲ့ထုဝင်လိုက်သလ

ပင်။

မိနစ်လက်တံတို့ကလည်း လိုအပ်သည်ထက်

မြန်နေသလို။

ဒါကြောင့် သူမ ဘာကိုမှမစဉ်းစားတော့ဘဲ ဒီတ

ခါသာ ကားဖြတ်လို့ကတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပိတ်ရပ်မယ

ဟုတွေးပစ်လိုက်သည်။ ကံကောင်းချင်တော့ တက္ကစီတစ်

က အဝေးကနေ တရိပ်ရိပ်ပြေးဝင်လာသည်။





သူမ ဘာမှထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ

ားလာရာလမ်းကြောင်းတည့်တည့် ပြေးရပ်ပစ်ပါတော့

ည်။

ဘွားခနဲပေါ်လာခဲ့တဲ့ လူရိပ်ကြောင့် ဒရိုင်ဘာမှာ

ုတ်ခနဲဘရိတ်ကို ဆောင့်နင်းလိုက်ရတော့ လိုက်ပါစီးနင်း

ူမှာ ကိုယ်ရှိန်ကို မထိန်းလိုက်နိုင်တော့ဘဲ နားထင်စပ်မှာ

ိရိသွားရသည်။

ထိုလူရဲ့စိတ်ထဲမှာ ကားတားသည့်လူကို ကျိန်ဆဲမိ

ာတော့ အမှန်ပင်။

ဒီတော့မှ ဒရိုင်ဘာက ဒေါသဖြစ်ဖြစ်နှင့် ခေါင်းပြူ

ာသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျာ။ ဒါ ယာဉ်

ိုက်မှုဖြစ်သွားနိုင်တယ်ဗျ။ ခင်ဗျားလုပ်ပုံက မဟုတ်သေး

ါဘူး"

"မတတ်နိုင်လို့ပါ"

ဟုသာ တိုတိုတုတ်တုတ်ပြောပြီး ကားတံခါးကို ဖွင့်

ကာ ဝင်ထိုင်ပစ်လိုက်သည်။

ထိုအခါမှာတော့ သူမရဲ့ ရဲတင်းမှုကြောင့် ကာ သမားရောပါလာတဲ့ ခရီးသည်ပါ မျက်လုံးပြူးဝိုင်းသွား သည်။

"ကျွန်မ အရေးကြီးနေလို့ . . . . ကို အရင်မောင်း မြန်မြန်"

"အစ်မလေး မဖြစ်ဘူးဗျ။ ဒီပုဂ္ဂိုလ်ကို အရင်ပို့ရမယ်"

"ဘယ်ကိုလဲ . . . လမ်းကြုံမှာပါ"

"မကြုံဘူးဗျ။ ဒီပုဂ္ဂိုလ်က . . . . . ကို။ အစ်မလေး . . . . . . ကို နေရာချင်းက တခြားစီ။ အဆင်မပြေဘူး"

"ကျွန်မကို အရင်ပို့လိုက်ပါရှင်။ ကျွန်မက သူထက် ပိုအရေးကြီးပါတယ်"

"ကျွန်တော်က ပိုအရေးကြီးတယ်နော်။ အစည်း အဝေးပွဲဗျ။ တစ်စက္ကန့်တောင် နောက်ကျလို့မရဘူး"

"Lady First ဆိုတာ မကြားဖူးဘူးလား။ ရှင် ဘယ်



ထိုလဲ"

ဟု ခပ်စွာစွာပြောကာ ခရီးသည်ပုဂ္ဂိုလ်ကို အမှတ် ဆောင် ကြည့်မိလိုက်စဉ် သူမ ပါးစပ်လေး အဟောင်းသား ဖြစ်သွားရသည်။

ဒါ . . . ဟိုပုဂ္ဂိုလ်လေးပဲ။

ဒါ . . . ဒါဆို သူမတို့သုံးယောက်ထဲမှာ သူမက ဖူးစာ ရှင်ပေါ့။

အတွေးစလေးရေးရေးကြောင့် သူမ ရင်ထဲ ဆတ် ခနဲ ပျော်သွားရပေမယ့် သတိတရားတို့ ချက်ချင်းပြန်ဝင်လာ ခြင်းက . . .

"ကျွန်မက နာရီဝက်တိတိနောက်ကျနေလို့ပါ"

"အစ်မလေးနဲ့ အစ်ကိုလေးပဲ ညှိလိုက်ကြပါတော့"

"အို . . . ပြောနေတာနဲ့ပဲ (၅)မိနစ်လောက် အချိန် ကုန်သွားပြီ။ ကျွန်မပို့ခိုင်းတဲ့နေရာကိုဆို (၁၅)မိနစ်ပဲ မောင်း ရမှာ။ မောင်းပါရှင်။ ကျွန်မနေရာကိုသာ"

ဟု သူမက တစ်ကိုယ်ကောင်းဆန်စွာ ပြောလိုက်

သည်။

ဒီတွင် သူကလည်း သူမကို ပြန်ပြောရန်ထင်သည် ပါးစပ်ပြင်ပြီးကာမှ အိတ်ထဲမှ ဖုန်းက တူတူတောင်တောင် နှင့် မြည်လာ၍ မကျေမနပ်ပင် မာန်ချ၍ ဖုန်းကိုဖွင့်လိုက်ရ သည်။

"ဟယ်လို"

"..."

"နာရီဝက်နောက်ဆုတ်လိုက်တယ်။ ဟုတ်လား"

"..."

"ဒါဆို ကိုယ် ဝင်စရာတစ်ခုရှိလို့ ဝင်လိုက်ဦးမယ်။ အချိန်ကျမှ ရောက်လာခဲ့မယ်။ ဪ . . . ကိုယ့်ရုံးခန်းထဲက အံဆွဲထဲမှာ ဖိုင်တွဲအဝါတစ်ခုရှိတယ်။ အဲ့ဒါကိုပါ တစ်ခါ တည်း ပါအောင် ယူခဲ့။ ဟုတ်ပြီလား"

"..."

"နေမင်းခေါင်ခေါင်မှတ်တမ်းလို့ ရေးထားတယ်"

ဟု ဖုန်းပြောကာ ပိတ်ပစ်လိုက်သည်။





"ကဲ . . . အမျိုးသမီးကိုသာ အရင်ပို့လိုက်တော့"

ဟု ဩရှရှအသံတစ်ခုနှင့် ပြောလိုက်သည်။ သူမ ကတော့ ဒီနေမင်းခေါင်ခေါင်ဆိုတဲ့ နာမည်ကိုသာ အထပ် ထပ် ရွတ်နေမိပါတော့သည်။

သူမ ဒီနာမည်မျိုးကို ဘယ်မှာကြားဖူးခဲ့ပါလိမ့် စဉ်း တားမရပါ။

သူမက မရတာကို ရအောင်လုပ်တတ်သည့် ခပ် ညစ်ညစ်ညာဥ်ဆိုးလေးရှိသူပီပီ မရမက စဉ်းစားပစ်လိုက် သော်လည်း ဘယ်လိုမှ တွေးတောလို့ မရနိုင်။ တွေးမရနိုင် ခြင်းနှင့်အတူ ထိုလူရဲ့မျက်နှာချောချောကိုသာ တစ်ချက် တစ်ချက် ခိုးခိုးကြည့်မိသွားသည်။

ထိုလူက သူမ ကြည့်နေမှန်းသိ၍ အကြည့်သူခိုးကို မ်းလိုက်ရင် သူမက ပျာပျာယာယာ အကြည့်လွှဲပစ်တတ် ပြန်သည်။

ထိုလူက သူမကို လုံးဝဂရုမစိုက်သည့်အလား သူ့ အလုပ်သူ အာရုံစိုက်နေသလောက် သူမမှာ ဂနာမငြိမ် ဖြစ်

နေရသည်။

သူမကြည့်လိုက်တိုင်းမှာလည်း သူက ကွန်ပျူတာ
ခလုတ်တွေပေါ် လက်တွေကို ရွေ့လျားလျက်ပင်။

သူမရင်ထဲ ထူးထူးခြားခြားဆန္ဒလေးတစ်ခု ပြေ
ဝင်လာသည်။

ဒီနေ့ သူမက ခါတိုင်းထက် လှနေတာပဲ။ သူမကို
ငေးကြည့်ပါလားဆိုတဲ့ဆန္ဒလေးပင်။

ဟွန့် . . . တလောကလုံးမှာ သူတစ်ယောက်ပဲ
ယောကျ်ားသားရှိနေတယ် မှတ်လို့။ ကြီးကျယ်လိုက်တာ။
မကြည့်ချင်လည်းနေပေါ့။ ဂရုစိုက်စရာမှတ်လို့။ သူ့ထက်
ချောတဲ့ ပုရိသတွေ လောကကြီးမှာ ပုံလို့။ သာမကတို့က
ဂရုမစိုက်ချင်လို့သာဟု မာန်တစ်မျိုးနှင့် မခံမရပ်နိုင်တွေးပစ်
လိုက်သည်။

သူမ ဘယ်လောက်တောင် စံပြင်းသွားသည်မသိ
ကားရပ်လို့ ရပ်လိုက်မှန်းပင် မသိနိုင်လောက်အောင်ပင်။

"အစ်မလေး ရောက်ပြီ"





ဟု ဒရိုင်ဘာက သတိပေးတော့မှ သူမ ပျာပျာ
သလဲ ကိုယ်ရှိန်ကို သတ်လိုက်ကာ . . .

"ဩော် . . . အင်း . . . ရှင်ကားမောင်းတာ မြန်သား
း

"ဗျာ"

သူမ အရှက်ပြေပြောလိုက်သည်ကို ဒရိုင်ဘာပင်
ရှင် အံ့သြသွားရသည်။

"ဗျာမနေနဲ့ . . . ရော့ . . . ဒီမှာပိုက်ဆံ"

ဟု မြန်မြန်ကြီးပေးကာ တရတွန်းပြေးဆင်းလိုက်
တော့သည်။

သူမ အလုပ်လုပ်သော အဆောက်အအုံကြီးကြီး
ဆဲသို့ ဝင်လိုက်စဉ်တွင် ကြီးကြပ်ရေးမှူးက လမ်းမတည့်
ညှိမှာရပ်ပြီး သူမကို မျက်ထောက်နီကြီးနှင့် ကြည့်နေ
သည်။

သူမက ကြီးကြပ်ရေးမှူးရဲ့မျက်နှာကို မြင်တော့
ခြေလှမ်းတွေ တုံ့သွားရပြီးကာမှ မျက်နှာကို အချိုသာဆုံး

လုပ်ကာ . . .

"ညကလေ အိပ်ရာဝင်နောက်ကျသွားတယ်။ ဒီဖိုင်အသစ်တွေ ဆွဲနေလို့။ ဒီမှာ ခုပဲ မမကို တင်တော့မလို့"

သူမရဲ့အချိုသွေးသော စကားကြောင့် ကြီးကြပ်ရေးမှူးမျက်နှာပေးက တစ်ထစ်ကျသွားရသည်။ သူမက ဖြစ်တယ်ဟု တွေးကာဆက်၍ . . .

"ဒီတစ်ခါဒီဖိုင်းက ရှိးသလိုနဲ့ ဆန်းနေတဲ့ပုံစံကို အသစ် ဖန်တီးထားတာ"

ထိုအခါမှ ကြီးကြပ်ရေးမှူးမျက်နှာက တစ်ဝက်တိတိ လျှော့ကျသွားရသည်။

"ဒီနေ့ မမရောက်မလာသေးလို့ မင်း ကံကောင်းသွားတယ်"

"ဟင် . . . မမ မရောက်သေးဘူး"

သူမ ခုမှ လုံးလုံးကြီး ပျော်သွားရတော့သည်။ မမဆိုသော သူမတို့ရဲ့အလုပ်ရှင် အိန္ဒြေမမသည် စည်းစနစ်ကြီးမားသူ၊ အချိန်ကို တိကျလေးစားသူဖြစ်သည်။



ဒါကြောင့် သူမနှင့် အမြဲထိပ်တိုက်ပင် တွေ့ကြရသည်။

အိန္ဒြေမမသည် တော်သူ သိသူ တတ်သူများကိုလည်း မြှောက်စားတတ်သူဖြစ်၍သာ သူမ သက်သာနေခြင်းပါ။

တစ်ခါက ဆွေးနွေးပွဲတစ်ခုတွင် သူမ နာရီဝက်တိတိနောက်ကျခဲ့ဖူးသည်။

ထိုဆွေးနွေးပွဲက သူမတင်ပြမယ့် အင်္ကျီဒီဇိုင်းသစ်က အဓိကဖြစ်နေပြီး သူမကိုယ်၌က နောက်ကျနေ၍ သူမကောင်းကောင်း အဆူခံခဲ့ရဖူးသလို ပေတလည်း အဖြတ်ခံခဲ့ရသည်။

ဆူတာလေးနဲ့ဆို သူမအတွက် မလုံလောက်တော့၍တဲ့လေ။

သူမက ဝါသနာအရင်းခံသော အလုပ်တစ်ခုဖြစ်နေ၍ ဘာမှပြန်မပြောခဲ့ပါ။

သူမကလည်း သူမပဲလေ။ သူမ မှားခဲ့သည်ကို။

သူမကို မမက ကောင်းကောင်းမှတ်ချက်ချခဲ့သည်မှာ သူ ... က ဉာဏ်ကောင်းလို့သာတဲ့။ နို့မဟုတ်ရင် သူမရဲ့အမူအကျ ... ကို လုံးဝမနှစ်သက်ပါတဲ့လေ။

သူမက ပါရမီအခံပါသူမို့ အကျီဒီဇိုင်းတွေ ရေးဆွဲ ... ရာမှာ တစ်မျိုးနှင့်တစ်မျိုး မထပ်ရလေအောင် အာရုံကွန့်မြူ ... လှသည်။ ဒါကြောင့်ပဲ သူမကို အိန္ဒြေမမက လက်မလွှတ် ... သည် ထင်ပါရဲ့။

သူမကလည်း သူမကိုဆို အဆုံးစွန်ထိ အနွံတာ ခံ ... သော အိန္ဒြေမမကို သံယောဇဉ်တွယ်နေရပါပြီ။ ဒါကြောင့် ဘယ်လောက်ဆူဆူ ဘယ်လောက်မာန်မာန် တည်မြဲနေ ... ခြင်းပင်။

သူမ အကျီဒီဇိုင်းတွေ အမျိုးမျိုးရေးဆွဲထားသော ... ဖိုင်တစ်ထပ်ကို အစီအစဉ်တကျ ပြင်ဆင်ပြီးသည်ထိ မမက ရောက်မလာပါ။

ဒါကြောင့် သူမက ထုံးစံအတိုင်း စားပွဲပေါ် မှောက် ... အိပ်ဖြစ်သွားပြန်သည်။



သူမ ဘယ်လောက်ကြာကြာအိပ်ပျော်သွားသည် ... သိ။ သူမစားပွဲကို တစ်ယောက်ယောက်က လာခေါက်မှ ... နိုးသွားရသည်။

"ဟင် . . . မမ"

"အိပ်မှာကြမ်းပိုးကိုက်တယ်နဲ့ တူတယ်"

"ဟုတ်တယ် . . . သြော် . . . မဟုတ်ဘူး . . . ညက ... ဒီဇိုင်းသစ်တွေ ဆွဲရင်း ညဥ့်နက်သွားလို့"

"ဒီဇိုင်းသစ်က ညတိုင်းဆွဲတာလား"

သူမက ကြောင်အမ်းအမ်းနှင့်ပင် ဖွတ်ခေါင်းညိတ် ... ပြလိုက်သည်။

"သြော် . . . ဒါတောင် တစ်ပတ်တစ်ခါ ဒီဇိုင်းသစ် ... တွေတင်ဖို့ ပြောရင် နေ့ရွှေ့ညရွှေ့နဲ့"

"အဲ့ဒါက . . . ဟို . . . "

"ဟိုတွေ ဒီတွေ ရှာကြံအကြောင်းပြမနေနဲ့။ ဒီဇိုင်း ... ဆွဲထားတဲ့ ဖိုင်ယူခဲ့"

ဟုဆို၍ ရှေ့မှသွားလိုက်၍ သူမက အိပ်ချင်မူး

တူးပင် မမနောက်မှ ပြေးလိုက်သွားလိုက်သည်။

ဘယ်ဒီဇိုင်းက ဘာပုံထွင်မှာ ဘယ်ဒီဇိုင်းပုံတွေက ဘာတွေ ဘယ်လို လိုအပ်တယ်။ ဘာတွေထပ်ဖြည့်စွက်မယ် တွေကို အချင်းချင်းညှိနှိုင်းလိုက်ကြပြီး အဆင်ပြေသွားတော့ မှ သူမက ဖိုင်တစ်ထပ်ကို ကိုင်ကာ မမနောက်မှ ထပ်ကြပ် မခွာလိုက်ပါရတော့၏။

ဒီနေ့တစ်နေ့လုံး သူမက မမနောက်လိုက်ပြီး ခြေ တိုအောင် လျှောက်ရပေတော့မည်ဖြစ်သည်။

အခု သူမတို့ဦးတည်ရာနေရာမှာ အထည်ချုပ် စက်ရုံသို့ဖြစ်သည်။

သူမက မမရဲ့စက္ကူထရီတစ်ယောက်လို ညီမတစ် ယောက်လိုလည်း ဖြစ်နေတာကြောင့် မမနောက် အမြဲ တကောက်ကောက်ပင်။

မမက ဉာဏ်ကောင်းပြီး ပါရမီအခံရှိတဲ့ သူမကို ဒီဇိုင်းဆန်းလေးများလည်း ဆွဲနိုင်းတတ်ပြန်သေး၍ သူမမှာ ဒီဇိုင်နာလား၊ စက္ကူထရီလားပင် မပြောတတ်တော့။



သေရာသည်က အစ်မလိုလို အလုပ်ရှင်လိုလို မမ ရဲ့ အပါးတော်မြဲဖြစ်နေရခြင်းသာပါ။

"အဓိက ဆရာခေါ်တယ်"

ဟု လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတစ်ယောက်က သတင်းပေး၍ သူမက ဆရာ့ရဲ့ရုံးခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

"ဆရာ ခေါ်ပါသလား"

ဟု ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်လိုက်သည်တွင်၊

"ဪ . . . အင်း . . . ထိုင်ပါ"

"ဟုတ်ကဲ့"

သူမက မျက်နှာချင်းဆိုင်ခုံမှာ ကျုံ့ကျုံ့လေးနှင့် ကျနေ့ရရ ဝင်ထိုင်လိုက်သည်။

"ဒီလို ကိုယ့်မိတ်ဆွေက အကူအညီတောင်းတယ်။





...ဒါ အဓိကနဲ့ပဲ သင့်တော်မယ်ထင်လို့"

"ဟုတ်ကဲ့"

"အဓိကက ပြင်သစ်စကားကို ကျွမ်းကျင်တယ်။ ...ဆက်ဆံရေး ပြေပြစ်တယ်။ ဒါကြောင့်ပါ။ သူတို့က လုပ်ငန်း ...အတွက် စကားတွေပြောကြမှာကြောင့် ဆက်ဆံရေးပြေပြစ် ...သူကမှ အဆင်ပြေမှာလေ"

"ဟုတ်ကဲ့ . . . ပြောပါဆရာ"

"အဲ့တော့ မနက်ဖြန်ကို အဓိကက လေယာဉ်ကွင်း ...မှာ ညှိသည်သွားကြိုရလိမ့်မယ်၊ လာမယ့်ပြင်သစ် လင် ...မယားက နေမင်းကုမ္ပဏီကြီးရဲ့ သော့ချက်ဖြစ်တာကြောင့် ...ရှုတစိုက်ရှိစေချင်တယ်"

"နေမင်း . . ."

သူမ ဒီနာမည်ကို ကောင်းကောင်းသိနေတာပေါ့။ ...သိပ်နာမည်ကြီးတာကိုး။

"ဟုတ်တယ် . . .နေမင်းပါ။ နောက်နာရီဝက်ကြာ ...ရင် နေမင်းကုမ္ပဏီရဲ့ MD နေမင်းခေါင်ခေါင်နဲ့ ချိန်းထား

တယ်။ အဲ့ဒါ အဓိကက ကိုယ်ကြောင်းလမ်းတဲ့ကိစ္စ လက်ခံရင် နေမင်းခေါင်ခေါင်နဲ့ မိတ်ဆက်ပေးချင်ပါတယ်"

"ကျွန်မ တစ်ထိုင်တည်းဆုံးဖြတ်ပါ့မယ်။ ကျွန်မ လက်ခံပါတယ်။ အပြင်ထွက်ဖို့အတွက် အဆင်သင့်ပြင်ထားပါ့မယ်"

"အိုကေ . . . ဒါဆို အဆင်ပြေတာပေါ့"

"ဒါဆို ကျွန်မ အခု လုပ်လက်စတွေကို ကော . . ."

"ရတယ် . . . အရေးမကြီးပါဘူး။ နေမင်းခေါင်ခေါင်ကိစ္စ အဆင်ပြေဖို့ပဲ အဓိကပါ"

"ဟုတ်ကဲ့ . . . ခွင့်ပြုပါဦး ဆရာ"

ဟု နှုတ်ဆက်၍ အခန်းပြင်ထွက်ခဲ့ရပေမယ့် သူမစိတ်ထဲ မတင်မကျရယ်ပါ။

နေမင်းခေါင်ခေါင် ဒီလိုနာမည်မျိုးကို သူမ ဘယ်မှာ ကြားဖူးခဲ့ပါလိမ့်။

စဉ်းစားမရပါ။

သူမစိတ်ထဲ နည်းနည်း သံသယဖြစ်မိသည်။



သာမန်အားဖြင့် ကိုယ့်တစ်ဖို့တည်း ကြည့်တတ်ဆရာက အခုတော့ နေမင်းခေါင်ခေါင်ဆိုတဲ့ ပုဂ္ဂိုလ်ကိုားပေးလို့ပါလား။

ဒီလောက်ဆိုရင် ဒီနေမင်းခေါင်ခေါင်ဆိုတဲ့ပုဂ္ဂိုလ် ပေါ့သေးသေးတော့ မဖြစ်နိုင်ဟု တွေးပစ်မိသည်။

ဆရာက အချိန်တိကျသူပီပီ နောက်နာရီဝက်တိမှာ ရုံးခန်းထဲက ထွက်လာသည်။

သူမကိုလည်း ခေါင်းညိတ်ပြတာကြောင့် သူမက ဖော်ကိုင်ဖက်များကို နှုတ်ဆက်၍ ဆရာ့နောက် အပြေး လိုက်ခဲ့လိုက်သည်။

ခမ်းနားကြီးကျယ်သည့် နေမင်းအင်ပါယာသို့ ရောက်ရှိချိန်မှာတော့ သူမ အံ့ဩသွားရသည်။

ဆရာသွားရာနောက် သူမက တကောက်ကောက် ကိုက်နေတာကြောင့် နောက်ဆုံးမှာ ဆရာဝင်သွားရာ မှန်ပြည့်ကာရံထားသော အခန်းငယ်လေးထဲ ဝင်သွားရသည်။

အခန်းထဲရောက်တော့ ဖုန်းပြောနေသော ကိုလူ

ချောကို တွေ့လိုက်ရ၍ သူမ မှင်တက်သွားရသည်။

ဟုတ်ပါတယ်။ သူပါပဲ။

သွားတက်ကလေးတွေရော၊ အပြုံးလေးတွေရော။

ဒါ . . . ဒါဆို သူက နေမင်းခေါင်ခေါင်ပေါ့။

သူဌေးပေါ့ . . . ဟား . . . ပျော်လိုက်တာ။

သုံးခါဆက်တိုက် မထင်မှတ်ဘဲ ဆုံရတော့ သူမတို့ သုံးယောက်ထဲမှာ သူမကပဲ ဖူးစာရှင်ပေါ့။

သူမ ရှာရှာကြံကြံတွေးမိကာ ပျော်ရွှင်မိပါတော့သည်။



သူမက ဒီနေ့မှ ထူးထူးခြားခြား ပျင်းနေမိတာမို့ ပန်းချီလည်း မဆွဲဖြစ်သလို စာလည်း မရေးဖြစ်။ ဒါကြောင့် အခန်းတံခါးပိတ်ကာ နေရာတစ်ခုခုဆီသို့ ခြေဦးတည့်ရာ ထွက်လာခဲ့လိုက်သည်။ သူမစိတ်ကပဲ ခြောက်သွေ့ပျင်းရိနေ၍လားမသိ။ လမ်းတစ်လျှောက်လုံးမှာလည်း ပျင်းရိဖွယ်ရာများနှင့်သာ ပြည့်သိပ်နေသည်။

သူမ ဘာကြောင့်ပျင်းနေရတာလဲ။

အဖြေရှာကြည့်မိလိုက်သည်။

အချစ် . . . သူမက အချစ်ဝတ္ထုတွေ ရေးနေပြီးမှ အချစ်မရှိလို့ကိုး။

ဟုတ်တယ်။ သူမ အချစ်ကိုရှာရမယ်။

စိတ်ကူးယဉ်တယ်ဆိုတာ အချစ်ကလေး နည်း နည်းဖြည့်စွက်ပါဝင်ပေးကာမှ သူမရဲ့ထွင်လုံးတွေက ပီပြ လာလေတော့မပေါ့။

ဟုတ်ပြီ။ အချစ်ကိုရှာဖွေရမယ်ဟု တွေးကာ ငိုင်နေရာမှ ထရပ်လိုက်သည်တွင် ဖြုန်းဆိုပြန်ထိုင်ချလို ပြန်သည်။

အချစ်ဆိုတာ ရှာဖွေနေစရာမှ မလိုတာ။ သူ့အ လို ရင်ထဲကို ကိန်းအောင်းရောက်ရှိလာတာမျိုးလို့ သူမ ဝတ္ထုတွေထဲမှာ ဖော်ကျူးခဲ့ဖူးတာ မဟုတ်လား။

သူမတွေးခေါ်မရဖြစ်သွားစဉ်မှာပင် ပြန်ထရပ် သွားပြန်သည်။

ကိုယ်ကလည်း ကြိုးပမ်းအားထုတ်ရလေမပေါ့ဟု တွေးမိလိုက်ခြင်းကြောင့်ပါ။

သူမအတွေးတစ်ခုနှင့်အတူ လန်းဆန်းစွာ ထရပ် လိုက်မိတော့သည်။



လူငယ်တွေ တော်တော်များများ သွားလာလှုပ်ရှား နေတတ်သည့် ကန်ဘောင်ပေါ်မှာ အချစ်ကို ဘယ်လိုရှာရှာ မတွေ့ရှိပေ။

နောက်ဆုံးတော့ သူမ စိတ်မရှည်စွာပင် ပျင်းရိထုံ ထိုင်းသွားရတော့၍ လမ်းမကြီးအတိုင်း ပလက်ဖောင်းပေါ် လမ်းလျှောက်နေမိသည်။ ထိုစဉ် တီကောင်လေးနှစ်ကောင် က လှုပ်လီလှုပ်လဲ့နှင့် ရေအိုင်သေးလေးထဲ လူးလွန့်နေ သည်။ သူမ ထိုတီကောင်လေးတွေကို ကြည့်ရင်း ဖျတ်ခနဲ အတွေးသစ် ဝင်သွားမိသည်။

ဒါကြောင့်ပင် လွယ်အိတ်ကြီးကြီးထဲမှ စုတ်တံနှင့် စက္ကူဖြူကြီးကို ထုတ်ကာ လမ်းဘေးမှာပင် ထိုင်ပြီး ပန်းချီ ဆွဲဖြစ်သွားသည်။

သူမပုံက ရှူးကြောင်မူးကြောင်နိုင်လှတာမို့ ဖြတ် သွားဖြတ်လာများက ကွက်ကြည့် ကွက်ကြည့် ကြည့်သွားကြ သည်။

သူမက ကိုယ်လုပ်ချင်ရာကို လုပ်နေရရင် ကျေနပ်

နေသူမို့ မည်သူကိုမှ ဂရုမစိုက်မိ။

မကြာခင်မှာပဲ သူမဆွဲနေသောပုံလေးမှာ ပီပြ

လာ၍ သူမက ကျေကျေနပ်နပ်ကြီး ပြုံးနေမိစဉ် . . .

"ဘွမ်း"

ခနဲအသံကြောင့် သူမရဲ့ပျော်ရွှင်ကမ္ဘာလေး ပျက်

သုဉ်းသွားရသည်။

ဒါ ဘာလုပ်တာလဲ။ ဘာသံဘောလဲ။

သူမရင်ထဲမှန်းဆမကြည့်နိုင်တော့။ ရေတစ်ဝက်

ရွှံ့တစ်ဝက်နှင့် ပေကျံနေသော အသစ်စက်စက် ပန်းချီပုံလေး

ကိုသာ ငေးကြည့် ..မိတော့သည်။

ထိုဖြစ်ရပ်၏ တရားခံကားလေးမှာ နောက်သို့တစ်

လိုမ့်ချင်းဘက်ပြန်ဆုတ်လာကာ . . .

"ဆောရီးပျာ"

ထိုအသံက နူးညံ့ညင်သာပြီး ရိုကျိုးမှုအပြည့်ရှိပေ

မယ့်လည်း သူမရင်ထဲ ဘယ်လိုမှ မကြည်ရွှင်မိ။

ထိုအသံရှင်ကိုသာ လက်သီးနဲ့ပစ်ထိုးလိုက်ချင်မိ



တော့သည်။

သူမက အနုစိတ်လက်နဲ့ပုံဖော်ထားခဲ့သည်ကို

ညင်ညမ်းသောအရောင်တို့ ဆိုးပစ်သောကြောင့်ပင်။

သူက ဆောရီးပျာလို့ ပြောပေမယ့်လည်း သူမက

လန်ကျဲလေးဗီဗီ ရပါတယ်ဟုလည်း ဘယ်လိုမှ မပြောဖြစ်

နိုင်။

"ရှင်တို့လို လူတန်းစားတွေဟာလေ လုပ်ချင်ရာ

လုပ်ပြီး . . . ဟင် . . . ရှင် . . ."

"ဗျာ"

သူမကလည်း စကားတစ်ဝက်နှင့် ရပ်တန့်သွားရ

သလို သူကလည်း မှင်တက်စွာ သူမကို ကြည့်နေဖြစ်ပါ

သည်။

သူမတို့နှစ်ယောက်လုံးက အကြည့်အားဖြင့်ကာ

ငြိသက်နေကြတော့၏။

သူမရဲ့ရင်ထဲမှာတော့ . . .

တိုက်ဆိုင်လိုက်တာ.. ပထမတစ်ခေါက် တိုက်

ဆိုင်။ ဒုတိယတစ်ခေါက်ဆိုတိုက်ဆိုင် အခုဆို တတိ

အကြိမ်။ ဒါဆို သူမတို့သုံးယောက်ထဲမှာ သူမက ဖူးစာ

ပေါ့။ ဒါအချစ် . . ဒါအချစ်ပဲပေါ့။

အချစ်က သူမရှေ့မှောက် ရောက်ရှိနေပြီ။ သူ

ဘာလုပ်ရပါ့မလဲ။

အခုလိုတွေ့တွေ့ဆိုင်ဆိုင်ကျပြန်တော့လည်း သူ

ဘာမှမသိတတ်ပြန်တော့။

"ကျွန်တော်ကလေ သတိမပြုမိလိုက်ဘူး။ တကယ်

ဆောရီးဗျာ . . . ဒါနဲ့ ဒီက . . ."

"သာမညပါ"

"မသာမညက ဘာထိုင်လုပ်နေတာလဲ"

"ပန်းချီထိုင်ဆွဲနေတာ"

"ပန်းချီ"

"အင်း . . . ကြုံရင်ကြုံသလို စိတ်ကူးပေါက်ရင် လု

နေကျလေ"

"ပန်းချီပုံကို ကျွန်တော် ခဏကြည့်လို့ ရမလား"





ဟု သူက ရိုကျိုးစွာပြောလာ၍ သူမက လက်ထဲမှ

ပြနေသော ပန်းချီပုံကို လှမ်းပေးလိုက်သည်။

သူမ ဘယ်လိုဖြစ်သွားရတာလဲ။ သူမ ဒေါသဖြစ်

နေတာလေ။ ရန်တွေ့ရမှာလေ။ အခု ဘာဖြစ်သွားရတာလဲ။

သူမ အချစ်မှိုင်းမိသွားပြီလား။

"အင်း . . . မသာမညရဲ့ပန်းချီက မော်ဝင်တယ်။

ပန်းချီပြပွဲလုပ်ကြည့်ပါလား"

"ရှင်"

"ပန်းချီပြပွဲလုပ်ရင် အောင်မြင်နိုင်တယ်"

"ရှင်"

"ကိုယ့်မိတ်ဆွေတစ်ဦးရှိတယ်။ သူက ပန်းချီဆရာ

လေ။ ပန်းချီပြပွဲ ခဏ ခဏ လုပ်ဖြစ်တယ်"

ထိုစကားမှာတော့ သူမ အားတက်သွားမိပါတော့

သည်။ သူမလည်း ပန်းချီပြပွဲလေးတော့ လုပ်ချင်မိခဲ့တာ

မဟုတ်ပါလား။

အမျိုးသားချောချောလေးက သူမကို အကဲခတ်

သလို ကြည့်ပြီး အိတ်ကပ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူ လိုက်ပြီး . . .

"ဒါ ကိုယ့်ကတ်ပါ"

သူပေးလာသော လေးထောင့်စက္ကူပြားအဝါလေး ကို သူမက ယောင်နနနှင့် ယူကြည့်မိလိုက်သည်။

"နေမင်းခေါင်ခေါင်"

"မင်း ဆန္ဒရှိရင် ဆက်သွယ်လိုက်ပေါ့။ ကိုယ် မင်းကို ကောင်းကောင်းဂရုစိုက်ပေးနိုင်တယ်။ ဟုတ်ပြီလား"

ဟုပင် သူမကို ပြုံးတုံ့တုံ့လေးပြောကာ ကားပေါ် ပြန်တက်သွားပြန်သည်။

သူမ ဘာလုပ်ရမှာလဲ။ မသွားနဲ့ဦးဟု ပြောရမှာ လား။

ဒါမှမဟုတ် ဖုန်းဆက်လိုက်မယ်လို့ ပြောရမှာလား။

သူမ ဘာမှမတွေးနိုင်ခင်မှာပဲ ကားလေးက မြင် ကွင်းမှ ပျောက်ကွယ်သွားခဲ့ပါပြီ။

"နေမင်းခေါင်ခေါင်"



ရေရွတ်လိုက်မိသည်။

သူမ ဒီနာမည်မျိုးကို ဘယ်မှာများကြားဖူးခဲ့ပါလိမ့်။

ဘယ်လိုမှ စဉ်းစားမရပါ။

စဉ်းစားကြည့်လို့ရနေတာက ထိုလူနဲ့သာ ထပ်မံ ဆက်သွယ်ဖြစ်မယ်ဆိုရင် ပန်းချီပြပွဲတစ်ခု ဖြစ်မြောက်သွား မယ်ဆိုတာပါပဲ။

"နင်တို့ကို ငါ ဒီနေ့ပြောစရာပါလာတယ်။ နင်တို့ သိပ်အံ့သြသွားမယ်"

ဟု Night Cream လူးနေသော အဓိကက ကြော လျှင် . .

"ငါရောပဲ။ ငါ့စကားကြားရင် နင်တို့ ပိုအံ့သြလိမ့်မယ်။ မနာလိုတောင်ဖြစ်ဦးမလား:ဘဲ"

ဟု အင်္ကျီဒီဇိုင်းဆွဲနေသော သာဓကေက ပြုံးစိစိနှင့် ပြောလျှင် သာမညကလည်း အားကျမခံ။

"နင်တို့ နေမင်းခေါင်ခေါင်ဆိုတဲ့နာမည်ကို သိဖူးသလား"



"နေမင်းခေါင်ခေါင်"

ဟု အသံပြုကြီးနှင့်အော်ကာ သူမနားပြေးဝင်လာ ကြသည်။

"အွန် . . . နေမင်းခေါင်ခေါင်လေ။ ဒီနာမည်ကို ကြားဖူးသလိုရှိလို့ပါ။ မသိရင်လည်း ပြီးတာပဲ"

"အကဲပိုမ . . . အပိုတွေ ညာမနေနဲ့။ နင်လည်း နေ့ နေမင်းခေါင်ခေါင်နဲ့ ဆုံခဲ့ပြီ မဟုတ်လား"

"ဘာ . . . also ဒါဆို နင်လည်း နေမင်းခေါင်ခေါင် . . . ဟား . . . တိုက်ဆိုင်လိုက်တာကွာ။ ငါကတော့ ငါ ပေါက်ပြီလို့ ထင်နေတာ"

"ဘုရားရေ . . . နင်တို့ရော နေမင်းခေါင်ခေါင်ကို တွေ့ခဲ့ကြပြန်တယ်"

"နေမင်းခေါင်ခေါင်က ဟိုဘဝတုန်းက အလှူကြီး လှူခဲ့တယ်နဲ့တူတယ်"

"ဘာလို့တုံး"

"ဒီဘဝမှာ မိန်းမသုံးယောက်ရတော့မယ်လေ"

"အဲ့ဒါဆို ငါက အကြီးပဲဖြစ်မယ်"

"ဘာလို့တုံး"

"ငါက မနက်ခင်းတွေ့တာလေ"

"မဆိုင်လိုက်တာ။ ဒါဆို ငါက အငယ်ဆုံးပေါ့"

"အဲ့ဒါက နင့်ဟာ နင် သတ်မှတ်တာလေ"

"အရူးမတွေ လျှောက်ပြောမနေကြနဲ့။ နင်တို့ရဲ့ ပန်းတိုင်မှာ ယောက်ျားတွေနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး။ ငါက မှ ယောက်ျားကောင်းကောင်းနဲ့ အိမ်ထောင်ပြုချင်ခဲ့တာ နေမင်းခေါင်ခေါင်က ငှါရဲ့စုံတွေနဲ့ ကိုက်ညီတဲ့ရှားပါးသတ္တုပဲ"

"အံ့မယ် ... also နင် တစ်ဖို့တည်းကြည့်ပြီး မပြော နဲ့။ ငါက စာရေးဆရာမဟဲ့။ အချစ်ကလေးလည်း နည်းနည်း ပါကာမှ ပေါက်ကွဲသံစဉ်လေးလည်း ပီပြင်လာမှာလေ"

"ပေါက်ကွဲသံစဉ် ဟုတ်လား။ ဒါဆို အသည်းကွဲ တာပေါ့။ သွားပြီ ... အကဲပိုမ်ဖာတ်လမ်းရဲ့ နိဒါန်းကို မလု ရှာဘူး"

ဟု သာဓကက နိုးနိုးခစ်ခစ်ပြောကာ ရယ်နေလေရဲ့



သူမတို့သုံးယောက်လုံးက တစ်သက်နှင့် တစ်ကိုယ် ဒီတစ်ခါပဲ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး စကားရည်လုပြောကြခြင်းပင်။

"ဟွန်း ... ပြောလို့ပြောတာမဟုတ်ဘူးနော်။ အချစ်ကိုတော့ နဖူးတွေ့ဒူးတွေ့ တွေ့ဖူးချင်သား"

"ဟုတ်ပါ့ ... လူတွေ အလွယ်ပြောပြောနေကြတဲ့အချစ်က ဘယ်လိုအရသာရှိလဲ သိချင်မိတယ်။ ချိုလား၊ ချဉ်လား၊ ဖန်လား ... ဟီ ... ဟိ"

"အေးဟယ် ... ငါလည်း ယောက်ျားလေးတွေနဲ့သာ ဒီလောက်တွဲတာ အချစ်ဆိုတာကို မခံစားဖူးဘူး"

ဟု အဓိကက ခပ်ညည်းညည်းလေး ပြောလျှင် ကျွန်နှစ်ယောက်လုံးရဲ့ မျက်ဝန်းရွှဲကြီးများနှင့် ကြည့်ခြင်းကို ခံလိုက်ရသည်။

"ဘာလဲဟ"

"သေချာသလား also"

ဟုပင် မယုံသင်္ကာမေးမြန်းခြင်း ခံလိုက်ရပါသေး၏။

သည်။

"အင်း"

"ဒါဆို နင် မချစ်ဘဲ ဘာလို့တွဲလဲ"

"ချစ်မှတွဲရမှာလား။ သူတို့က ငါ့ကို ချဉ်းကပ်တယ်။ ငါက မရိုင်းတတ်သူမို့ အလိုက်သင့်လေး ပြောဆိုပေးတယ်။ သူတို့က ငါ့ကို လက်ဆောင်တွေဝယ်ပေးတယ်။ စားသောက်ထားသမျှလည်း အကုန်အကျခံတယ်။ ဘယ်လောက်... အဆင်ပြေသလဲ။ အခု နင်တို့ပဲ ငါ့ကားကို ကပ်စီးနေ... မဟုတ်လား"

"ဒါဆို နင်က မြူစားတာပေါ့နော်"

"အံမယ် ... အဲ့ဒီအသုံးအနှုန်းကြီးက ရိုင်းပါတယ်... ပေးတာကို မယူရင် စိတ်ဆိုးတတ်ကြတယ်လေ။ လူအများ... စိတ်ချမ်းသာစေချင်လို့ မယူချင့် ယူချင် လက်ခံထားရတာ"

"ဒါဆို နင်က သူများပေးတာကို ယူတော့ နင့်ဆီ... ရော သူတို့ဘာမှ ယူမသွားကြဘူးလား"

"ဘာလဲဟ ... ကြွက်သိုက် နင့်စကားကြီးကလဲ"





"နင်သိပါတယ်။ နင် ဖြေတတ်သလိုသာ ဖြေ။ ငါက ...တဲ့ပုံမလို နဘောတွေ ကာရန်တွေ စီရီမနေဘူး။ ဒွဲပဲ"

"ဟွန့် ... သူများကိုက ဆွဲထည့်သေးတယ်"

"ဘာယူလို့ရဦးမှာလဲ။ အဓိကပဲဟာ။ မိန်းမတွေက ...ဘာစွမ်းရင် ယောက်ျားတွေကို အကြည့်တစ်ချက်တည်းနဲ့ ...စားနိုင်တယ် ပေါက်လား"

"ဆရာကြီး ... ဆရာကြီး ... နင့်ကိုတော့ ငါ ...တယ် ဆရာတင်တယ် သိလား"

"ဒါပဲလေ။ သာမညနဲ့သာဓကက အဓိက မဟုတ် ...လေ"

"အရှုံးမ ပြောရင်း ဘဝင်က ခေါင်မိုးရောက်လာပြီ"

"ဒါပေမဲ့ ငါ တစ်ခုတော့ ဝန်ခံနိုင်တယ်"

"ဘာလဲ"

စိတ်ဝင်တစားနှင့် မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်း...တ်လာရသည်။

"နေမင်းခေါင်ခေါင်ကို တွေ့လိုက်ရချိန်မှာတော့

နည်းနည်းထူးဆန်းနေတယ်"

"အရှုံးမ . . . နင့်ကို ဟိုက သိနေတဲ့အမှုအရာပြ

လား"

"မဟုတ်ပါနဲ့ . . . အဓိကပါ။ သေချာတယ်။ သူ ငါ့

ကောင်းကောင်းမှတ်မိနေတယ်"

"အေး . . . ငါလည်း အဲ့ဒါပဲပြောချင်တာ။ သူ့

အကြည့်က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတည်းက ရင်းနှီးနေ

သလိုပဲ"

"ဒီအကဲပိုမက တစ်မျောင့်"

"တကယ်ဟ"

"ငါကတော့ ဝန်းဦးဖောက်ကို ရန်ထဖြစ်ရတာပဲ

တကတည်း စွာလိုက်တာ။ ဒါပေမဲ့ သန့်တယ်ကွ။ ရည်းစာ

လေးသာတော်လိုက်ရလို့ကတော့ အတော်နပ်မှာ"

"ရုပ်ကိုက ကျွဲသူနိုးမိတဲ့ရုပ်နဲ့"

"ဘာကျွဲသူနိုးလဲ"

"ဟုတ်တယ်လေ . . . နိုးတာကမှ ကျွဲသတ္တဝါပါဆို

●———ထွူးေသာ———●



က်လုံးက ပြူးသေး၊ နှာခေါင်းက ပွသေး၊ သူနိုးလည်းမိ

ကြ်ရော မျက်လွှာလေးချလို့ နှုတ်ခမ်းလေးထော်နေတာ"

"ဟား . . . ဟား"

သာခကကို အဓိကက ချွတ်လိုက်သမျှ သာမည

ဒိုင်ခံရယ်နေတတ်သည်။

"နင်ကရော also ကို တစ်ခါတစ်ရံလို့ ပြန်တာ

ကျဘူးလား"

"ဘာဆိုင်လို့လဲ။ အခုကိစ္စနဲ့ နည်းနည်းမှ မအပ်စပ်။

သာဆီနဲ့အီး"

"ဆိုင်ဆိုင် မဆိုင်ဆိုင် နိုင်တဲ့ခဲနဲ့ ဝင်ထုမှာပဲ"

"အဲ့ဒါက ငယ်တုန်းက။ အခု ငါ တိုးရစ်ဂိုက်ဖြစ်နေ

ကြိုက်တာလာခဲ့ အေးဆေးပဲ။ နင်သာ ခေါင်းပုံမှန်ဖြီး

တ်သိုက်"

"အဲ့ဒီနာမည် လူရှေ့သူရှေ့ခေါ်လို့တော့ နင့်ကို ရှူး

တယ်လို့ ပြောကြမှာပဲ။ ဒီလောက်တောင် စိုအိလှပနေတဲ့

နှယ်ကို နင့်မို့ မညှာမတာ"

●———ထွူးေသာ———●

"တော်ကြပါတော့ဟယ်။ နင်တို့နှစ်ယောက်

လည်း သီပေါမင်း လေးဖက်မထောက်ခင်က ဖြစ်ရပ်တွေ

ရေနွေးပူထဲ ထည့်စိမ်မနေကြနဲ့"

"အကဲပိုမ"

"ပိုကိုပိုတယ်"

ဟူသော ထောပနာပြုသံသာ ထွက်ပေါ်လာ

သည်။





"သာကေနဲ့ ဒီနေ့ ဆွေးနွေးစရာတစ်ခုရှိတယ်" ဟူသော မမရဲ့ စကားလုလုလေးကြောင့် သူမ စိုးရိမ်သွားရသည်။ သူမကို မမက ဒီလိုစကားလုလုလေးနဲ့ ကွန့်ညွှန့်လာရင် အလုပ်တွေ တနင့်တပိုးကြီး နိုင်းပစ်တော့မှာပဲ မဟုတ်လား။

သူမက အပျင်းကြီးသူလေ။

သို့ပေမယ့် သူမကလည်း သူဆန်စား ရဲရတော့မှာပဲမို့ မမရဲ့အမိန့်တော်အတိုင်း မှန်အပြည့်ကာထားသော အခန်းငယ်လေးထဲသို့ ဝင်လာသည်တွင် ဆုံလည်ခုံပေါ်တွင် မိန့်မိန့်ကြီးထိုင်နေသော မမကို ဘွားခနဲတွေ့လိုက်ရသည်။

သူမက ပြုံးဖြီးဖြီးလေးနဲ့ မမကို နှုတ်ဆက်သလို ကြည့်လိုက်သည်။

"ထိုင်ပါ . . . သာခေ။ အေးဆေးပေါ့"

"ဟုတ်ကဲ့"

"သာခေက ပါရမီရှိသူဆိုတော့ သာခေဆီက အကြံဉာဏ်တစ်ခုကို ရယူချင်ပါတယ်။ အကယ်၍ ဆန္ဒရှိမယ်ဆိုရင်တော့ အလုပ်တစ်ခုကို ကမ်းလှမ်းချင်ပါတယ်"

"ပြောကြည့်ပါ မမ"

"အကြောင်းအရင်းမပြောခင်။ အရင်ကြိုပြောထားချင်တာကတော့ အခု မမပြောမယ့်ကိစ္စကို အလေးအနက် စဉ်းစားစေချင်တယ်။ အကယ်၍ သာခေသာ ကြိုးစားခဲ့မယ်ဆိုရင် နာမည်ကျော်ကြားတဲ့ ဒီဇိုင်နာတစ်ယောက်ပါ ဖြစ်သွားနိုင်တယ်"

သူမရင်ထဲ ဟုတ်ခနဲဖြစ်သွားရသည်။

ဒါ သူမကို သနားငဲ့ညှာသောအားဖြင့် နတ်စုတ်နတ်ပဲ့က ဖန်တီးပေးလိုက်တာလား။





"မမရဲ့မိတ်ဆွေက ရှော့ပင်းမောလ်တစ်ခုကို တိုးချဲ့ဖွင့်တယ်။ အဓိကတင်သွင်းတဲ့ ကုန်စည်ကတော့ ပိတ်အုပ်တွေနဲ့ အထည်အလိပ်တွေပဲ။ အဲ့ဒီလောက်ဆို မင်း သဘောပေါက်မှာပါ"

"ဟုတ်ကဲ့ . . . ဘယ်လိုအခွင့်အရေးမျိုးလဲ"

"မော်ဒယ်လ်တွေအဖြစ် နာမည်ရ မင်းသမီး (၅) ဦးပါမယ်။ ဒါပြီး နာမည်ရှိတဲ့ မော်ဒယ်လ်အချို့ပါမယ်။ အဲ့ဒီအတွက် သူက မမကို ညှိနှိုင်းတယ်။ မမကလည်း ကျွမ်းကျင်တဲ့ ဒီဇိုင်နာတွေထားတယ်ဆိုပြီး လက်ခံလိုက်တယ်။ မမ မင်းအရည်အချင်းကို ယုံတယ်။ ဘယ်လိုလဲ"

"ရှင် . . . ဟို . . . သာခေ"

"ယုံပါတယ်ဆို။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ထားပါ။ လိုအပ်တာကိုပဲ မမက ပံ့ပိုးချင်တယ်"

"ဒီအခွင့်အရေးကို သာခေ ယူလိုက်ရင် မမကို အားနာတယ်"

"မမကိုယ်တိုင်က ကြောင်းလမ်းတာပဲ။ မမရဲ့

လုပ်ငန်းကြီးလည်ပတ်နေတာ မင်းရဲ့အကူအညီတွေ ကေ
တော်များပါတယ်။ မမကလည်း မင်းဘဝကို ဖွင့်ပေးခ
တယ်။ ဒါ မမရဲ့စေတနာသက်သက်ပါ"

"ကျေးဇူးတင်ပါတယ် မမ။ သာဓက အစွမ်းကု
ကြိုးစားပါ့မယ်"

သူမ အားကြိုးမာန်တက်ပြောပစ်လိုက်သည်။

လူတစ်ယောက်ဟာ ဦးတည်ချက်မဲ့ ပရမ်းပတာ
လျှောက်လှမ်းနေမယ့်အစား ဦးတည်ချက်တစ်ခုနဲ့ မျှော်လ
ချက်ရေးရေးလေးရှိလာခဲ့လျှင် ပို၍ တက်ကြွသွားတတ်
သည်။ အခုလည်း သာဓကက အောင်မြင်မှုတစ်ခုကို တက်
လှမ်းချင်မိသွားသည်။

သူမက သူမကိုယ်သူမ ဘာလုပ်ရမယ်၊ ဘာဖြ
ချင်ခဲ့တာပဲဆိုတာမျိုး ကိုယ့်ကိုယ်ကို တစ်ခါမှ မဆန်းစစ်
ဖူးပါ။

အရွယ်ရောက်လာတော့ သူငယ်ချင်းတွေကြားမှာ
ကန့်လန့်ကန့်လန့် လိုက်ပြီး စားဝတ်နေရေးအတွက် အားကု





မခဲ့ တွေ့ရာအလုပ်ကို လုပ်ဖြစ်သွားရာက မမရဲ့ဘော်ဒီကတ်
လိုလို အထည်ချုပ်စက်ရုံရဲ့ ဒီဇိုင်နာလိုလို ဖြစ်လာရသည်။

အခုတော့ အတွေ့အကြုံရင့်ကျက်ပြီး စီးပွားရေး
မျက်စိရှိတဲ့ မမက သူမကို ဒီဇိုင်နာကောင်းတစ်ယောက် ဖြစ်
လာနိုင်သည်တဲ့လေ။

တွန်းတင်လိုက်သော မမရဲ့လက်ကို အားနာပါးနာ
နှင့် နင်းကာ တက်လှမ်းပေးရဦးမည်။

အထင်ကရ လူအများကြားမှာ အရှက်မကွဲရလေ
အောင်တော့ ကြိုးပမ်းရဦးမှာပဲလေ။ ဟွန်း . . .လောကကြီး
ဟာ ပျင်းစရာကောင်းလိုက်တာနော်။

"ဟော့ . . . ငါသာ ဒီဇိုင်နာဖြစ်သွားရင် ငါ့ဘဝ ဘယ်လိုဖြစ်သွားမလဲ . . . ဟီး . . . ဟီး . . . ဒီဇိုင်နာဖြစ်သွားရင် နိုင်ငံခြားကို ရှော့ပင်ထွက်ရတော့မှာပေါ့နော်"

"အရူးမ . . . ဆေးမှားစားခဲ့ပြီနဲ့တူတယ်"

"ဟုတ်ပ . . . ဘယ်သူက မြှောက်ပေးလိုက်ပြီလဲ မသိဘူး"

"အံမယ် . . . နင်တို့က ငါ့ဆို သိပ်အထင်သေးတာပဲ။ မကြာမီ . . . လာမည် . . . မျှော်။ မကြာခင် ငါ ဒီဇိုင်နာဖြစ်တော့မယ်"

"ထွင်လုံးတွေ"



"မယုံပေါင်"

သူမ ငိုင်သွားရသည်။ သူမကိုများ အထင်တကြီး ကြည့်ကြလေမလားဟူသော မျှော်လင့်ချက်ရေးရေးက ဘယ်ဆီ လွင့်ပျယ်သွားမှန်းပင် မသိနိုင်တော့။

သူမ ခံယူချင်တာက လူတွေ အများစု အထင်ကြီး ခံရတာထက် သူငယ်ချင်းမနှစ်ယောက်ကပဲ သူမကို အထင်ကြီးစေချင်သည်။

ခက်နေတာက လောကမှာ သူမတို့သုံးယောက် လုံးက တစ်ယောက်ကို တစ်ယောက် အထင်မကြီးကြခြင်း ပင်။ ဒါကလည်း အပြစ်ဟုမယူဆနိုင်။ အကြောင်းသိတွေ လေ။

"နင်တို့ဟာ နင်တို့ ယုံချင်ယုံ မယုံချင်နေ။ ငါ အခု ဒီဇိုင်းပုံလှလှလေး ဆွဲရဦးမယ်။ ရှိုးပွဲအတွက် အနုစိတ် ပြင်ဆင်ရမယ်လေ။ ရှိုးပြမယ့်လူတွေကလည်း နယ်နယ်ရရမှ မဟုတ်တာ။ နာမည်ကြီးမင်းသမီးတွေနဲ့ ဆုရမော်ဒယ်လ် တွေပဲ"

ဟုပင် ခပ်ညွှန့်ညွှန့်လေး မထိတရိပြောသွားမြန် သေးသည်။

ကျန်နှစ်ယောက်လုံးက သူမကို နှာခေါင်းရှုံ့၍သာ ကြည့်နေကြတော့သည်။

"ဪ . . . ဒါနဲ့ အကဲပိုမ နင်က ပန်းချီဆရာမ ဆိုတော့ ငါနဲ့လုပ်ငန်းချင်း နီးစပ်တယ်။ နင့်ဆီကလည်း နည်း နည်းပါးပါး အကြံဉာဏ်ယူမှဖြစ်မယ်။ ဒါ ပွဲကြီးပွဲကောင်းဟ"

သာမညက နောက်ဆုံးစကားကို အမြင်ကပ်မိပါ သော်လည်း ပန်းချီဆရာမဆိုသော အရှေ့ဆုံးစကားကြောင့် ပီတိလေးတစ်မျိုး လွှိက်ခုံလာကာ ဆရာမကြီးဂိုက်အပြည့် ဖမ်းလိုက်သည်။

"အေး . . . အနုပညာဆိုတာ အနုစိတ်ဆန်တာ ပို ကောင်းတယ်"

"အေးဟ . . . ငါက အကျီဒီဇိုင်းကို ပညာသားပါပါနဲ့ မော်ဝင်အောင် ဖန်တီးချင်တာ။ ငါ့အတွေးက သိပ်မြင့်နေ တော့ နင်လိုက်လို့မီမှာ မဟုတ်ပါဘူး။ also နဲ့ပဲ တိုင်ပင်တော့





မယ်။ also ကမှ တကယ်ဉာဏ်ရည်မြင့်တာ။ ပုံစံကို ကြည့်ပါ တော။ အလန်းစားလေး"

သာမကေစကားကြောင့် ဆရာမကြီးလုပ်ချင်မိသွား သော သာမည ခေါင်းလေး လျှို့ဝင်သွားရကာ သာမကေရဲ့ ...မို့လုံးမှာ ဒလိမ့်ခေါက်ကွေး လူးလိမ့်အောင် ခံ...ိုက်ရသည်။ ...အောင့်သက်သက်နဲ့ စံရခက်လွန်းတာကြောင့် သာမကေတို့ ကို လုံးဝဂရုမစိုက်တော့ဘဲ မျက်စောင်းကြီးရွယ်ကာသာ ကြည့်ပြီး မိမိရဲ့စုတ်တံကို ကိုင်ကာသာ ဆွဲလက်စပန်းချီကား ကို ပြုပြင်နေလိုက်သည်။

အခုတော့ သာမကေရဲ့မြှောက်ပင့်လုံးကြီးတွေမှာ ခံရတော့မယ့်လူဟာ အဓိက ဖြစ်လာရတော့သည်။

"ဘယ်လိုလဲ also နင်ငါနဲ့တူတူ ဒီဇိုင်းဆွဲမလား"

"ငါ မအားဘူး။ ရှုးကြောင်မှုးကြောင်အလုပ်တွေကို လည်း စိတ်မဝင်စားဘူး။ နင် ဒီဇိုင်နာဖြစ်လာမှပဲ ပီတိ ပိုင်း ဖြစ်ပေးမယ်။ အလကားတွေ"

အဓိကရဲ့ ပြောင်ကျကျစကားမှာတော့ သာမကေက

ငယ်ထိပ်မြွေပေါက်သလို ခံပြင်းသွားရပြီး သာမညကတော့ ကြိတ်ရယ်ဖြစ်သွားသည်။ ကောင်းတယ် . . . ခံပေါ့။ ငါ့ကို ကွတ်သလို အမိကကို ကွတ်လို့ရလေမလား။ သနားတယ် သာခေကရယ် . . . ခံ။

"ဟွန်း"

သာခေကထံမှ စိတ်ဆိုးမာန်မဲသံကိုသာ ကြားလိုက်ရပြီး အားလုံး အလုပ်ကိုယ်စီနှင့် ဖြစ်သွားရပြန်သည်။

သာမညကလည်း ပန်းချီပြပွဲတစ်ခုဖြစ်ဖို့အတွက် အာရုံတွေအားလုံးကို ပန်းချီကားမှာ ပုံအောထားသလို၊

သာခေကကလည်း ခံပြင်းစိတ်နှင့် ဒီဇိုင်နာဖြစ်ရေးအတွက် ဒီဇိုင်းတွေကြား လုံးပန်းနေ၏။

အမိကကျပြန်တော့လည်း မြန်မာပြည်ကို ရောက်လာမယ့် ပြင်သစ်လူမျိုးတွေနှင့် နေမင်းခေါင်ခေါင်တို့ ဆွေးနွေးပွဲ အဆင်ပြေချောမွေ့စေရန် စီးပွားရေးဂျာနယ်တွေကို ဖတ်လိုက်၊ ဘာသာစကားကို ပြန်လေ့လာလိုက်၊ ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်လိုက်နှင့်မို့ သုံးယောက်လုံး အာရုံ





ကိုယ်စီတွေနှင့်ပင်။

အခုတော့ သူမတို့ဘဝတွေ ကိုယ်စီတွင် ရည်မှန်းချက်တွေ အသီးသီးရှိနေကြပြီဟု ဆိုနိုင်ဖွယ်ပင်။

ထိုရည်မှန်းချက်တွေက နေမင်းခေါင်ခေါင်နှင့် ပတ်သက်နေတာရော ဟုတ်ပါရဲ့လား။

ဆွေးနွေးပွဲရဲ့ နောက်ပိုင်းမှာ နေမင်းခေါင်ခေါ်[illegible] အတွက် အကျိုးရလဒ်က ထူးခြားကောင်းမွန်လာခဲ့သ[illegible] အဓိကရဲ့ ရည်မှန်းချက်ကလည်း ပြည့်လုပြည့်ချင် ဖြစ်[illegible] သည်။

အကြောင်းမှာ အလုပ်ကိစ္စကို ဇန်းပြ၍ နေမ[illegible] ခေါင်ခေါင်နှင့် အတော်အတန် ရင်းနှီးသွားခဲ့သောကြော[illegible] ပင်။

နေမင်းခေါင်ခေါင်က သူမကို သိပ်တော်တယ[illegible] သိပ်လှတယ်ဟုလည်း ချီးမွမ်းလာတတ်ပါပြီ။

ဒီလိုပဲဖြစ်ရမယ်လေ။ အဓိကပဲ။



ဒီနေ့လည်း နေမင်းခေါင်ခေါင်ရဲ့ဖိတ်ကြားချက်အရ နေမင်းခေါင်ခေါင်နှင့်အတူ မနက်စာစားသောက် ဖြစ်သွားပြန်သည်။

ဒီအချိန်ကို သိပ်နှစ်သက်ရပါသည်။

သူမ စိတ်ကူးထဲကအတိုင်း ကောင်မချောချော ချမ်းသာသည့်ပုဂ္ဂိုလ်လေးနှင့် အဆင့်မြင့်မြင့် ဟိုတယ်စာကို စားနေရသောကြောင့်ပင်။ နေမင်းခေါင်ခေါင်က အစာစားရင်း သူမကို တစ်ချက် တစ်ချက် ပြုံးကြည့်လာသည်တွင် သူမ ရင်သိမ့်တုန်သွားရသည်။

နေမင်းခေါင်ခေါင်ရဲ့ပုံက သူမကို စိတ်ဝင်စားနေတာပါပဲဟု တစ်ဖက်သတ်တွေးပစ်မိလိုက်ပါသည်။

နေမင်းခေါင်ခေါင်ဟာ ဂုဏ်သရေရှိ အဆင့်အတန်း မြင့်တဲ့ အထက်တန်းလွှာမှ စမတ်ကျကျ ပေါက်ဖွားလာတာပဲဆိုတာ သူ့ရဲ့အစားအစာ စားပုံနှင့် တည်ကြည်တဲ့ အပြုံးတစ်ခုက သက်သေခံနေပါသည်။

ဒီလိုလူမျိုးကမှ သူမ စိတ်ကူးယဉ်ခဲ့ဖူးသည့်လူမျိုး

လေ။

အခုတွေ့ပြီ။ ဒါဆို သူမ ဘယ်လိုရေလာမြောင်းဖေ

လုပ်ရပ်ပါ့မလဲ။

စဉ်းစားစမ်း . . . အဓိက။ ညည်းမှာရှိတဲ့ ဉာဏ်တွေ

အစွမ်းကုန်ထုတ်သုံးလိုက်စမ်း။

"ကိုနေမင်းက ဘာကိုအကြိုက်ဆုံးလဲဟင်"

"ဟင် . . . ဘာကိုဆိုလိုတာလဲ"

"ဪ . . . အင်း . . . ဟင်းအမျိုးအမည်ပါ"

အရေးထဲနော်။ ငါ့နယ် ဘာတွေလျှောက်ပြောမိ

လိမ့်။

"ဘာရယ်မဟုတ်ပါဘူး။ ခံတွင်းတွေ့ရာ စားပ

တတ်ပါတယ်"

"အဓိကကတော့ တရုတ်စာကို အရမ်းကြိုက်တာ

ရသာစုံတယ်လေ"

"ဟုတ်လား . . . ဒါဆို နောက် ကိုယ် တရုတ်စာ

စီစဉ်ပါ့မယ်"

——ရှုမသော——



"အို . . . အားနာစရာတွေဖြစ်ကုန်ပြီ။ အဲ့ဒီသဘော

နဲ့ မဟုတ်ပါဘူး"

ဟီဟိ ဝမ်းသာလိုက်တာ။ ဒါဆို သူနဲ့ငါ နောက်ဆုံ

နှန်ရှိသေးတယ်ဆိုတဲ့သဘောပဲပေါ့။

"ကိုယ် . . . တူးတူးတီတီ"

အို . . . သူ ဘာပြောမလို့ပါလဲ။ အရေးထဲ ဒီဖုန်း

ကြတ်က တစ်မှောင့်။

ဟု မဆီမဆိုင် ဖုန်းဝင်လာခြင်းကိုပင် သူမ ဒေါသ

ထွက်သွားရသည်။

"ခဏနော် . . . ကိုယ် ဖုန်းပြောလိုက်ဦးမယ်"

ဟု ယဉ်ကျေးမှုအရ ခွင့်ပန်လာ၍ သူမကလည်း

ယဉ်ကျေးမှုရှိသူပီသအောင် ပြုံးမြမြလေးနဲ့ ခေါင်းညိတ်ပြမိ

ပေမယ့် စိတ်ထဲမှာတော့ တီးတိုးမြည်တမ်းလိုက်မိသည်။

"ဟယ်လို"

ဟု အသံညင်ညင်လေးနှင့် ပြောကာ နေမင်းခေါင်

ခေါင်က ထိုင်ရာမှ ထသွားတော့သည်။

——ရှုမသော——

"နေမင်းခေါင်ခေါင်ရဲ့ ဖုန်း ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်။ ခုပြောနေတာ ဘယ်သူပါလဲ"

"ရှင် မှတ်မိဦးမလားတော့ မသိဘူး။ သာမညပါ"

"အြော် . . . ဟုတ်ကဲ့။ မှတ်မိပါတယ်။ တွေ့ထားကြတာမှ မကြာကြသေးဘဲကို။ ဒါနဲ့ ဘာ . . ."

"ကျွန်မ နေမင်းခေါင်ခေါင်နဲ့ တွေ့ပြီး စကားပြောချင်လို့ဖြစ်မလား"

"ဟုတ်ကဲ့ . . . သဘောတူပါတယ်"

အမလေး . . . ယဉ်ကျေးမှုရှိလိုက်တာဟု သာမညစိတ်ထဲ ရေးရေးလေး အထင်ကြီးမှုဝင်သွားရသည်။

"ကျွန်မကို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"မဟုတ်တာဗျာ။ ကျွန်တော်လည်း တွေ့ချင်ပါတယ်"

"ရှင်"

သူမ ရင်ခုန်ချင်သွားသော်လည်း နောက်စကား



...စ်ခွန်းကြောင့် ဆန့်ငင်ကြီးဖြစ်သွားရသည်။

"ဖြစ်မြောက်စေချင်တဲ့သဘောနဲ့ပါ"

ဟွန့် . . . အလကားလူ။

စောစောကနားလေးတင် ရပ်ထားလိုက်ပါလား။

ငါ့ဝတ္ထုထဲက ဇာတ်ကောင်တွေလော...က်တောင်...င်းသမီး ကျေနပ်အောင် မပြောတတ်ဘူး။ ဒါနဲ့များ ဘယ်လို...ှုပ် အနုပညာမျက်စိပေါက်သွားတယ် မပြောတတ်ဘူး။

နှလုံးသားနဲ့ဆွဲလိုက်တဲ့ ပန်းချီကိုများ မော်ဝင်...ယ်လေး ဘာလေးနဲ့ ဘယ်လိုကဗျာမဆန်တဲ့ နှလုံးသားနဲ့...ြည့်လိုက်တာပါလိမ့် . . . ဟွန့်။

ဟု မကျေမနပ်လေးတွေးပစ်မိသည်။

"အကဲပိုမ ဒီနေ့ ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ဟုတ်ပ့ါ . . . ကြည့်ရကို ဆိုးတယ်။ မှန်ရှေ့ကနေ မခွဲနိုင် မခွာရက်။ မှန်က သူ့ရည်းစားများ မှတ်နေသလား မသိ"

ဒီနေ့တော့ သူမတို့နှစ်ယောက် ဘယ်လိုပဲပြောကြပါစေ သာမည စိတ်ထဲ မခုမိသလို၊ ဒေါသလည်း မဖြစ်ဘဲ ပြုံးဖြီးဖြီးနှင့်သာ အလှဆက်ပြင်နေလေရဲ့။

"ဒီနေ့ တနင်္ဂနွေနေ့နော်။ နားရက်။ ရှင် ဘယ်ထွက်မလို့လဲ"

"ဟင့်အင်း"



ပြုံးစိစိနဲ့ အံ့ပုန်းကြီးလို မြဲနေသော သာမညကို သူမတို့နှစ်ယောက် သင်္ကာမကင်းဖြစ်လာကြတော့သည်။

"အကဲပိုမ . . . ဘယ်လိုဖြစ်နေတာလဲ။ ရုပ်ကိုက"

"ငါ့ စာအရေးအသားတွေက ဒါနဲ့ ဒါကြီးပဲ ထပ်နေပြီ . . . ဟဲ . . . ဟဲ . . . အာရုံလန်းသွားအောင် အရောင်လေးတင်ဦးမှပဲ"

"စကားကိုက ရှုးကြောင်ကြောင်နဲ့"

"တစ်ခါတစ်ရံမှာ လူတွေက အဲ့လိုပဲ။ လန်းဆန်းတက်ကြွမှုအသစ်ကလေးတွေနဲ့ တွေ့လာရင် ရှုးကြောင်မှုးကြောင် ဖြစ်သွားတတ်ကြတယ်။ ဒါ မမှုတာပဲ"

စကားလုံးတွေက ထူးဆန်းနေပြီ။ တစ်ခုခုတော့ တစ်ခုခုပဲဟု သာဓကနဲ့ အဓိက တွေးမိလိုက်သည်။

ဘာလဲဆိုတာကို သိချင်ပေမယ့် ဆက်မေးနေရင် ဘဝင်မြင့်မြင့်ပြောတဲ့လေသံနဲ့ နားကြားပြင်းကတ်စွာ ကြားရပေတော့မည်မို့ နှစ်ယောက်သား ဆိတ်ငြိမ်နေလိုက်ရသော်လည်း ရင်ထဲမှာတော့ ကသိကအောက်နှင့်။

သာမညရဲ့ပုံက ထူးဆန်းနေတာကတော့ အမှန်ပင်။ ဒါ သာမန်တော့ မဖြစ်နိုင်။

အလှပြင်ရင်း သီချင်းညည်းနေပြန်သေး၍ သိပ်ပိုလွန်းနေသော သာမညရဲ့အပြုအမူကို သူမတို့နှစ်ယောက်လုံး အမြင်ကပ်မိသွားသည်။

ဟွန့် . . . ပုံစံကိုက အချိုးကို မပြေဘူး . . .

ဟု ရင်ထဲမှာ ကြိတ်ပြောမိကြပြီး အဓိကက သာမညကို လုံးဝဂရုမစိုက်သလို စာအုပ်တစ်အုပ်ကိုသာ သဲမဲဖတ်ပြနေလိုက်သလို၊ သာစေကလည်း ဂရုမစိုက်သလို အကျီဒီဇိုင်းများကိုသာ သဲမဲပုံဖော်နေရပေမယ့် နှစ်ယောက်လုံးရဲ့ အာရုံတွေကတော့ ထူးခြားစွာ မြူးတူးနေတဲ့ သာမညထံပါး မှာပါ။

"ငါ သွားတော့မယ်။ အောင်မြင်မှုတွေနဲ့ ပြန်လာရင် မုန့်ဝယ်ခဲ့မယ်"

ဆိုပြီး အစမရှိ အဆုံးမရှိ တုံးတိကြီးပြောကာ ထွက်သွားပြန်သည်။



သာမညထွက်သွားတော့ သူမတို့နှစ်ယောက်လုံး မတိုင်ပင်ထားပါဘဲနဲ့ ဝရန်တာဘက်ထွက်ကာ ငုံ့ကြည့်ကြသည်။

ကြွကြွရွရွနှင့် သွက်သွက်လက်လက်ကလေး သွားသော သာမညကြောင့် သူမတို့ရင်ထဲမှာ ပဟေဠိများစွာ သွားရသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ"

"ဟုတ်တယ် ထူးဆန်းနေတယ်"

"အကဲပိုမ ရည်းစားရနေပြီထင်တယ်"

"ဘာ"

အဓိကရဲ့သုံးသပ်ချက်ကို သာစေ မျက်လုံးကြီး ကာ အံ့သြသွားရသည်။

"နေမင်းခေါင်ခေါင်"

"ဘာ"

ဒီတစ်ကြိမ် အံ့သြရတဲ့လူမှာ အဓိကကိုယ်တိုင် ဖြစ်ရသည်။

ဒီနေမင်းခေါင်ခေါင်ဆိုတဲ့နာမည်ကြောင့် သူမရင်ထဲ ရင်သိမ့်တုန်ခံစားလိုက်ရသည်။

ဘုရား . . . ဘုရား မဟုတ်ပါစေနဲ့။

"နင် . . . နင် . . . ဘယ်လို . . . ဘယ် . . . "

"အမလေး . . . ဖြစ်နေလိုက်တာ။ နင် မေးချင်နေတာ ငါသိပါတယ်။ ဟိုတစ်နေ့က အကဲပိုမ ဖုန်းဆက်နေတာကို ငါ နားစွန်နားဖျား ကြားလိုက်တယ်။ သေချာတယ်၊ သူ နေမင်းခေါင်ခေါင်နဲ့ ဖုန်းပြောနေတာ။ အခုလည်း သူအဲ့ဒီကိုပဲ သွားတာဖြစ်ရမယ်"

"ဘယ်လို . . . ဘယ်နေရာလဲ"

"ငါ ဘယ်သိပါ့မလဲ။ သိလို့ကတော့ နောက်ကနေလိုက်ချောင်းပြီးနေပြီ"

"ဝုဒ္ဓေါ . . . နင်ကရော နေမင်းခေါင်ခေါင်ကို ချိန်နေတာလား"

"မဟုတ်ဘူးလည်း မဟုတ်သလို ဟုတ်တယ်လည်း မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ ရည်းစား





စကားပြောလာရင်တော့ ငါ ကြိုက်မိမလားဘဲ"

သာဓကက ပြုံးစိစိနှင့် အမိကကို ဂရုမစိုက်သလိုပြောလိုက်သည်။

သာဓကရဲ့စကားကြောင့် အမိကရင်ထဲ နိမ့်လိုက်မြင့်လိုက်နှင့် ပူပန်သွားရသည်။

မျက်နှာအမူအရာကြီး သိသိသာသာ ပျက်ယွင်းသွားသော အမိကကို သာဓကက ပြုံးစိစိနှင့် စိုးကြည့်လိုက်သည်။

သူမရင်ထဲ ကလိ ကလိနှင့် ရယ်ချင်သွားရသည်။ နေမင်းခေါင်ခေါင်နှင့် နောက်ဆုံဖြစ်မယ်မဆုံဖြစ်ဘူး တိတိကျကျ မပြောနိုင်ပါဘဲနှင့် အမိကကို တမင်တကာ ကလိလိုက်ခြင်းဖြစ်သည်။

အမိကရင်ထဲ ပဟေဠိများစွာဖြစ်သွားရသည်။ သူမလိုပဲ သာဓကနဲ့ သာမညရော နေမင်းခေါင်ခေါင်နှင့် သိပ်ခင်နေကြပြီလား။

နေမင်းခေါင်ခေါင်ကရော သူမကို လိုက်လဲ့

တကင်း ဆက်ဆံသလိုမျိုးပဲ သာမညနဲ့ သာမကေ့ကို
ဆက်ဆံနေသလား။ ဒါဆိုရင် အခြေအနေကောင်းနေသော
သူမနဲ့ နေမင်းခေါင်ခေါင်ကြားမှာ အဖျက်နစ်လမ်းရှိပြီနဲ့
တယ်။

နတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်ပါ၊ နေမင်း
ခေါင်ခေါင် မျက်စိအကြည့်မမှားပါစေနဲ့။ သာမကေနဲ့ သာမည
ထက် ငါက လှတယ်လို့ပဲ မြင်ပါစေ ဟု ရင်ထဲ ကြိတ်
တောင်းမိပေမယ့် အားမာန်မဲ့စွာပင်။

အဘယ်ကြောင့်ဆိုသော် သာမကေနဲ့ သာမည
ရဲ့အလှကလည်း မခေဆိုတဲ့အထဲမှာ ပါနေလို့ပါပဲ။

ဗုဒ္ဓေါ . . .

သာမညကလည်း ဆံပင်ရှည်ရှည်လေးနဲ့ ကြည်
ကြည်ရွှင်ရွှင်လေး လှသည်။

သာမကေကျပြန်တော့လည်း လှုတိုင်းက ချစ်စ
ကောင်းသည်ဟု ချီးမွမ်းတတ်ပြန်သည်။

သူမရင်ထဲ စိုးရိမ်စိတ်တွေ ကြီးစိုးမင်းမူနေ





ကျွတ်ကျွတ်အိတ်ထုပ်ဆွဲပြီး ဝင်လာသော သာမညကြောင့်
ကြောင့်ကျစိတ်တွေ ပိုများလာရသည်။

"ဟော့ . . . ဒီမှာ ငါ နင်တို့အတွက် မုန့်ဝယ်လာ
တယ်"

ဟု ထူးခြားစွာ သဘောကောင်းပြန်သွားပြန်သေး
သည်။

သာမန်အားဖြင့်တော့ ဝယ်လာသောမုန့်ကို အမြင်
ကပ်ကပ်နှင့် အလုအယက် ကုန်အောင်စားသောက်ပစ်ရမှာ
ပင်။ သို့သော်လည်း စိုးရိမ်စိတ်တစ်ခုကြောင့် စားသောက်
နေကြခြင်းကတောင် တို့ကနန်း ဆိတ်ကနန်းပင်။ ဒါဆို
အကဲပိုမ အောင်မြင်သွားပြီပေါ့။ ဆိုတာမျိုးသာ ရင်ထဲ
အထပ်ထပ်မေးနေကြလေသည်။

သို့ပေမယ့် ပိုပြီး အကဲပိုသွားမှာစိုး၍ ပွင့်ပွင့်လင်း
လင်းတော့ မမေးမိကြပါ။

အလုပ်ကိစ္စနဲ့ပတ်သက်ပြီး တစ်နေ့တခြား ပိုရ
ခင်မင်ရင်းနှီးလာကြသော နေမင်းခေါင်ခေါင်ကို အဓိကထ
ပြောရဲဆိုရဲဖြစ်လာသည်။

သူမကလည်း ညာဏ်ကြီးရှင်ပေပဲမို့ ညာဏ်နီညာဏ
နက်သုံးကာ သူမရဲ့ဂကားက အမြဲဆေးရုံရောက်နေရလျ
ပင်။ ဒါမှလည်း နေမင်းခေါင်ခေါင်နဲ့ ပိုရင်းနှီးမှုရမှာလေ။

သူမရဲ့ဘဝရည်မှန်းချက်က ယောကျ်ားကောင
တစ်ယောက်နှင့် လက်ထပ်ခြင်းဖြစ်တာမို့ အကြောင်းတိုက
ဆိုင်၍ ဆုံတွေ့ခဲ့ရသော နေမင်းခေါင်ခေါင်ကို လက်မလွှတ
ချင်တော့။



နေမင်းခေါင်ခေါင်ကို မြင်မြင်ချင်းကတည်းက လူ
တော်တစ်ယောက်ဖြစ်မယ်လို့ ခန့်မှန်းမိခဲ့တဲ့သူမက နေမင်း
ခေါင်ခေါင် တော်တာ၊ တတ်တာ၊ သိတာတွေနှင့် ချမ်းသာ
ကြွယ်ဝမှု ပကာသနကို တဖြည်းဖြည်းချင်း သိလာရတော့
သူဌေးချင်းမနှစ်ယောက်နောက် ပါသွားမှာကိုပင် မသဒ္ဓါမိ
တော့။

နေမင်းခေါင်ခေါင်က ငယ်ငယ်ရွယ်ရွယ်နှင့် လုပ်ငန်း
တွေ အများကြီးကို ဦးစီးအုပ်ချုပ်နေသလို မျိုးရိုးဂုဏ်အဆင့်
အတန်းမှာလည်း ကြီးမြင့်လှသည်။

အဖေက ခွဲစိတ်ပါရဂူကြီး၊ အမေက စိန်ရွှေရတနာ
ဆိုင်ဖွင့်ထားသည့် သူဌေးမကြီး။ မျိုးနဲ့ရိုးနဲ့ ချမ်းသာခဲ့တဲ့
အသိုင်းအဝိုင်းက ဆင်းသက်လာသူ။ သူကိုယ်တိုင်က
လည်း . . .

ဟာ . . . ဘယ်လိုနည်းနဲ့မှ သူမ လက်လွှတ်မခံနိုင်
တော့ပါ။

ဒီတော့ နေမင်းခေါင်ခေါင်ဘက်က ယုန်တိုးမတိုး

လာခဲ့ရင် သူမကပဲ ပိုက်တိုးတိုးရတော့မည့်အခြေအနေပ

"ကိုနေမင်းက နိုင်ငံခြားတွေမှာ ကျောင်းတက်ခ

မှာပေါ့နော်"

"အင်း . . . သုံးနှစ်လောက်တော့ နေဖူးပါတယ်"

"မြန်မာပြည်နဲ့ အနေအထားချင်းကွာမှာပေါ့နော်"

"အင်း . . . ကွာတယ်။ တော်တော်ကွာတယ်"

"အဖြူမလေးတွေကလည်း ချောမှာပေါ့နော်"

"အင်း . . . ဟုတ်မှာပေါ့"

"ကိုနေမင်းရဲ့မျက်လုံးထဲမှာရော သူတို့တွေက လ

ကြသလား"

"ကိုယ်က မြန်မာပြည်သားမို့လား မသိဘူး။ မြန်မ

အလှက ပိုအေးချမ်းသလိုပဲ"

သူမရင်ထဲ အလုံးကြီးကျသွားရသည်။

သူမတို့သုံးယောက်ထဲမှာ သူမကပဲ မြန်မာဆန်

ဆန်နှင့်လှတာ မဟုတ်လား။

သူမက ဒီထက်တိုးကာ နောက်တစ်ဆင့်တက်ချင်





မိသွားပြန်သည်။

"ကိုနေမင်းက မြန်မာပြည်သူချောချောလှလှလေး

ကို တွေ့ထားပြီနဲ့ တူတယ်"

ဟု အကဲစမ်းလိုက်သည်တွင် သူ့မျက်နှာပေါ်မှာ

မြင်ရခဲသည့် ကြည်ရွှင်ရွှင်အရိပ်သဏ္ဍာန်တစ်ခု ဖြတ်ပြေး

သွားရကာ တဖြည်းဖြည်းချင်း ပြုံးရိပ်ဆင်လာသည်။

သူမကလည်း ထူးခြားလာသော သူ့အမူအရာကို

မမှတ်မသုန် အကဲခတ်နေမိသည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းမည်၏ ဆို

သည့်အတိုင်း သူမ လက်ခံမိသွားသည်က သူ့မှာ နှလုံးသား

ပိုင်ရှင်ရှိနေပြီဆိုတာပါပဲ။

သူမကလည်း မိန်းမသားပီပီ ပို၍ စပ်စုချင်သွားမိ

ပြန်သည်။

ဒီထက်များ ပိုစပ်စုလိုက်ရင် ရိုင်းရာများ ကျသွား

လေမလား။

"မေတ္တာလမ်းမှာ အခက်အခဲရှိနေရင် ပြောနော်။

အဖိကက ကျွညီတတ်ပါတယ်"

"ကိုယ်က မိန်းကလေးတွေ စိတ်ကောက်

မချော့တတ်ဘူးဗျ။ ချော့တတ်အောင် အရင်သင်ပါဦးမယ်

ဟု ပြုံးမြမြလေးပြောလာတဲ့ သူ့စကားရဲ့အထာ

သူမ သဘောပေါက်သွားသည်။

ဒါဆိုရင် သူမှာ တရားဝင်ချစ်သူမရသေးဘူးဆို

အဖိပ္ပာယ်ပဲပေါ့။

"ကိုနေမင်းက လူကြီးဘဝကို နှစ်သက်သလာ

ကလေးဘဝကို နှစ်သက်သလား၊ လူငယ်ဘဝကို နှစ်သ

သလား"

"အွန် . . . ကိုယ် ဒီအကြောင်းအရာကို တစ်

မတွေးခဲ့ဖူးဘူး"

"အဖိကကတော့ ကလေးဘဝကိုပဲ နှစ်သက်တယ်

နာကျင်ရင်လည်း ကြိတ်မှိတ်ခံစားနေစရာ မလိုဘူး။ ပွင့်

လင်းလင်း အော်ငိုလို့ရတယ်။ လိုချင်တာရှိရင်လည်း ပွင့်

လင်းလင်း ပူဆာလို့ရတယ်။ မရရင်လည်း စိတ်ကြိုက်အော





ငိုပစ်လို့ရတယ်။ ကိုယ့်ဆန္ဒကို လူအများကြီး သိအောင် ထုတ်

ပြလို့ရတယ်"

အဖိကက စကားခွန်းများကို အဓိပ္ပာယ်ပါပါ အချက်

အလက်ကျကျ သူ့ကို စေ့စေ့ကြည့်ကာ ပြောပစ်လိုက်ပါ

သည်။

သူကလည်း ခေသူမဟုတ်တာမို့ သူမစကားရဲ့

အဓိပ္ပာယ်ကို တည့်တည့်ကြီး မသိခဲ့ရင်တောင် အရိပ်

အမြွက်တော့ သဘောပေါက်သွားလိမ့်မည်။

"ရှော့"

"ရှော့"

သာကေနှင့် သာမည စားပွဲတစ်ခုပေါ် စာရွက်ကတ်လေးတင်ချိန်မှာ အဘူတူ တစ်ပြိုင်နက် မတိုင်ပင်ထားပါဘဲလျက် တစ်ချိန်တည်း စားပွဲပေါ်မှာ ကော်ဖီထိုင်သောက်နေသော အဓိကပင်လျှင် အံ့သြသွားရသည်။

"ဘာလဲဟ"

"သိချင်ရင် ဖတ်"

ဟုသာ ပြိုင်တူဖြစ်သွားကြပြန်သည်။

"ဟင် . . . ဒါ နင်တို့ရဲ့အောင်မြင်မှုခြေလှမ်းပေါ်



ဟုတ်လား။ ဘာလဲ ငါ့ကို လာကြွားတာလား"

"ကြွားသင့်ရင် ကြွားရမှာပဲ"

ဟု သာကေက မလေးမခန့်သံနှင့် ပြောလိုက်သည်တွင် ဆောင့်တွန်းခြင်းခံလိုက်ရသည်။

"ဘာလဲဟ"

"လေသံကို ပြန်ပြင်လိုက်စမ်း"

"အရှုံးမတွေ့ ငါ့လည်း တစ်ခါတစ်ရံ လေလုံးထွားခွင့်လေး ပေးသနားပါဦး"

"မပေးသနားနိုင်ဘူး။ ဘယ့်နှယ်တော် မဖြစ်လောက်ရှိုးပွဲလေးအတွက် ပါချီပါချက် ဒီဇိုင်းလေးဆွဲရပါတယ်။ သူ့ကိုယ်သူ တကယ့်ဒီဇိုင်နာဒီဇိုင်းနဲ့ မလွန်လွန်းဘူးလား"

"ကဲ . . . ကဲ . . . စကားများမနေကြနဲ့။ နင်တို့ နှစ်ယောက် ငါ့ပန်းချီပြပွဲကို လာမှာလား၊ မလာဘူးလား"

"မအားဘူး။ ငါ့ရဲ့ ရှိုးပွဲရက်နဲ့ တိုက်နေတယ်"

"also နင်ရော"

"ငါလည်း အဲ့ဒီနေ့ အလုပ်များတယ်။ လုပ်ငန်းရှင်များ စုပေါင်း ဆွေးနွေးပွဲကို တက်ရမယ်။ တိုးရစ်ဂိုက်အဖြစ်"

"မအားကြနဲ့ . . . မအားကြနဲ့ . . . ရတယ်"

သူမတို့ကြားထဲ စကားသံတို့ တိတ်ဆိတ်သွားကြပြန်သည်။

သူမတို့ရင်ထဲမှာ ညှိယူကြမည့်ကြိုးစလေးတွေ ဆန့်ထုတ်နေကြသောကြောင့်ပင်။

"ဒီလိုလုပ်ပါလား . . ."

ဟု သုံးယောက်လုံး တစ်ပြိုင်နက် ထွက်ပေါ်လာကြပြန်သည်။

"ပြော . . . ပြော . . . also နင့်အစီအစဉ်ကို အရင်ပြော"

"နင့်ပန်းချီပြခန်းဖွင့်ပွဲက မနက်ပိုင်းပဲ။ ငါနဲ့ ကြွက်သိုက်က နင့်သူငယ်ချင်း။ အဲ့တော့ နင့်ရဲ့ခြေလှမ်းကို နည်းနည်းလေး အသိအမှတ်ပြုတဲ့အနေနဲ့ ဖွင့်ပွဲချိန်လေးကို အားဖြည့်ပေးမယ် ခဏ။ ဒါပြီး ငါကလည်း ငါ့အလုပ်ဆက်လုပ်





ယ်။ ကြွက်သိုက်လည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်။ ပြီးတော့ ကြွက်သိုက်ရဲ့ပွဲက ညနေခင်းပဲ။ အချိန်တွေကို ညှိလို့ရပါတယ်။ အဆင်ပြေလား"

"အေး . . . ကောင်းတယ်"

ဟု ပြိုင်တူပင် ထောက်ခံမိသွားကြပြန်သည်။ အဓိက ဖြေရှင်းလိုက်မှပဲ မကျေလည်မှုတွေ ငြိမ်းချမ်းသွားရသည်။

သူမတို့က ငယ်ပေါင်းတွေဖြစ်သည်မို့ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ကြီးလှသည်။

တစ်ယောက်ရဲ့ခြေလှမ်းကို တစ်ယောက်က အသိအမှတ်ပြုပေးစေချင်ကြသည်။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက်လည်း ခခယယ မပြောလိုကြ။

တစ်ယောက်ချင်းစီမှာ မတူညီတဲ့ အရည်အချင်းကောင်းများ ရှိနေကြပါတယ်ဆိုတာ အချင်းချင်း သိနေကြပါသော်လည်း တစ်ယောက်ကို တစ်ယောက် ကိုယ့်အချင်းချင်း

ချီးမွမ်းပြောဆိုရမှာကိုမှ သေလမ်းထက် ရှောင်ရှားတတ်ကြသည်။

အားရင် အားသလို အချင်းချင်း ချောက်တွန်းကြမယ်။ တစ်ယောက်က စကားကောင်းပြောနေရင် ကျန်နှစ်ယောက်က ကန့်လန့်တိုက်မယ်။ ဒါတွေလောက်သာ စိတ်ထဲကိန်းအောင်းထားနေကြတာပါ။

တစ်ယောက်ကိုတစ်ယောက် စိတ်အခန့်မသင့်ရင် ပွင့်ပွင့်လင်းလင်း အော်ကြ မာန်ကြ ထုကြရိုက်ကြနှင့် ရန်ပွဲအကြီးအကျယ်ဖြစ်ပြီး နောက်နာရီဝက်ကြာရင် သူ့အလိုလို ငြိမ်းချမ်းရေးရသွားတတ်ပြန်သည်။

အခုလည်း မကျေလည်တာလေးကို အဓိကကဆရာမကြီးလေသံနဲ့ ဖြေရှင်းပေးလိုက်ပြန်တော့လည်း အားလုံး အေးဆေးပင်ဖြစ်သွားရကော့၏။



"ကွန်ကရက်ကျုလေးရှင်း သာမည"

စည်ကားနေသော ညှိသည်အချို့နှင့် ပန်းချီကို စိတ်ဝင်တစား ကြည့်ရှုနေသူများကို ငေးကြည့်နေမိစဉ် နောက်နားဆီမှ ဩရှရှ နှုတ်ဆက်သံကြောင့် သူမ ဆတ်ခနဲ ခေါင်းမော့လာရသည်။

"ဩော် . . . နေမင်းခေါင်ခေါင် နောက်ကျတယ် နော်။ သာမညက ဖွင့်ပွဲမီမယ်လို့တောင် ထင်ထားတာ"

"ဆောရီးဗျာ . . . ကျွန်တော် နောက်ကျသွားတယ်"

"ရပါတယ် . . . အခုလိုလာပေးတာကိုပဲ ကျေးဇူး တင်ပါတယ်"

"ကျွန်တော်က အနုပညာကို ခံစားတတ်ပါတယ်။ ကျွန်တော်က ငယ်လေးတုန်းက ပန်းချီဆရာတစ်ယောက် သိပ်ဖြစ်ချင်ခဲ့ဖူးတယ်။ ဒါပေမဲ့ လူကြုံသော်လည်း ကံက စီမံ၏တဲ့"

"ဟုတ်တယ်နော်။ လူတွေဟာ မထင်ထားတဲ့ အချိန်မှာ မထင်မှတ်ထားတာတွေ လုပ်ဖြစ်သွားတတ်ကြတယ်"

"*ကျွန်တော် ခုချိန်မှာ သာမည မထင်မှတ်ထားတာ* တစ်ခု လုပ်လိုက်မယ်ဆိုရင်ရော"

အနေခင့်အသွားမလွတ်တဲ့ သူ့စကားကြောင့် သူမ ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

ဘာလဲ။

ဘာကြီးပါလိမ့်။

သူမက အနုပညာသမားပီပီ အသည်းနှ၍ ဟန်မဆောင်နိုင်စွာပင် မျက်လုံးပြူးလေးများနှင့် သူ့ကို မော့ကြည့်မိသွားသည်။



သူက သူမကို ယဉ်ယဉ်ကျေးကျေးလေး ပြုံးပြကာ သူမကိုယ်သေးသေးလေးကို လက်တံရှည်ကြီးနှင့် ကျော်၍ သူမနောက်မှ ပန်းချီကားတစ်ချပ်ကို ဖြုတ်ယူလိုက်သည်။

နီးကပ်သွားသော အနေအထားကြောင့် သူမ ယောင်ယမ်းကာ မျက်လုံးများကို ဝိတ်ပစ်မိနေပါသေးသည်။

နောက်တော့မှ လွတ်ထွက်ချင်မိသည့် နှလုံးခုန်သံတို့ကို စုစည်းကာ ဘာမှမဟုတ်ပါဘူးဆိုသော အသိနှင့် ဖြေလျှော့ထိန်းချုပ်လိုက်ရသည်။ သူက ဘာမှမထူးခြားသလို တည်တည်ငြိမ်ငြိမ်ဖြင့်ပင် ဖြုတ်ယူထားသော ပန်းချီကားကို သူမမျက်နှာနားထောင်ပြကာ . . .

"ဒီမှာလေ . . . ဒီပန်းချီကားကို ကျွန်တော့်ကို လက်ဆောင်ပေးနိုင်မလား"

ရိုးသားအေးဆေးတဲ့ သူ့စကားကြောင့် သူမ တစ်ကိုယ်လုံး ထူပူရှိန်းဖြသွားကာ မိမိကိုယ်ကို မလုံမလဲနှင့် ရှက်သွားရပြန်သည်။

"ပေး . . . ပေးပါတယ်။ အရမ်းပေးချင်တာပေါ့"

ဟု ဆက်စပ်မရပြောပစ်မိသည်။

"ဟို . . . ကျေး . . . ကျေးဇူးတင်ပါတယ်"

"ရှာ"

"ဒီလိုလေ . . . အခုလို ပန်းချီပြပွဲလုပ်ဖြစ်သွားတာ နေမင်းခေါင်ခေါင်ရဲ့ အကူအညီ အများကြီးပါတယ်။ နေမင်းခေါင်ခေါင်ကြောင့်သာ မဟုတ်ရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ဪ. . .ဒီလို နေမင်းခေါင်ခေါင်လို့ ခေါ်ရတာ နည်းနည်းရိုင်းသလိုဖြစ်နေရင် ခွင့်လွှတ်ပါ။ သက်တူရွယ်တူလောက်ရှိမယ်လို့ ခန့်မှန်းမိလို့။ သူငယ်ချင်းလိုသဘောထားလိုက်လို့ပါ"

"ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ သတ်မှတ်မထားပါဘူး။ ရပါတယ်။ ပြီးတော့ ဒီပန်းချီပွဲဖြစ်သွားတာလည်း ကျွန်တော့်ကြောင့်ကြီးပဲတော့ မဟုတ်ပါဘူး။ သာမညာ တော်လို့လည်း ဟုတ်ပါတယ်။ သာမညသာ အရည်အချင်းမရှိဘူးဆိုရင် ကျွန်တော် ဘယ်လောက်ပဲဆက်သွယ်ဦးဆောင်ပေးပါစေ ဖြစ်မလာပါဘူး"



သူမရင်ထဲ ကြိတ်ပျော်သွားရသည်။

သူမကို တော်တယ်၊ အရည်အချင်းရှိတယ်လို့ ပြောတာ နေမင်းခေါင်ခေါင်က ပထမဆုံးလူမဟုတ်ပါလား။

"ကျေးဇူးပဲ"

ဝမ်းသာပီတိဖြစ်သွားမိတဲ့ မျက်နှာကိုဖုံးမရ ဖိမရ။

"သာမညာ ဒီနေ့ ကျွန်တော့်ကို ကျေးဇူးတွေအများကြီး ပေးနေပြီ"

"တကယ်ကျေးဇူးတင်မိလို့ပါ"

"ကျေးဇူးတင်ရင် လက်မှတ်ထိုးပေး"

"ရှင်"

"ဪ . . . ဆောရီး လောသွားတယ်။ ဒီပန်းချီကားမှာ ပြောတာပါ"

"ဪ"

"သာမညာ ဒီပန်းချီကားကို ဘယ်လိုစိတ်ကူးနဲ့ ဆွဲဖြစ်သွားတာလဲ"

"ဘာဖြစ်လို့လဲ"

"ထူးဆန်းနေလို့ပါ။ နေနီဝန်းကြီးက ရှိန်းရှိန်း တောက်ပူနေတဲ့ဒီဇိုင်းနဲ့ လက်သုံးချောင်းထောင်ပြနေတဲ့ အရိပ်က ထင်ထင်ရှားရှားကြီး ဖြစ်နေတယ်။ ကျွန်တော် ဒီပန်းချီကားကိုကြည့်ပြီး တော်တော်ကြီး စဉ်းစားခဲ့ဖူးတယ်။ ဒါပေမဲ့ အဓိပ္ပာယ်ကို ဆက်စပ်မရဘူး"

"နေမင်းခေါင်ခေါင် ပြောသလိုပဲ ဒီပန်းချီကားမှာ အဓိပ္ပာယ်ရှိတယ်။ ဒါပေမဲ့ မပြောပြတော့ဘူး။ လျှို့ဝှက် ချက်"

ဟု မနိုးတရှို့လေးပြောကာ ပြုံးပြလိုက်သည်။ ထိုအခါ နေမင်းခေါင်ခေါင်က သူမကို ဘာမှစောဒကမတက် တော့ဘဲ ကလေးတစ်ယောက်ကို အလိုလိုက်တော့မည့် လူကြီးတစ်ယောက်အပြုံးမျိုးနှင့် . . .

"သာမညကို ကျွန်တော် ရှိုးပွဲတစ်ခု ဖိတ်ချင်လို့"

"ဘယ်တော့လဲ"

"ဒီည"

"သာမည စိတ်မကောင်းလိုက်တာရှင်။ ဒီည သာမည မအားဘူး"



"ဗျာ"

"ခြော် . . . သူငယ်ချင်းတစ်ယောက်ရဲ့ပွဲကို အဝတ် အကျ မပျက်မကွက် ဆိုးမြှင့်ရမှာမို့ပါ။ ဆောရီးပါရှင်။ တကယ် ပါ အားနာလိုက်တာ"

"ရပါတယ်ဗျာ . . . ကျွန်တော်ကတောင် အားနာ ရဦးမယ်"

"အားနာတာတွေ ဆုံသွားပြီ။ အားနာလက်စနဲ့ တစ်ခုခု လိုက်စားပါလား"

"အားနာပါးနာနဲ့ လိုက်ချင်ပေမယ့် ထပ်အားနာ ရော ကောင်းပြန်ပြီ။ ကျွန်တော့်မှာ အရေးကြီးကိစ္စလေးတွေ ရှိနေသေးတယ်ဗျ။ မနေနိုင် မထိုင်နိုင် ဝါသနာလေးကြောင့် ကော ဝင်လာတာ။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင် . . . နောက်မှ အားနာရအောင် . . . ခြော် . . . ဆောရီး နောက်ကြုံရင် တစ်ခုခုကျွေးမွေးဧည့်ခံ ချင်ပါတယ်"

"အားနာပါးနာနဲ့ပဲ လက်ခံပါတယ်"

ဟု သူက ရှတ်နောက်နောက်ပြောလိုက်၍ ပြိုင်ဘူ

ရယ်ဖြစ်သွားကြသည်။

နာမည်ကြီးမော်ဒယ်လ်များ ပါဝင်သောကြောင့်





ရှိုးပွဲမှာ ဖိတ်ဖိတ်တောက် ကျော်ကြားနေပါ၍ လူအများ

စည်ကားလှသည်။

မော်ဒယ်လ်များ ဝတ်ပြမည့် ဝတ်စုံအမျိုးမျိုးကို

လည်း စိတ်ဝင်စားနေကြသည်ထင်ပါရဲ့ ရှိုးတိုးရိပ်တိပ်နှင့်။

ထိုအချိန်မှာ ဒီဇိုင်နာအသစ်လေးဖြစ်သော သာဓေ

က စိတ်လှုပ်ရှားစွာ အလုပ်ရှုပ်နေပေပြီ။

ခန်းမကြီးတစ်ခုလုံးမှာ ရုတ်တရက်ဆိုသလို မီး

တွေ မှောင်ကျသွားရသည်။ မီးမှောင်သွားခြင်းနှင့်အတူ ကြွစီ

ကြွစီ စကားသံများ တိတ်ဆိတ်သွားရသည်။ စင်မြင့်ထက်

တွင် မီးရောင်စုံက ပြေးလွှားကာ ကူးသန်းယှက်ဖြာနေပါ၏။

ဒါမကြာခင် မဒီလေးများ ထွက်ပေါ်လာတော့သည်။ အရိပ်အယောင်ပင်။

ဂီတသံငြိမ့်ငြိမ့်လေးရဲ့နောက်မှာ တစ်ဆင့် တစ်ဆင့် မြင့်တက်မြန်ဆန်လာသည့် တေးဂီတသံမြူးမြူးက ကပ်ပါလာ၏။

တီးလုံးသံက တစ်ဆင့်ထက် တစ်ဆင့် မြန်ဆန်လာပြီး ရုံဆို ရပ်သွားသည်တွင် စင်မြင့်ထက်၏ ထောင့်တစ်နေရာမှ နတ်မိမယ်တစ်ပါးက ကိုယ်ဟန်နွဲ့နွဲ့နှင့် ထွက်ပေါ်လာသည်။

သူမ၏ဝတ်စားဆင်ယင်ထားမှုကြောင့် လူတွေအားလုံး ဟင်ခနဲဖြစ်သွားရသည်။

ယုန်တစ်ကောင်လို ဖြူလွနေတဲ့ အဖြူရောင်အိအိပေါ်မှာ အနက်ရောင်စင်းလေးတွေနှင့် တီရှပ်အကျီသဖွယ် တီထွင်ထားသော ဂါဝန်ရှည်လွှားလွှားက မော်ဒယ်လ်မလေးနှင့် သိပ်လိုက်ဖက်နေလွန်းလို့ပါ။

ထိုမော်ဒယ်မလေးက ကိုယ်ဟန်ပြနေစဉ် စိမ့်စမ်း





ရေသံလို အသံညင်ညင်လေးက ထွက်ပေါ်လာပြန်သည်။

"ဒီဝတ်စုံရဲ့နာမည်ကို ညမင်းသမီးလို့ ပေးထားပါတယ်ရှင်။ ပိတ်သားလေးက သွက်လက်ပြီး လေတိုက်ရင် လေထဲဝဲနေတတ်ပါတယ်။ အခု စင်ပေါ်မှာ ညမင်းသမီးဝတ်စုံလေးနဲ့ လှပနေသူလေးက မော်ဒယ်လ် ညစ်ဖူးငုံ ဖြစ်ပါတယ်ရှင်"

ပရိသတ်ထဲမှ လက်ခုပ်သံတွေ သောသောဖျဖျ ဆူညံသွားသည်။

မော်ဒယ်လ်လေးက အလှပဆုံးပြုံးကာ နှုတ်ဆက်သွားသည်တွင် တီးလုံးသံတစ်မျိုးပြောင်းသွားပြီး မော်ဒယ်လ်တစ်ယောက် ထွက်လာပြန်သည်။

ဆူညံသံတို့ တိတ်ဆိတ်သွားရသည်။

သူမဝတ်ထားတာ စကတ်လား ဘောင်းဘီလား ဆိုတာ ဝေခွဲမရနိုင်ပါ။ အကျီနဲ့ဆက်လျက်လား တစ်ထည်စီလားဆိုတာကို ဝတ်ဆင်ထားသူနှင့် ဒီဇိုင်နာမှလွဲ၍ မည်သူမှ မသိနိုင်ပါ။

"ဒီဝတ်စုံလေးရဲ့နာမည်ကိုတော့ လျှို့ဝှက်ချက်လို့ ပေးထားပါတယ်ရှင်။ ကြည့်လိုက်ရင်တော့ ဝတ်ရစက်ရှုပ် ဝရာဖြစ်နေပေမယ့် မော်ဒယ်လ်လေးရဲ့ ပေါ့ပါးမှုကို ကြည့် လျှင် ပရိသတ်ကြီး ဝတ်စုံရဲ့ပေါ့ပါးမှုကို သိနိုင်ပါလိမ့်မယ်ရှင်။ အခု လျှို့ဝှက်ချက်ဝတ်စုံလေးနဲ့ လှပနေသူကတော့ မော် ဒယ်လ် အယ်ကာရေရှိုး ဖြစ်ပါတယ်ရှင်"

ပရိသတ်ထံမှ လက်ခုပ်သံ ဖြောင်းဖြောင်းညံသွား ရပြန်သည်။

ဒီလိုနဲ့ မော်ဒယ်လ်တွေ တစ်ယောက်ပြီး တစ် ယောက် ဝင်လိုက်ထွက်လိုက် လက်ခုပ်သံတွေ သောသော ညံလိုက်နှင့် နောက်ဆုံး မော်ဒယ်လ်တစ်ယောက်အပြီးမှာ တော့ ဟန်ရေးပြပြီး မော်ဒယ်လ်တွေ အပြုံလိုက် အားလုံး ထွက်ကာ တစ်ယောက်တစ်မျိုး ဟန်ရေးပြလာကြသည်။

မော်ဒယ်လ်စုစုပေါင်း အယောက် (၂၀) ဖြစ်သည်။ တကယ့်သစ်စမော်ဒယ်လ် (၁၀) ဦးကျော်ပါဝင်သလို နာမည် ရ မော်ဒယ်လ်တွေနှင့် သရုပ်ဆောင်လောကထဲ ရောက်



သွားသော မော်ဒယ်လ်လေးများလည်း ပါဝင်သည်။

"မော်ဒယ်လ်တွေရဲ့ ဝတ်စုံကို ဒီဇိုင်းဆွဲပြီး တာဝန် ယူ ချုပ်လုပ်ပေးခဲ့တဲ့ ဒီဇိုင်နာနဲ့ မိတ်ဆက်ပေးချင်ပါတယ် ရှင်"

ထိုအသံကြားတော့ ပရိသတ်ကြီးမှာ ရှိုးတိုးရိပ်တိပ် လှုပ်ရှားသွားရသည်။

ထိုစဉ် မော်ဒယ်လ်လေးများကို ကျော်၍ မီးမောင်း က အနောက်နားဆီသို့ ကျရောက်သွားသည်။

"ဒီဇိုင်နာ . . . သာဓကဖြစ်ပါတယ်ရှင်"

အသံနဲ့အတူ လက်ခုပ်သံတွေ ညံမစဲစည်ဝေသွား သည်။

"ဒီဇိုင်နာ . . . သာဓကအား ပွဲဖြစ်မြောက်ရေး တာဝန်ခံ ဦးနေမင်းခေါင်ခေါင်မှ ဆုချီးမြှင့်မှာ ဖြစ်ပါတယ်ရှင်"

သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

နေမင်းခေါင်ခေါင်ဆိုပါလား။

သူမနည်းတူ ပရိသတ်အလယ်မှာ အတူတူ ကြည့်

နေကြသည့် သာမညနဲ့ အဓိကပါ စိတ်လှုပ်ရှားသွားရသည်။

တိုက်တိုက်ဆိုင်ဆိုင် သူမတို့သုံးယောက်နဲ့မှ နေတစ်စင်းက ဝင်ရောက်ပတ်သက်နေပါလားနော်။

စင်မြင့်ထက်ဆီကို တစ်လမ်းချင်းလျှောက်လှမ်း လာသော နေမင်းခေါင်ခေါင်ရဲ့ခြေလှမ်းတွေက သူမရဲ့တည် ငြိမ်နေတဲ့ အသည်းတစ်ခြမ်းကို ပုတ်နှိုးနေသလိုပင်။

ကြည့်စမ်း။ တည်ကြည်ခန့်ညားလိုက်တာ။ ဆံပင် များကို စမတ်ကျနသန့်ပြန့်စွာ နောက်ပြန်ဖြီးသင်ထားပြီး ဖြူ မယောင် နှုတ်ခမ်းလေးများက တင်းစိလို့ရယ်ပါ။

ဝတ်ဆင်ထားတဲ့ အနောက်တိုင်းဝတ်စုံက ကိုယ် ဟန်ပါးပါးပေါ်မှာ စမတ်ကျခန့်ညားလျက်ပါ။ သူ့ခြေလှမ်း တွေက သူမရင်အစုံကို ဗလောင်ဆူစေခဲ့ပါသည်။

ဆုလက်ခံနေသော သူမရဲ့လက်အစုံက တုန်ယင် လှုပ်ရှားနေပါသည်။

ဘာဖြစ်လို့လဲ။

သူမရဲ့အောင်မြင်မှုအတွက် ပီတိဝေကာ စိတ်လှုပ်





ရှားနေမိတာလား။ ဒါမှမဟုတ် နေမင်းခေါင်ခေါင်ဆိုတဲ့ ပုဂ္ဂိုလ်ချောချောကြောင့်လား။ သူမ မသိ။ နေမင်းခေါင်ခေါင် ဆိုတဲ့ပုဂ္ဂိုလ်နဲ့ အခုလို စတုတ္ထအကြိမ်ဆုံမိချိန်မှာတော့ သူမ ရင်ခုန်ချင်သွားမိတာတော့ အမှန်ပင်။

ပထမအကြိမ် ဆုံစဉ်က သာမန် ဆုံတွေ့မှုပါပဲ။ နောက် ဒုတိယအကြိမ်၊ ပြီးတော့ တတိယအကြိမ်၊ အခုတော့ တိုက်တိုက်ဆိုင်ဆိုင်ဆို စတုတ္ထအကြိမ်ဆိုတာ ရှိလာပြန်ပြီ။ ဒါဆို သူမကရော အဓိကနဲ့သာမညလို ကြိုတ်ပုန်းခုတ်မိပြန် တော့မှာလား။

မဖြစ်ဘူး ဟု ခေါင်းခါယမ်းမိလိုက်ပါသည်။

"ဟိတ်"

နောက်နားဆီမှ ခေါ်ခဲ့သောအသံကြောင့် အတွေး နှင့် ငိုင်နေသော သူမက မတ်ခနဲဖြစ်သွားရသည်။

မှန်ပါသည်။ သူမရဲ့ချစ်သူငယ်ချင်းကြီးတွေပါပဲ။

"နှင့်ကို လူတွေက အရမ်းချီးကျူးနေကြပြီ"

"နှင် နည်းနည်းတော်လာပြီ"

"နည်းနည်းတွေ များများတွေနဲ့ အဒွန့်လုပ်မနေ
တော်ရင် တော်တယ်ပေါ့"

ဟု မခံချင်သောလေသံလေးနှင့် သာကေက ဘု
ပြန်ပြောဆိုလိုက်သည်။

"ဟွန့် . . . လူကို တော်တယ်လို့ ပြောရမှာလေးမှ
သူတို့ကို ရွေငါးကျပ်သားပေးနိုင်းတဲ့တိုင်းပဲ"

သာကေရဲ့ ခပ်ငေါ့ငေါ့အပြောမှာတော့ ကျန်န
ယောက်က တဟဲဟဲနှင့်။

"ငါတို့ကို တစ်ခုခုလိုက်ကျွေး . . . ဗိုက်ဆာတယ်"

"ဘာမှမဆိုင်ဘူး"

"မပြောချင်ဘူးဆိုလည်း ပြောရတော့မယ်။ နှ
အောင်မြင်မှုကို အသိအမှတ်ပြုတာပေါ့။ ဝတ်ကြီးကျ
တာ မဟုတ်ဘူး"

"အဲ . . . အဲ့လိုလား"

ဟု သာကေက ကျေကျေနပ်နပ်ကြီး ပြောကာ ပြ
နေလိုက်သည်။



ထိုစဉ် သတင်းထောက်တစ်ယောက်က အသံဖမ်း
က်ကလေးနှင့် သူမတို့နား ကပ်လာကာ . . .

"အစ်မက သာကေနော်"

"ဟုတ်ပါတယ်"

"ကျွန်မကို အင်တာဗျူးနည်းနည်း လုပ်ခွင့်ပြုနိုင်
မလား"

ထိုအမေးအတွက် သာကေမှာ ပြုံးရမှာလား၊ ငိုရ
မှာလားပင် မဝေခွဲနိုင်တော့။

"ဟို . . . ကျွန်မက မေးလာမယ့်စကားတွေအတွက်
အဆင်သင့်မဖြစ်သေးလို့ပါ"

"ရပါတယ်။ အစ်မရင်ထဲရှိတဲ့အတိုင်းပဲ ဖြေတတ်
သလိုပေါ့။ ညီမကလည်း အစ်မအတွက် ဖြေရကျပ်တဲ့ စကား
လုံးမျိုးကို ရှောင်ပေးပါ့မယ်။ ညီမက ဖက်ရှင်ကဏ္ဍကဆို
တော့ ဖက်ရှင်သိပ်ကျတဲ့ အစ်မရဲ့ပုံရိပ်ကိုလည်း ရိုက်ကူးချင်
ပါတယ်"

"ဟို . . . အား . . ."

သူမရဲ့ပေါင်တစ်ဖက်ကို သာမညက လိမ်ဆွဲလိုက်သောကြောင့်ပင်။

အဓိကနဲ့ သာမညက သာဓကေရဲ့မှုပွင့်တပွင့် ဟန်ပန်ကို စိတ်ယားနေလှပါပြီ။

ဒါ သာဓကရဲ့အောင်မြင်မှုပဲလေ။ အများသူငါကြား ကျော်ဇောမယ့်ခရီးလမ်းကို ဘာကြောင့် မလျှောက်ချင်ရတာလဲဆိုတဲ့ စေတနာလေးတွေနှင့်ပါ။

"နင်ကလည်း လက်ခံလိုက်ပါ"

ဟု အဓိကက လျှို့ဝှက်တဲ့မျက်နှာပေးဟန်နဲ့ လိုက်လိုက်လှဲလှဲပြောလိုက်သည်။

"ဒါနဲ့ . . . ဒီက အစ်မနှစ်ယောက်က . . ."

"ဩော် . . . ဒါ . . . ကျွန်မရဲ့သူငယ်ချင်းတွေ အဓိကနဲ့ သာမညတဲ့"

"ဟင် . . . နာမည်လေးတွေက အရမ်းကာရန်ကိုက်တာပဲ။ အစ်မတို့ကို ကြည့်ရတာ သိပ်ခင်ကြပုံရတယ်နော် အစ်မတို့သုံးယောက်လုံးရဲ့ပုံစံက သိပ်ဖက်ရှင်ဖြစ်ပါတယ်





အစ်မတို့ခွင့်ပြုမယ်ဆိုရင် အစ်မတို့သုံးယောက်လုံးရဲ့ဖက်ရှင်ကို မှတ်တမ်းတင်ချင်ပါတယ်ရှင်"

ထိုအချိန်မှာတော့ သူမတို့ရဲ့အလှကို လူသိများစေချင်လွန်းကြတဲ့ သူမတို့ရဲ့ရင်ထဲမှာ အလုံးလိုက် အတစ်လိုက်ကြီး ပျော်သွားကြကာ ကြောင်းလမ်းခြင်းကို ဟန်မရှိနန်မရှိပင် ပွင့်ပွင့်လင်းလင်း လက်ခံဖြစ်သွားသည်။

သာဓကက မေးလာသော မေးခွန်းမှန်သမျှကို အအအားအနှင့် ဖြေလိုက် မဖြေလိုက်။ ဒါကိုပဲ သွက်လက်ချက်ချာသော အဓိကက ဝင်ဝင်ထောက်ပေးနှင့် အဆင်ပြေစွာ ပြီးဆုံးသွားသည်။

ထို့နောက် သူမတို့သုံးယောက်လုံးက ဒီဇိုင်းအမျိုးမျိုးနှင့် ဓာတ်ပုံရိုက်ခံကြသည်။

ကင်မရာမန်းမှာ စိတ်တိုင်းကျနေသည့်အလား ပြုံးပြုံး ပြုံးပြုံးနှင့်ပင်။

သူမတို့သုံးယောက်ကလည်း ဓာတ်ပုံရိုက်ရန် ရှိုးပြကြသည်နှင့်မတူဘဲ အပျော်တမ်းကိုယ်ဟန်ပြတမ်း ကစား

နေသလိုပင်။ တစ်ယောက်ကိုတစ်ယောက် စစနောက်နောက်
နှင့် ပေါ့ပေါ့ပါးပါးရှိလှတာမို့ ရိုက်ချက်တိုင်းကလည်း သက်
ဝင်လှပါသည်။

ထိုအရာကို လူတစ်ယောက်က အသေးစိတ်စောင့်
ကြည့်နေခဲ့သည်။

မှန်ပါသည်။ နေမင်းခေါင်ခေါင်ရယ်ပါ။

နေမင်းခေါင်ခေါင်ရဲ့ နှုတ်ခမ်းနှစ်လွှာက အပြုံးတို့
နှင့် ဝေဆာလှပနေရသည်။





"ဟော့ . . . ဟော့ . . . ဒီမှာကြည့်ကြစမ်း"

ဟု အပြင်က ပြန်လာတဲ့ သာမညက ပြုံးတုံးပြတဲ
နှင့် ဂျာနယ်တစ်စောင်ကို သူမတို့နှစ်ယောက်ထံ ထိုးအပ်
သည်။

"ဘာလုပ်ရမှာလဲ ဒီဂျာနယ်ကြီးကို"

"ဟာ . . . အရေးကြီးလို့ပေါ့။ နင်တို့သိပ်အံ့ဩသွား
သေချာတယ်။ နင်တို့ ရင်ခုန်သံတွေကို တည်ငြိမ်အောင်
ထိန်းထားပေတော့"

"အကဲကိုပိုတယ်။ ဂျာနယ်တစ်စောင်ကလည်း
ရားသဘောနဲ့တွေးရင် စက္ကူတစ်စပဲ အပိုတွေ"

"အေးလေ"

ဟု သာကေကလည်း အဓိကရဲ့စကားကို အားတ
မခံ ထောက်ခံလိုက်သည်။

ဒီအချိန်မှာ အားတက်သရောနှင့် ပြေးလာခဲ့
သော သာမညက နည်းနည်းတင်းသွားကာ . . .

"မကြည့်ချင်လည်း ရတယ်လေ။ ငါတို့သုံးယော
ထဲမှာ ငါအလှဆုံးဆိုတာ တစ်တိုင်းပြည်လုံး သိနေတာပဲ"

"ဘာ"

ထိုအခါမှ သူမတို့နှစ်ယောက်လုံး အံ့သြသွားရ
ဂျာနယ်ကို အလုအယက် ဆွဲဖြန့်လိုက်ကြသည်။

မှန်ပါသည်။ ဂျာနယ်ရဲ့ပထမစာမျက်နှာမှာ တစ်မျ
စီ လှနေကြသော သူမတို့သုံးယောက်ရဲ့ပုံရိပ်က သက်ဝ
လှပလျက်ပင်။

"အို . . . သိပ်လှတဲ့ငါပါလားနော်။ ရုပ်ရှင်ရိုက်
မင်းသမီးလာငှားတော့မှဖြင့် ဒုက္ခ"

"အိုး . . . ဒီဗိုင်နာတစ်ယောက်လို့ မပြောရဘူ





ဒီဗိုင်းလေးက အရမ်းသစ်တာပဲ။ နာမည်ကြီးဦးတော့မယ်"

"အကဲပိုမတွေ အပိုကဲမတွေ နားကြားပြင်းကပ်
တယ်"

ဟု သာမညအော်ပစ်မိတော့သည်။

သာမည ဘယ်လောက်မာန်မဲနေပါစေ ဒီအချိန်မှာ
သူမတို့နှစ်ယောက် သာမညကို စိတ်တိုကြလိမ့်မည် မဟုတ်
ပေ။ ဘာကြောင့်လဲဆိုတော့ စာမျက်နှာပေါ်က သူမတို့ရဲ့
ပုံရိပ်တွေကို ကိုယ်စီကျေနပ်နေမိကြလို့ပါ။

"ငါတို့မြို့ကိုသာ ဒီဂျာနယ်ရောက်သွားလို့ကတော့
ဟီ . . . ဟီ"

သာကေရဲ့စိတ်ကူးယဉ်ဆန်ဆန် အပြောမှာတော့
အဓိကရော သာမညပါ ကျေနပ်သွားမိကြသည်။

"ဟေ့ . . . ငါတို့တွေ ဘာပဲပြောပြော အထိုက်
အလျောက်တော့ အောင်မြင်လာကြပြီလို့ ပြောနိုင်တာပေါ့
နော်"

အဓိကရဲ့အပြောမှာတော့ သူမတို့နှစ်ယောက်လုံး

တ ဖြိုင်တူထောက်ခံမိသွားသည်။

"အေးပေါ့ . . . ငါတို့ရန်ကုန်တက်လာတာ မှန်သွားပြီ"

"အဲ့ဒါ နင်တို့ ငါ့ကို ကျေးဇူးတင်။ ငါ့ကြောင့် နင်တို့လိုက်လာဖြစ်ကြတာ"

"ဟုတ်ပ့ါ . . . နင့်လိုမြို့ရွှေ့ ရှူးနေတဲ့လူတစ်ယောက်နဲ့သာ သူငယ်ချင်းမဖြစ်ခဲ့ရင် အခုချိန်ထိ နယ်မှာပဲရှိဦးမယ်"

"ဟင် . . . အကဲပိုမ နင့်စကားက ငါ့ကို မြှောက်သလိုလိုနဲ့ အပြတ်ရိုက်ချလိုက်တာပါလား"

"အဲ့လိုဖြစ်သွားသလား . . . ဆီးရော . . . ဆောရီး"

"ဟုတ်တယ်ဟ . . . နင့်ကြောင့်သာမဟုတ်ရင် ငါလည်း ဒီရန်ကုန်ကို ရောက်ဖြစ်မှာ မဟုတ်သလို ဒီဗိုင်နာလည်း လုပ်ဖြစ်မှာ မဟုတ်ဘူး . . . ရှုံရှုံ also"

"ငါကလည်း နင်တို့နှစ်ယောက်ပါလို့ ဒီလို မြို့ပေါ်မှာ အခြေကျနေထိုင်ရဲခဲ့တာပါ။ နင်တို့သာ မပါခဲ့ရင် ရောက်စတုန်းက အခက်အခဲဖြစ်ခဲ့တဲ့ နေရေး၊ ထိုင်ရေး၊ စားရေး





သောက်ရေးကို ငါ ခံနိုင်ရည်ရှိခဲ့မှာ မဟုတ်ဘူး"

"ဘာပဲပြောပြော ငါတို့သုံးယောက်က ကိုင်းကျွန်းမှီကျွန်းကိုင်းမှီတွေပါပဲ"

"ဟုတ်တယ် . . . ငါတို့သုံးယောက် တစ်သက်လုံးလိုပဲ စည်းစည်းလုံးလုံး နေသွားကြမယ်"

"ဒဲယ်"

"Yes"

"အမှန်တရား"

ဟု တစ်ယောက်တစ်မျိုး အော်ကာ လက်ဝါးချင်းရိုက်လိုက်ကြသည်။

"အား . . . နာလိုက်တာ"

"ဟုတ်ပ့ါ . . . အဲ့ဒီအဓိက သူက ဇလတောင့်တိုင်းထုတ်အားထည့်တော့တာပဲ"

"အေးလေ . . . တို့လို အနုပညာသမားတွေရဲ့လက်ကို လက်ကြမ်းကြီးနဲ့"

သူမတို့ရဲ့ထိုအပြောမှာတော့ အဓိကက နား‌ကြား

ပြင်းကပ်ကပ်နှင့် သာမညနဲ့ သာဓကရဲ့ခေါင်းတွေကို နှစ်[illegible]

ပူးကာ ဆောင့်ပစ်တော့၏။

"ဘယ်လိုလုပ်လိုက်တာလဲ။ နာတယ်ဟ"

"အဲ့ဒါ ငါ့ကို ဖွဲ့ချင်တဲ့ရလဒ်လေ"

ဟု ကျေကျေနပ်နပ်ကြီး ပြောလာပြန်သည်။

"ဘာလိုလို့နဲ့ ငါလည်း အနုပညာအလုပ်လုပ်ဖြ[illegible]

သွားတာပေါ့နော်"

"ကောင်းတာပေါ့ဟ။ အနုပညာအလုပ်ဆိုတာ[illegible]

ပါရမီလည်းပါမှ ဖြစ်မြောက်တာကို"

"အခုတော့ ငါ လျှောက်ရမယ့်လမ်းကို ငါ အထ[illegible]

အကျသိသွားပြီ"

"လမ်းမပျောက်တော့ဘူးလား။ မပျင်းတော့ဘူ[illegible]

လား"

"ဟုတ်ပ ... အိပ်ချိန်တွေကို နမြောစရာကြီး"

ဟု တမင်တကာပင် ရွဲ့ပြောလိုက်ကြသည်။

သာဓကက ကဲကဲဆတ် ရန်ပြန်တွေ့မယ်ဟု ထင်[illegible]



[illegible]အားသော်လည်း ပြုံးနေခဲ့ပါသည်။

"ကိုယ် ဘာလုပ်ရမယ်၊ ကိုယ်နဲ့ဘယ်အလုပ်ဟာ [illegible]င်ဝွင်ကျရှိတယ်ဆိုတာ မသိခင်လေးမှာပဲ လူတစ် [illegible]ယောက်မှာ အပျင်းရောဂါစွဲကပ်တာပါ။ ကိုယ်လျှောက်ရ [illegible]ယ့် လမ်းကို တိတိကျကျသိသွားတဲ့လူက ဘဝကို မငြီးငွေ့ [illegible]တ်ပါဘူး။ အခု ငါ့မှာ လမ်းတစ်ခုတွေ့လိုက်ပြီ။ ငါ [illegible]ကောင်းဆုံးဒီဇိုင်နာဖြစ်အောင် ကြိုးစားမယ်။ အောင်မြင် [illegible]ဘဝတစ်ခုမှာ ရပ်တည်ချင်တယ်၊ ဒါ ငါ့ရဲ့ပန်းတိုင်ပဲ"

"ကောင်းတယ် ... ငါတို့သုံးယောက်မှာ ရည်ရွယ် [illegible]တ်တစ်မျိုးစီ ရှိကြတာ အဖြစ်သင့်ဆုံးပဲ"

"ငါတို့တွေက မြင့်မြင့်မှန်းကြတဲ့လူတွေပီပီ ကျရှုံးမှု [illegible]လည်း ခံနိုင်ရည်ရှိရမယ်"

"ငါကတော့ ရှေ့သို့ပဲဖြစ်စေရမယ်"

ဟု သာဓကက အားနှင့်မာန်နှင့် ပြောလျှင် သာမည [illegible]သက်ပြင်းရှိုက်ကာ ...

"ငါကတော့ ဘဝစာမေးပွဲမှာ အကြောင်းကံမလှ

လို့ ကျရှုံးသွားခဲ့ရင်တောင် အဲ့ဒီကျရှုံးမှုအတွက် ကျေနပ်

မှာပါ။ ဘာကြောင့်လဲဆိုတော့ ဝါသနာအရင်းခံလို့ ကြိုး

ပြီးပြီပဲ။ ကံတို့ စန်းတို့ဆိုတာမျိုးက ဖန်တီးယူလို့မှ မရ

အနုပညာဒလာကထဲမှာ တစ်စန်းတစ်ကဏ္ဍလေး ပါဝင်

တာကိုပဲ ငါက ကျေနပ်မှာပါ"

"ဒါဆို နင်က ကျရှုံးသွားခဲ့ရင် ဘဝကြီးကိုပါ မြ

ပစ်တော့မှာပေါ့"

"ဟွန့်အွန်း . . . ငါ့ရဲ့လက်တွေက ပန်းချီမဆွဲ

လည်း မနေနိုင်တော့သလို၊ စာမရေးရရင်လည်း မနေ

တော့ဘူး"

"ရောဂါပဲ"

"ဒါဆိုရင် ကျရှုံးမှုကို ဇွတ်တင်းခံထားရမယ်"

"ဒါဆို ကြိုးစားကြမယ်"

"ငါတို့ကိုသာပြောတာ နင်ကရော also"

"ငါလား . . . ဟဲ . . . ဟဲ"

"ဘာလဲ ယောကျ်ားကောင်းကောင်း ရရှိ



လား"

"နင်တို့နှစ်ယောက်ရဲ့ မျက်လုံးတွေကလည်း ငါ့ကို ရွတ်ချနေသလိုပဲ။ အမှန်တကယ်တော့ ငါ့ရဲ့စိတ်ကူးကမှ တကယ် လက်တွေ့ဆန်တာ။ နင်တို့ပဲ စဉ်းစားကြည့်လေ။ ငါတို့လို လုလုပပ ပန်းပွင့်တွေနား များပိတုန်းတွေက ဝဲချင်ကြမှာပဲ။ ငါတို့ကလည်း အသည်းနဲ့လူပါ။ တစ်နေ့တော့ အိမ်ထောင်ပြုကြမှာ အမှန်ပဲ။ ငါတို့မိန်းကလေးတွေက သိပ်တော်တဲ့ ဆရာဝန်မကြီးပဲဖြစ်နေပါစေ၊ ဒီဇိုင်နာကြီးပဲဖြစ်နေပါစေ၊ အောင်မြင်တဲ့ စာရေးဆရာမ ပန်းချီဆရာမကြီးပဲ ဖြစ်နေပါစေ ဆေးသမားနဲ့ရရင် ဆေးသမားကတော်ပဲ။ ဆရာဝန်နဲ့ရရင် ဒေါက်တာ့လေဒီ။ သူဌေးကြီးနဲ့ရရင် သူဌေးကတော်။ လမ်းသရဲနဲ့ရရင် ဂျစ်ပစီ။ ဒါပဲ . . . နင်တို့ သေချာစဉ်းစားကြည့်လိုက်။ မိန်းမတွေ ဘယ်လောက်ထက်ထက် မိန်းမတွေရဲ့ ဘဝအဆုံးအဖြတ်က သက်ဆိုင်သူယောကျ်ား တစ်ယောက်ရဲ့ ပကာသနပဲ။ ကဲ . . . ဒါကို နင်တို့ဘယ်လိုအဆိုမျိုးနဲ့ ငြင်းမလဲ"

အဓိကရဲ့ အချက်အလက်ကျကျ အပြောမှာတော့ သူမတို့နှစ်ယောက်မှာ ဘာမှ ခွန်းတုံ့မပြန်နိုင်ကြတော့ပါ။

"ငါ့ဝါဒကို နင်တို့လက်ခံတယ် မဟုတ်လား။ ငါ့ စကားကို နင်တို့ ဦးနှောက်က လက်ခံပေမယ့် နင်တို့ရဲ့မှာန လေးက ငြင်းဆန်ရင် ငြင်းဆန်လိမ့်မယ်။ ဒါပေမဲ့ ဒါ အမှန် တရားပဲ။ ဒါကြောင့် ငါ အမြဲတွေးတယ်။ ငါ့ပန်းတိုင်က ယောကျ်ားကောင်းကောင်းတစ်ယောက်နဲ့ လက်ထပ်ဖြစ်ဖို့ပဲ"

"နင့်စကားက သဘာဝကျပါတယ်။ ဒါပေမဲ့ ငါ လက်မခံဘူး။ ယောကျ်ားတွေက တစ်ခန်းတစ်ကဏ္ဍမပါဝင် ဘဲလည်း ငါတို့ မိန်းကလေးတွေရဲ့ဘဝက ရပ်တည်လို့ရပါ တယ်။ ကိုယ့်အရည်အချင်းနဲ့ ကိုယ် ထည်ဝါနေတဲ့မိန်းမတွေ လည်း လောကမှာ တစ်ပုံကြီးပါ"

ဟု သာကေကလည်း အားကျမခံ ဝင်ပက်ပြန် သည်။

"ဒါပေမဲ့ . . . သူတို့ဘဝကို သူတို့ကျေနပ်ပျော် ရွှင်နေသလားလို့ နင် မေးကြည့်လိုက်ပေါ့"



"ဒါဆို နင်က ဘဝမှာ ပုရိသတို့ တစ်ခန်းတစ်ကဏ္ဍ ပါဝင်ရင် ပျင်းရိငြီးငွေ့ဖွယ် ကောင်းတယ်လို့ ဆိုလိုချင်တာ လား"

"သူတို့ဘဝမှာ နွေးထွေးတဲ့အသိုက်အမြုံဆိုတာ မရှိဘူး။ ခြောက်သွေ့နေတယ်"

"မဖြစ်နိုင်ဘူး။ သူတို့မှာလည်း သူတို့မျှော်လင့်ချက် နဲ့သူတို့ ပျော်ရွှင်နေကြမှာပဲ"

"အချစ်ကပဲ ဆန္ဒကို ဖြည့်ဆည်းပေးတယ်ဆိုတာ နင်တို့ မကြားဖူးဘူးလား"

"ဟင့်အင်း"

ဟု ပြိုင်တူဖြေမိကြသည်။

"နင်တို့မသိရင် မှတ်ထား။ အချစ်ကပဲ အရာရာကို ရောင့်ရဲတင်းတိမ်စေနိုင်တယ်တဲ့။ ငါ့ဘဝမှာ ဘာကို အကြောက်ဆုံးလဲသိလား။ အချစ်ဆိုးနဲ့တွေ့မှာကိုပဲ။ ချစ်မိရင် မျက်စိတွေ နားတွေ ပိတ်ကုန်တယ်တဲ့"

"အေး . . . ဟုတ်တယ်ဟ။ ဒီစကားက မဆိုးဘူးပဲ။

ဒါရဲ့အစေ့အဆံအသားမှာ ထည့်ရေးရမယ်။ ပြောလို့ပြောတာ မဟုတ်ဘူး။ ငါလည်း တစ်ခါလောက်တော့ ချစ်ဖူးချင်သာ တစ်ခါလေးမှ မချစ်ဖူးတော့ ငါ့ရဲ့ဇာတ်လမ်းတွေထဲက အချစ်က မပီပြင်ဘူး။ အသည်းကွဲတာကျပြန်တော့လည်း ဟက်ဟက်ပက်ပက်မရှိဘူး။ ချစ်ဖူးချင်တယ်။ အသည်းကွဲဖူး ချင်တယ်။ ဒါမှ ငါ့ဇာတ်လမ်းတွေ အောင်မြင်မှာလေ"

"ငါလည်း နင်တို့ပြောသလိုပဲ လူတွေပြောပြောနေ ကြတဲ့ ကြောက်စရာကောင်းတဲ့ အချစ်နဲ့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ချင်သေးတယ်"

"ငါကတော့ လူကောင်းတစ်ယောက်ကိုပဲ ချစ်ရို ကြိုးစားမယ်။ လက်ထပ်မယ်။ သာယာပျော်ရွှင်တဲ့ အိမ် ထောင်တစ်ခုကို အတပ်မက်ဆုံးပဲ"

ဟု ပြင်းထန်စွာ ပြောချလိုက်သည်။

အမှန်တကယ်တော့ သူမတို့သုံးယောက်လုံးဟာ တစ်ယောက်ကို တစ်မျိုးစီ ဇွဲလမ်းရူးသွပ်နေကြတာပါ။

သူမတို့သုံးယောက်ဟာ သိပ်ခင်ကြသလို တစ်





ယောက်တစ်မျိုး ဆန္ဒကိုယ်စီနှင့်ပါ။

လူတွေဟာ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းမကျတတ် ကြဘူးဆိုရင် သူမတို့သုံးယောက်ကရော ဘာတွေ ဘယ်လို ဆက်ဖြစ်ကြမလဲ။

"ကလင် . . . ကလင်"

ဖုန်းမြည်သံကြောင့် ပန်းရှီထွဲနေသော သာမည က ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"အကဲပိုမ . . . ငါ ဒီနေ့ညနေ (၉)နာရီခွဲလောက်မှ ပြန်ရောက်မယ်"

"ဘာ့အတွက်"

"အကြောင်းရှိလို့ပေါ့ကွာ။ နင်တို့ စိတ်ပူနေမှာစိုးလို့ ကြိုပြောတာ"

ဟုပြောကာ ဖုန်းချသွားတော့ သူမက ပြုံးပစ်လိုက်



မိသည်။

သူမ ဖုန်းခွက်ကိုချပြီး ထမယ်အကြံမှာ . . .

"ကလင် . . . ကလင်"

ထပ်မံမြည်လာတဲ့အသံကြောင့် သူမ ပြန်ထိုင်ချ လိုက်ပြန်ပါသည်။

"ဟယ်လို"

"အကဲပိုမ . . . ငါ ဒီနေ့ အိမ်ပြန်နောက်ကျမယ်"

"လာပြန်ပြီလား နောက်တစ်ယောက်"

"ဘာလဲ ကြွက်သိုက်လည်း အိမ်ပြန်နောက်ကျမှာ လား"

"အွန်"

"ဘာကိစ္စတဲ့လဲ"

"မသိဘူး . . . အလုပ်ရှိလို့နေမှာပေါ့"

"ဟုတ်လား . . . ငါလည်းပဲ နောက်ကျမယ်"

"ရတယ်လေ"

ဟုပြောကာ ဖုန်းချပစ်ပြန်သည်။

သူမ ဒီတော့မှ ကြည်ရွှင်စွာပြုံးလိုက်မိတော့သည်။

သူမလည်း သူမအကြံနှင့် သူမဖို့ပါ။

မနေ့က ပြခန်းမှာ နေမင်းခေါင်ခေါင်က ဖိတ်စာတစ်ခုပေးခဲ့သည်လေ။

ဒီည (၇)နာရီတိတိမှာ စတင်မယ့် နေမင်းခေါင်ခေါင်ရဲ့ မွေးနေ့မင်္ဂလာကို သူမ သွားဖြစ်အောင် သွားရမည်။

သူကိုယ်တိုင်က တကူးတက အရေးအရာထားပြီး ဖိတ်ကြားထားတာ မဟုတ်ပါလား။

သူမ သွားဖြစ်အောင် သွားရမည်လေ။

သူမအတွေးနှင့် သိပ်ကျေနပ်သွားမိသည်။

အကယ်၍သာ ဒီနေ့ သူငယ်ချင်းမနှစ်ယောက် ရှိနေကြလျှင် ဝတ်ကောင်းစားလှနှင့် အပြင်ထွက်တော့မည့် သူမကို စပ်လား ဆေးလားနှင့် ဖြေရတာ အလုပ်ရှုပ်နေပေဦးမည်။

အခုတော့ အေးဆေးပင်။ လိမ်စရာလည်း မလို။ အေးဆေးလေး။





သူမရဲ့ သူငယ်ချင်းမလေးနှစ်ယောက်ကိုလည်း နေမင်းခေါင်ခေါင်ရဲ့ မွေးနေ့ကို တကူးတက ဖိတ်ထားလို့ သွားတာပါဟုလည်း အမှန်အတိုင်း မပြောချင်ပါ။

သူမတို့သုံးယောက်က တစ်ယောက်နဲ့တစ်ယောက် လျှို့ဝှက်ထိန်ချန်မှု မရှိ ပွင့်လင်းတတ်ကြသော်လည်း အခုလို နေမင်းခေါင်ခေါင်နဲ့ ပတ်သက်သည့်ကိစ္စမှာတော့ ကိုယ်စီ ဝှက်ဖဲလေးတွေနှင့်ပါ။

အဲ့ဒါ သူမတို့စိတ်ထဲမှာ နေမင်းခေါင်ခေါင်အပေါ် ကိုယ်စီ မရိုးသားစိတ်ဝင်နေကြလို့ပါ။

သုံးယောက်လုံးက နေမင်းခေါင်ခေါင်နဲ့ တစ်ယောက်တစ်မျိုး ကိုယ်စီပတ်သက်မှုရှိနေကြပါတယ်ဆိုတာ တစ်ယောက်ကို တစ်ယောက် ရိပ်မိနေကြပါသော်လည်း နေမင်းခေါင်ခေါင်အကြောင်း စကားဟဟပင် မပြောမိကြ။ တစ်ယောက်ကလည်း သူက စပြောလာနိုးနှင့် မပြော။ တစ်ယောက်ကလည်း သူဝန်မခံသရွေ့ ငါလည်း မပြောဘူး။ တစ်ယောက်ကလည်း သူတို့တွေမှ မပြောတာ ငါလည်း မပြော

ဘူး ဟု ကိုယ်စီတွေးမိကြကာ ထိုတစ်ကဏ္ဍလေးကိုပဲ အသ
သီး ထိန်ချန်မိနေကြသည်။

အားလုံးက အတူတူနဲ့ အနူနူချည်းတွေပဲမို့ တစ်
ယောက်ရဲ့ ခြေလှမ်းတွေကို တစ်ယောက်က စောင့်ကြည့်နေ
ကြတဲ့ အခြေအနေရယ်ပါ။ ဒါကြောင့် နေမင်းခေါင်ခေါင်ရဲ့
ပိုအရေးပေးခြင်းကို ခံရတဲ့ သာမညက မွေးနေ့ပွဲအဖိတ်ခံ
ခြင်းကို တမင်တကာပင် ထိန်ချန်ထားမိတာပင်။

သူမကို နေမင်းခေါင်ခေါင်က ပိုအရေးပေးခဲ့တာ
ဆိုရင် ကျန်နှစ်ယောက်အပေါ် အားနာစရာဖြစ်နေရော့မည်
မဟုတ်ပါလား။ သူငယ်ချင်းရင်းကြီးတွေလေ။

အချိန်တွေက တဖြည်းဖြည်းချင်းနီးကပ်လာ
သူမ အလှပြင်ခြင်း စတင်ပါတော့သည်။ မနေ့က တိတ်
ဆိတ်ကလေး အမိကနဲ့ သာဓကမသိအောင် ဝယ်ထားသော
ငွေမှင်ရောင် ဖန်ဒေါက်ကလေးကို ဗီရိုနောက်ကွယ်မှ ထုတ်
လိုက်ပြီး စီးကြည့်လိုက်သည်။

"ဟင်း...ဟင်း...သိပ်လှတဲ့ခြေထောက်ကလေး"





ဟု သဘောကျကာ ချီးမွမ်းလိုက်သည်။ ထို့နောက်
အဝတ်စားထပ်ကြီးတွေနောက်မှာ ဖွက်ထားသော ဆင်စွယ်
ညိုရောင် ဂါဝန်ရှည်လေးကို ထုတ်လိုက်ပြီး ကိုယ်မှာ ကပ်
ကာ ကိုယ်လုံးပေါ်မှန်မှာ ကြည့်လိုက်ပြန်သည်။

"ဟီး . . . ဟီး . . . နတ်မိမယ်လေးလိုပဲ။ ကျေးဇူး
တင်ပါတယ် အမေရေ။ ဒီလောက်လှတဲ့ရုပ်ကလေးကို မွေး
ပေးခဲ့လို့ . . . ဟီး . . . ဟီး . . . ဒီလောက်လှနေမှတော့ နေမင်း
ခေါင်ခေါင် ကြွေလောက်ရောပေါ့။ သူက ဘာသားနဲ့ထွင်းထု
ထ လို့တုန်း . . . ဟွန်း . . . ဒီမျက်မှန်နဲ့ငါနဲ့က လိုက်ရဲ့လား။
ဒီဝတ်စုံနဲ့တော့ မလိုက်ဘူး ချွတ်သွားရမယ်"

အဲ့ဒီနောက်မှာတော့ မှန်ရှေ့က မခွာတော့။ ဟိုဟာ
လုပ်လိုက် ဒီဟာလုပ်လိုက် စိတ်တိုင်းမကျရင် ပြန်ဖျက်လိုက်၊
ပြန်ပြင်လိုက်နှင့် ရှုပ်ယှက်ခတ်နေတော့သည်။ မှန်ကြီးက
သာ စကားပြောတတ်ခဲ့မယ်ဆိုရင် သူမကို ဆဲရေးနေမှာ
အမှန်ပင်။ မျက်စိရှုပ်လွန်းလို့လေ။

နောက်ဆုံးမှာတော့ သူမက ငွေမှင်ရောင်ဖိနပ်

ကလေးကို အကျအန လျှို့ဝင်ကာ စိတ်တိုင်းကျသွားသည့် အလား မှန်ရှေ့မှာ ထွက်ရပ်လိုက်ပြန်သည်။

"ဒီလိုမှပေါ့"

ဟု နှုတ်မှလည်း ကျေကျေနပ်နပ်ကြီး ပြောပြန် သေးသည်။

မှန်ပါသည်။ မှန်ထဲမှာ သူမက သိပ်လှနေပြီ မဟုတ် ပါလား။ နဂိုရှိပြီးသား အလှက ပြင်ဆင်ခြယ်သလိုက်တော့ တောက်ပရှန်းစိုလာခဲ့ပါပြီ။

ဆံပင်စိုရွှဲရွှဲကြီးကိုလည်း ဒီအတိုင်း ဖြန့်ချထားလေ တော့ ဆင်စွယ်ညိုရောင်ဂါဝန်ရှည်လေးပေါ်မှာ ပိတုန်းရောင် ဆံကေသာများက ကဗျာတစ်ပုဒ်နှယ်။

စာဆိုရှင် နတ်သျှင်နောင်သာ သက်ရှိထင်ရှား နေခဲ့ဦးမယ်ဆိုရင် သူမအလှကို ဖွဲ့ကျူးဆုံးတော့မည် မဟုတ် တော့။

ပန်းနုရောင်ပြေးနေသော နှုတ်ခမ်းတစ်လွှာကို အလှပဆုံးပြုံးလိုက်သည်။



"အွန် . . . ဟိုရောက်ရင် သူ့ကို အဲ့တိုင်းပြုံးပြရမယ်"

ဟု မှတ်ယူကာ မှန်ရှေ့မှာ အပြုံးနှင့် မျက်နှာပေး အမူအရာများကို မရုက်မကြောက် လေ့ကျင့်နေမိသည်။

အကြိမ်ကြိမ်ပြုံးကြည့်ပြီးချိန်မှာတော့ ကျေနပ် သွားသည့်အလား ငွေမှင်ရောင် ပဝါပါးပါးကို ကိုယ်ပေါ် ဖြစ် သလို ကပိုကရိုလေး လွှမ်းခြုံလိုက်ပြီး လက်ကိုင်အိတ်သေး သေးလေးကို ကိုင်ကာ ထွက်ခဲ့တော့သည်။

အရေးထဲ တက္ကစီကလည်း ငှားမရနိုင်။ သူမ မြို့ ကျယ်ကြီးထဲဝင်ရောက်ချိန်မှာတော့ ညနေသည်တွေ အတော် ရုံလင်နေခဲ့ပါပြီ။ ကားအကောင်းစားကြီးများက မြို့ထောင့် တစ်နေရာမှာ အစုလိုက် အပြုံလိုက် ရပ်ထားတာကြောင့် တက္ကစီနဲ့လာခဲ့ရသော သူမက ကိုယ့်ကိုယ်ကိုယ် သိမ်ငယ် သွားမိသလိုပင်။

ထိုစဉ် သူမကို အားပါးတရကြိုဆိုဖော်ရတဲ့ နေမင်း ခေါင်ခေါင်ကြောင့် များစွာ စိတ်သက်သာရာရသွားသည်။

လှုရောင်စုံတွေက ဖြတ်ကျော်လာခဲ့တဲ့လမ်းတစ်

လျှောက်လုံးမှာတော့ သူမကိုယ် သူမ ယုံကြည်မှုတွေ ...
ပါးစပြုလာခဲ့သည်။

ဘာကြောင့်လဲဆိုတော့ သူမထက်လှတဲ့ ...
မိန်းကလေးတွေ များစွာရှိနေကြသောကြောင့်ပင်။

နေမင်းခေါင်ခေါင် နေရာချပေးသော စားပွဲဝိုင်း...
ထိုင်လိုက်စဉ်မှာတော့ သူမစိတ်နဲ့ခန္ဓာ တခြားစီလွင့်...
သွားမိသည့်အလား အံ့သြသွားရသည်။

"ကြွက်သိုက်"

"အကဲပိုမ"

နှစ်ယောက်လုံးက မည်သည့်စကားလုံးမှပင် ...
နိုင်သည်ထိ အံ့သြလို့ရယ်ပါ။

ကြည့်စမ်း . . . ကြွက်သိုက်က အဲ့ဒီလောက်ထိ ...
နေမှန်း သူမ အစောတည်းက ဘာကြောင့်မသိခဲ့ပါလိမ့်။

သူမတို့ တစ်ယောက်နဲ့တစ်ယောက် အံ့သြ...
ကြည့်နေရာမှ တဖြည်းဖြည်း ရယ်ချင်လာရသည်။

သူမတို့က ကိုယ့်ကိုယ်ကိုယ် လုံလှပြီရယ်၊ ဟု...





...ပြီရယ်လို့ ယုံယုံကြည်ကြည် ထင်မြင်နေကြသည်လေ။

အခုမှ ပုန်းထားလျှို့ထားသမျှတွေ ဘွားခနဲ ပေါ်လာ
...တော့ တစ်ယောက်ကိုတစ်ယောက် မျက်နှာပူမိသလို
...လည်း ရယ်ချင်လာမိသည်။

သူမတို့နှစ်ယောက်က အခုလို ဆုံနေကြပြီဆို
...တာ also ရောဟု တွေးမိကြလို့ပင် မဆုံးသေးပါ။

"ဘုရားရေ . . . နှင်တို့ရော ရောက်နေကြတယ်"

ဟု နားယဉ်နေသော အသံစူးစူးကို ကြားလိုက်ရ
...သည်။

ဖက်ဖူးရောင် ချိတ်ဝမ်းဆက်နှင့် မြန်မာဆန်စွာ
...ကျော့ရှင်းနေသော အမိကကို တွေ့လိုက်ရသည်။ သူမ
...နှစ်ယောက်က အံ့သြပြီးကြပြီမို့ မထူးဆန်းတော့သလို
...နေမိကြသည်။

"ကျွန်တော်က ထူးထူးခြားခြား မိတ်ဆက်ပေးနေဖို့
...အပ်ဘူးထင်တယ်"

ထိုအခါကျတော့မှ သူမတို့ အကြည့်တွေက နေ

မင်းခေါင်ခေါင်ထံ ကျရောက်သွားတော့ . . .

သူမတို့အားလုံးက နေမင်းခေါင်ခေါင်ကို အားနာ သလို ကိုယ့်ကိုယ်ကိုယ် မလုံမလဲနှင့် ရှက်မိသလို ဝေခွဲမရ ဖြစ်သွားရတော့သည်။

"ဟို . . . ကျွန်မတို့က"

"ကျွန်တော်သိပြီးသားပါ"

"ရှင်"

သုံးယောက်လုံး တစ်ပြိုင်နက် ပြောမိသွားကြ သည်။

"ကျွန်တော် တခြားညှိသည်တွေကို ညှိခံစရာ ရှိသေးလို့ ခွင့်ပြုပါဦး"

ဟု ယဉ်ကျေးပျူငှာစွာ ပြောပြီး ထွက်သွားချိန်မှာ တော့ သူမတို့သုံးယောက်ရဲ့ စကားနာထိုးပွဲက စတင်ပါတော့ သည်၊

"ဒီလိုမှန်းသိရင် တက္ကစီခတောင် အကုန်မခံပါဘူး"

"အံမယ် . . . ငါက နင်တို့ရဲ့ ဒရိုင်ဘာများ မှတ်နေ





လား"

"စိတ်ကောင်းမွေးစမ်းပါ။ ခရီးချင်းအတူတူ ကား ကြုံလိုက်စီးလို့ရတာပေါ့။ နင်တို့ရဲ့ မပွင့်လင်းမှုကြောင့် ငါ့မှာ တက္ကစီခတောင် အပိုကုန်သွားပြီ"

"စကားပြောရင် စဉ်းစားချင့်ချိန်ချီး ပြောနော်။ နင်ကရော ဘယ်သွားစရာရှိတယ် ဘာညာပြောခဲ့လို့လား"

"အံမယ် . . . နင်ကရော ပြောလို့လား။ သူ့ရည်းစား လုမှာစိုးတဲ့အတိုင်း ရေငုံနှုတ်ပိတ်နဲ့"

"ဘိန်းစားချင်းအတူတူ တစ်မူးပိုမရှုချင်ကြနဲ့ တော့။ ငါတို့အချင်းချင်း ကွက်ကျော်ရိုက်ချင်ကြတဲ့ကိစ္စ အခြားသူတွေသိသွားရင် ရှက်စရာကြီး။ တော်ကြတော့"

ဟု သာမညက နဘေနင့်ကာရန်သုံးကာ ပုံနှင့်နိှုင်း ကာ ပြောလိုက်တော့မှ အဓိကနဲ့ သာဓကထံမှ ညံ့စိစိအသံ က စဲသွားရသည်။

သူမတို့သုံးယောက်အတွက် ကျေနပ်စရာ အချက် တစ်ချက်ကတော့ ဒီပွဲမှာ နေမင်းခေါင်ခေါင်က လူအများ

ကြားတွင် သူမတို့သုံးယောက်ကို အရေးပေးနေသည့် အချက်ပင်။

သူမတို့ကို ငယ်ပေါင်းကြီးဖော် တစ်ယောက်လို ဆက်ဆံသည်။

သူမတို့ သုံးယောက်လုံးကို တန်းတူလို အရေးပေးခဲ့သောကြောင့် မကျေနပ်ချင် ကျေနပ်ချင်ပင် အောင့်သက်သက်နှင့် သုံးယောက်လုံး ကျေနပ်လိုက်ရပြန်ပါသည်။





ဒီနောက်ပိုင်း သူမတို့သုံးယောက်နှင့် နေမင်းခေါင်ခေါင်က ပိုရင်းနှီးမှုရှိလာကြသလိုပင်။

အဓိကနှင့်လည်း အလုပ်ကိစ္စဟူသော ခေါင်းစဉ်ကြီးအောက်မှာ အကြောင်းမဲ့ တွေ့ဖြစ်ကြသလို သာမညနှင့်လည်း ပန်းချီကားတွေ၊ တပေအကြောင်းတွေနှင့် ပတ်သက်ဆက်စပ်၍ မကြာမကြာ တွေ့ဖြစ်လာကြပြီး . . .

သာကေဆိုတဲ့ ဒီဇိုင်နာအသစ်လေးနှင့်လည်း အသည်အလိပ်တွေ တင်သွင်းမှုနဲ့ ပတ်သက်ဆက်စပ်၍ အကြောင်းအရင်း မတိုက်ဆိုင်စွာ တကူးတက တွေ့ဖြစ်နေကြသည်။

အခုလို တစ်ယောက်နဲ့တစ်ယောက် တွေ့ဖန်များလာကြတော့လည်း အမည်ဖော်လို့မရတဲ့ ခံစားမှုလေးတွေ ရင်ထဲသို့ တဖြည်းဖြည်းစီးဝင်လာခြင်းကို အသီးသီးခံစားလာကြရသည်။

ဒီလိုခံစားမှုလေးတွေ စိမ့်ဝင်လာလေ . . . တစ်ယောက်ကိုတစ်ယောက် အမြင်မကြည်မိလေပါဘဲ။

နေမင်းခေါင်ခေါင်ရဲ့ ရှေ့မှာဆို သူမတို့သုံးယောက်လုံးရဲ့ ဒီဇိုင်းတွေက အိုတာဖြစ်နေကြသလိုပင်။ သူမတို့က တစ်ယောက်အကြောင်းကို တစ်ယောက်က အတွင်းသိအစဉ်းသိ သိကြလေတော့ တစ်ယောက်ရဲ့ဟာန်ပန်က နည်းနည်းပိုသွားလျှင်ပင် ကျန်နှစ်ယောက်က အလိုလို နှာခေါင်းရှုံ့မိပြီးလျက်ပင်။

အကြံချင်းတူရင် ရန်သူဆိုသည့်အတိုင်းပင် သူမတို့သုံးယောက်လုံးက အကြံချင်းက ချွတ်စွပ်တူနေကြလေတော့ လစ်ရင် လစ်သလို တစ်ယောက်ကိုတစ်ယောက် အလစ်မပေးစတမ်း ကွက်ကျော်ရိုက်ဖို့ ချောင်းမြောင်းလာ



တတ်သည်။

အသီးသီးကလည်း အလှမာန်လေးတွေ တစ်မျိုးစီရှိကြတာမို့ ငါ့ကိုပဲ နေမင်းခေါင်ခေါင် စိတ်ဝင်စားတာဖြစ်လိမ့်မည်ဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေမိကြသလို လျှို့ဝှက်တဲ့ ထိုပုရိသလေးရဲ့စိတ်ကိုလည်း မဖတ်တတ်နိုင်ကြတာမို့ စိတ်ထဲမှာ လိပ်ခဲတည်းလည်းလေး ခံစားနေကြရလျက်။

အချင်းချင်း အနိုင်ယူချင်ကြသော မာန်ကလေးတွေကလည်း ရှိတာကြောင့် မိန်းမတို့ရဲ့ ဉာဏ်လက်နက်တို့ကို တစ်နည်းမဟုတ် တစ်နည်းဖြင့် တတ်သလောက်မှတ်သလောက် ထုတ်သုံးကာ အချင်းချင်း မာယာအားပြိုင်နေကြတော့သည်။

အဓိကက သူမမှာ ရှိရင်းစွဲ ဉာဏ်နီဉာဏ်နက်အတိုင်း တော်တော်လေး ခင်မင်လာသော နေမင်းခေါင်ခေါင်ကို တစ်ခုခုလိုက်စားဖို့ ဖိတ်လိုက်သည်။

သူမရဲ့ အကြောင်းပြချက်ကတော့ မိန်းကလေး

တစ်ယောက်ဟူသော ဂုဏ်သိက္ခာလေးကိုထိန်းကာ မရှိတဲ့ အမှတ်တရတစ်ခုကို ဖျစ်ညှစ်၍ပင်။

နေမင်းခေါင်ခေါင်ကလည်း ဘာမှမစပ်စုပါဘဲ လျက် သူမ ချိန်းထားသောနေရာကို အချိန်အတိအကျ ရောက်လာခဲ့သည်။

သူရောက်လာတော့ စားပွဲပေါ်မှာ ဟင်းလျာတို့က အလျှံပယ်ဖြစ်၍နေခဲ့ပါပြီ။

"ကိုနေမင်းက တိကျသားပဲ"

"ကိုယ်တိကျတာကို အမိကက သိနေလို့နဲ့တူ တယ်။ စားပွဲပေါ် အဆင်သင့်ပါလား"

သူမတို့နှစ်ယောက်ရဲ့ နှုတ်ဆက်လိုက်ပုံက သူငယ် ချင်းမကျ၊ မိတ်ဆွေအဆင့်မရှိ။ ရင်းနှီးကျွမ်းဝင်ကြသူများ အနေနှင့်သာ။

"ဒါနဲ့ . . . အခြားလူလည်း မတွေ့ပါလား"

ဒီစကားကို သူမ သဘောပေါက်ပါ၏။ ဒါ သူမရဲ့ ပေါက်ဖော်ကြီးများဖြစ်သော သာမညနဲ့ သာဓကကို ရည်





ညွှန်းနေသည် မဟုတ်ပါလား။

ဒီစကားက တိုတိုရှင်းရှင်းရယ်ဆိုပေမယ့် သူမ အတွက်တော့ အကျပ်တွေ့စေတဲ့ စကားလုံးမျိုးပါ။

"ဟို . . . ဒီပွဲမှာ သူတို့မပါဘူးလေ။ ကိုနေမင်း အတွက် သီးသန့်"

အို . . . ဗုဒ္ဓေါရေ . . . ငါ ဘာတွေပြောမိပြန်ပါလိမ့်။ သူ အထအနကောက်သွားပြီလား။

အို . . . ဘယ်တတ်နိုင်တော့မလဲ။ ရေစီးရင်လည်း စီးဝင်လာပါစေတော့ မြောင်းဖောက်ပြီးသားပေါ့။

"ဪ . . . ဟုတ်လား။ အားနာစရာတွေဖြစ်ကုန် ပြီ။ ကိုယ်က ဘာလက်ဆောင်မှ ပါမလာဘူး"

ရိုးလိုက်တာနော်။ အ,ရန်ကော။ ဒါ ရှင့်ကို မြောင်း ပေးနေတာရှင့်။

"ဟင့်အင်း . . . လက်ဆောင်လိုချင်လို့မှ မဟုတ် တာ"

"ဒါနဲ့ . . . ဘာအထိမ်းအမှတ်လဲ"

ဒါ ဘာပြောရမလဲ။

"မွေး"

မဖြစ်ဘူး။ ဒါ ငါ့မွေးနေ့မှမဟုတ်တာ။

ဒါဆို ဒါနပြုတာ။ ဟာ . . . ဒါလည်း မဖြစ်သေးပါ ဘူး။

"အမှတ်တရပွဲလေ"

ဟု လျှာစလုတ်တိုက်ရာ ပြောပစ်တော့သည်။

ထိုအခါမှာ အစာစားနေသော သူက သူမကို မော့ ကြည့်လာကာ . . .

"အမှတ်တရ"

"အင်း . . . အမှတ်တရ။ ကိုနေမင်းနဲ့ဆုံရတာ အမှတ်တရမလုပ်ရသေးဘူးလေ"

"အဓိကက လူတစ်မျိုးပဲနော်။ နည်းနည်းထူးဆန်း တယ်"

"ရှင်"

"အင်း . . . လူလူချင်း ဆုံတွေ့ကြတာပဲ အမှတ်တရ





ပွဲလုပ်ဖို့လိုလား"

"ဟဲ . . . ဟဲ . . . ဒီလိုပါပဲ။ ထူးထူးဆန်းဆန်း တစ်မျိုး တစ်မည်ခံစားရရင် ဒီလိုပဲလုပ်ဖြစ်တတ်တယ်"

"ဩော် . . . ဒီလိုလား"

ဟု ဘာမှဆက်မမေး မပြောတော့ဘဲ စားစရာ ရှိသည်များကိုသာ ဆက်စားနေလိုက်သည်။

ကြည့်စမ်း။ စပတ်ကျလိုက်တာ။ စားပုံသောက်ပုံ လေးမှာ သေသေသပ်သပ်ရှိပြီး နူတ်ခမ်းဖျားလေးနဲ့ ထိကာ တို့ကာရယ်ပါ။

အစားအသောက်ကို တစ်ခုပြီးတစ်ခု အားရပါးရ နှိုက်စားနေလိုက်တာများ သေသေသပ်သပ်နဲ့ အဆင့် အတန်းရှိလိုက်တာ။

အဓိက . . . ညည်းအိပ်မက်ထဲက ဖူးစာရှင်ဟာ သူလိုလူမဟုတ်လို့ ဘယ်လိုလူမျိုးဖြစ်ဦးမှာလဲ။ သူလည်း ညည်းဘက်ကို ညွတ်ချင်လာပါပြီ အမိအရဖမ်းဆုပ်ထား စမ်း။ လက်လွှတ်မခံနဲ့။ ညည်းရဲ့ရည်မှန်းချက်က ယောကျ်ား

တောင်းတစ်ယောက်နဲ့ လက်ထပ်ဖြစ်ဖို့ပဲ။

သူလိုလူမျိုး ညည်းထပ်တွေ့နိုင်ဖို့ မလွယ်

ဘူး။ ဘဝမှာ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး။ ညည်း

နားလည်ရဲ့လား။ နားလည်ရင် လက်လွှတ်မခံနဲ့တော့။

သူမရဲ့ အသိစိတ်က သူမရဲ့နှလုံးသားကို ပြင်း

ထန်ထန် လှုပ်နှိုးနေခဲ့ပါပြီ။

သူမရဲ့နှလုံးသားက အသိစိတ်နှိုးမှ ထခဲ့ရတာလား

မနိုးခင်ကတည်းက နိုးနေပြီးသားလား။

"အဓိကက သိပ်စိမ့်တတ်တာပဲနော်"

"ရှင်"

ရုတ်တရက်ပြောလာတဲ့ သူ့စကားက သူမ

ချက်ချင်းနားမလည်ပါ။

"အင်း . . . ကိုယ်စားလာတဲ့ ဟင်းလျာတွေထဲမှာ

ဒီတစ်ခါ စားရတဲ့ဟင်းလျာတွေဟာ အစပ်အဟပ်အတည့်

ဆုံးပဲ"

"ကျေးဇူးတင်ပါတယ်"



"ကိုယ်က သိပ်အကျင့်မကောင်းဘူး။ လူ တစ်

ယောက်ကို ချီးကျူးခဲတယ်"

"ထပ်ပြီးကျေးဇူးတင်ပါတယ်"

"အဓိကက သိပ်ယဉ်ကျေးသိမ်မွေ့တယ်။ မိန်းမ

ပီသတယ်။ ထက်မြက်တယ်။ အခုခေတ်မှာ အဓိကလို ဖိဖိ

စီးစီးနဲ့စည်းစနစ်ရှိတဲ့ အမျိုးသမီးမျိုးက ရှားသွားပြီ။ ကိုယ်

တောင် ကံကောင်းလို့ အဓိကနဲ့ဆုံရတာ"

"မြှောက်နေပြန်ပြီ။ အဓိကက ဘဝင်မြင့်တတ်

တယ်နော်"

"မြင့်ထိုက်ပါတယ်။ အဓိကက ရုပ်ရည်အားဖြင့်

ရော၊ ပညာအရည်အချင်းအားဖြင့်ရော ဘာမှပြောစရာမရှိ

ဘူး။ အဓိကက အရာရာပြီးပြည့်စုံတယ်လို့ ပြောလို့ရတယ်။

ကိုယ် မြှောက်မပြောတတ်ဘူး အမှန်အတိုင်းပြောတာပါ။

အိမ်ထောင်တစ်ခုကို ဦးနှောက်နဲ့ပဲ ရွေးချယ်ဆုံးဖြတ်မယ်

ဆိုရင် အဓိကက ဘာမှ ငြင်းစရာမရှိတဲ့ အမျိုးသမီးတစ်

ယောက်ပါ။ ကိုယ်မြင်နေရတယ်။ အဓိကမှာ အိမ်ထောင်ရေး

သာယာအောင် ဖန်တီးမွမ်းမံနိုင်တဲ့ ပါဝါတွေပြည့်နေတယ်"

သူမကို စူးစူးနစ်နစ် ကြည့်ပြီးပြောလာတဲ့ သူ့အပြောတွေကြောင့် သူမရဲ့ ရင်ခုန်သံတို့ ကပိုကသီ ဖတ်သတ် ဖြစ်ချင်သွားမိသည်။

ဒါ သူမနဲ့ သူတို့ရဲ့ ဘဝလမ်းအတွက် အစပျိုးလိုက်တဲ့ နိဒါန်းလေးပေပဲလား။

ဟား . . . ဟား . . . ဒါဆို သူမအတွက် ရောင်နီအလင်းတန်းလေးပေါ့။





"သေချာနေပါတယ်။ သူ့ရင်ထဲမှာ ငါ့ကို ကြိတ်ချစ်နေပြီ"

အမိကရဲ့စကားအဆုံးမှာတော့ သာမညနဲ့သာဓကက အပြောင်မြောက်ဆုံးသော ပျက်လုံးတစ်ပုဒ်ကို ကြားလိုက်ရသည့်အလား ခွက်ထိုးခွက်လန် ဟားတိုက်ပစ်လိုက်သည်။

"ဩော် . . . သနားစရာကောင်းလိုက်တာ also ရယ်။ အဲဒီ့လိုလေးပြောတာနဲ့ပဲ အချစ်ဖြစ်နေရရောတဲ့လား"

သာမညရဲ့ စကားအကြားမှာတော့ အမိကက အတော်လေးစိတ်တိုချင်မိသွားသည်။

"ဒါဆို ဘာကအချစ်ဖြစ်ရမှာလဲ"

"နင် ကိုရီးယား ဇာတ်လမ်းတွဲတွေမှာ မမြင်ဘူးလား။ အေး . . . အဲဒါတွေမှ အချစ်တွေကွ"

"အရူးမ။ အဲ့ဒါတွေက ဇာတ်လမ်းတွေ။ ပရိသတ်ကိုဆွဲဆောင်ထားတဲ့ ထွင်လုံးတွေ။ တကယ် လက်တွေ့အပြင်မှာ အဲ့ဒါမျိုးတွေမရှိနိုင်ဘူး"

"အပြင်မှာရှိခဲ့လို့လည်း ဇာတ်လမ်းဆိုတာ ဖြစ်လာကြတာပေါ့။ ဒါတွေဟာ တကယ်မရှိပါဘူးဆိုရင် အချစ်ဟာလောကမှာ ရှိလာဦးမလား။ မင်းတို့ငါတို့ကလည်း လောကကြီးမှာ လူဖြစ်လာဦးမလား။ နင်တို့မသိရင် မှတ်ထား။ လူတစ်ဦးရဲ့ မွေးဖွားရှင်သန်ခြင်းကလည်း အချစ်နဲ့အဆုံးသတ်ရတာပဲ"

"အရူးမ . . . အဲဒါ နင့်ဇာတ်လမ်းတွေထဲမှာပဲ ဖတ်လို့ကောင်းအောင်ထည့်ရေး။ အပြင်မှာ အဲဒီလောက်ချစ်ကြသူတွေ မရှိကြဘူး"

"သိပ်သေချာသွားပြီ။ နင့်ရင်ထဲမှာ အချစ်မရှိဘူးဆိုတာ"



"အံမယ် . . . နင်ကရော ရာရာစစ အချစ်အကြောင်းပြောနေရအောင် အခုချိန်ထိ ရည်းစား ဘယ်နယောက်ထားဖူးသေးလို့လဲ"

သာကေရဲ့ ဖြောင်ကျကျအမေးမှာတော့ သာမညစ်ခနဲတိတ်သွားရသည်။

ဒါပေမဲ့ သာမညက စာရေးဆရာမရူးပီပီ အားကျမခံ။

"နင်တို့ကရော"

"ငါတို့က မချစ်ဖူးတော့ အချစ်ကိုလည်း မသိဘူး။ အချစ်အကြောင်းလည်း မပြောဘူး"

"ဒါပေမဲ့ မင်းတို့ အချစ်ကိုတော့သိချင်ကြတယ် မဟုတ်လား"

သာမညရဲ့ စွပ်စွဲသလိုမေးလိုက်သော အမေးမှာတော့ သူမတို့နှစ်ယောက်လုံး တိတ်သွားကြပြန်သည်။

မှန်ပါသည်။

သူမတို့နှစ်ယောက်လုံးကလည်း အချစ်ကိုတော့ ခံစားဖူးချင်နေကြသေးသည် မဟုတ်ပါလား။

"အေး . . . အဲဒါပဲ"

သာမညက ထုံးစံအတိုင်း ဆရာမကြီးလေသံသုံးကာ ငြီကာချဲ့လိုက်သည်။

"ငါတို့သုံးယောက်လုံးက မချစ်ဖူးကြဘူး။ အေး ဒါပေမဲ့ ငါက အချစ်အကြောင်းပိုသိတယ်။ ဟဲ . . . ဟဲ ငါက အချစ်တွေကို စာလုံးတွေအဖြစ် ပုံဖော်နေသူလေ"

"ဒါဆိုရင် နင့်ကို ဒီကိစ္စမှာ ဆရာတင်တယ်ပဲ ထား ပါတော့ကွာ"

မတင်မံကျနှင့် သာစကေရဲ့ စကားကို ဆရာတင် ဆိုတဲ့စကားလုံးလေးနှင့်ပင် သာမညက ရှာကြံကျေနပ်ရပြန် သေးသည်။

"လူတစ်ယောက်က တစ်ယောက်ကို ချစ်မိနေပြီ ဆိုရင် ဘယ်လိုခံစားရသလဲ။ ကဲ . . . အဲဒါလေး လင်းစမ်းပါဦး"



သာမည နည်းနည်းအဖြေရခက်တဲ့ စကားလုံး လေးဆိုပေမယ့် သူမက သာမညပဲ ဘယ်အညံ့ခံလိမ့်မလဲ။

လည်ချောင်းလေး တစ်ချက်ရှင်းကာ . . .

"ချစ်မိပြီဆိုကတည်းက ခံစားချက်တစ်မျိုး ထူးခြား လာမှာတော့ အမှန်ပဲ"

"အဲဒါတော့ နင်ပြောမှလား"

"ဆုံးအောင် နားထောင်လေ။ အွန်စောနဲ့ဂျွန်စော ချစ်ကြတာမမြင်ဘူးလား။ တစ်ယောက်ကလည်း အိုပါး အိုပါးနဲ့။ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ထိ စွန့်လွှတ်နစ်နာခံကြသလဲ။ အေး . . . အချစ်ဆိုတာ အဲ့လိုပဲ"

"အင်း . . . နင် နာမည်ကြီး စာရေးဆရာမ ဖြစ်ဦးမှာ သေချာတယ်။ နင့်စာမူတွေကို ထုတ်လုပ်သူလေး လက် ခံချင်လာအောင် ဘယ်နတ်စုတ်နတ်ပြတ်က နှီးဆော်လိုက် သလဲမသိဘူး။ ဘယ်နှယ့်ကွာ . . . အချစ်ဝတ္ထုတွေ ဒီလောက် ရေးနေပြီး၊ အချစ်အကြောင်းကို ဒါလေးတောင် ရှင်းရှင်းလင်း လင်းမပြောတတ်ဘူး။ မသိရင်မှတ်ထား ရင်ခုန်ရင်အချစ်တဲ့။

ချစ်ကောင်းတောင် ဆိုထားသေးတယ်"

"ရင်ခုန်တိုင်းသာ အချစ်ဖြစ်မယ်ဆိုရင်လေ . . . ကျောင်းက ဆရာတွေ၊ ဆရာမတွေ အားလုံးဟာ အချစ်တွေ ကြီးပဲပေါ့"

ဝင်ထောက်လာတဲ့ အမိကရဲ့ စကားဆန်းဆန်းကြောင့် အမိကထံသို့ သူမတို့နှစ်ယောက်လုံးရဲ့ မျက်လုံးပြူးများ ကျရောက်သွားကြပြန်သည်။

"အေးလေ . . . တမရတဲ့အချိန်များဆို ပိုတောင် ရင်ခုန်သေးတယ်"

"အရှူးမ . . . အဟုတ်မှတ်လို့ နားထောင်နေတာ"

"အေးလေ။ နင်တို့စကားက ယုတ္တိမရှိတာ။ ရင်ခုန်တိုင်းသာ အချစ်ဖြစ်ရမယ်ဆို ကမ္ဘာပေါ်မှာ အချစ်တွေ ရေစီးကမ်းပြိုလိုက်နေလောက်ပြီ"

"ဟုတ်တယ်ဟ။ ရင်ခုန်တိုင်းလည်း အချစ်မဖြစ်နိုင်ဘူး"

"အေး . . . အဲဒါပဲ။ လှတယ်လို့ပြောတိုင်းလည်း





အချစ်မဖြစ်နိုင်ဘူး။ R.ဇာနည်တောင် ဆိုထားသေးတာပဲ ချစ်လို့လှတာပါတဲ့"

"ဒါဆို ဘယ်လိုဟာမျိုးက အချစ်လဲ"

"ခက်ပါရောလားနော်။ ဒီလောက် ခက်ခဲနက်နဲလှတဲ့ အချစ်ပုစ္ဆာကို အဖြေရတဲ့ထိကို ကယ်ကူလိတ်တာနဲ့ တွက်ချက်ပစ်ဦးမယ်"

"ကယ်ကူလိတ်တာသုံးနေလို့ကတော့ နင် အချစ်ကို တွေ့မှာမဟုတ်ဘူး also။ အချစ်က မာနတွေကို ခေါ်ချပြီး ထွက်ပေါ်လာတတ်တဲ့ နတ်သားတစ်ပါးပဲ"

"အကဲပိုမပြောတာ မှန်တယ်။ ငါကတော့ ဒီလောက်ဆန်းလှန်းတဲ့အချစ်ကို မီးခွက်ထွန်းပြီးမရှာဘူး။ လေးပေပြောင်းနဲ့ကို ထွန်းပြီး တွေ့အောင်ရှာဦးမယ်"

ဟု အသီးသီး ကြုံးဝါးပစ်ကြသည်။

ပန်းချီပြပွဲ ပြီးသွားသည့်နောက်ပိုင်းမှာတော့ သူမက အောင်မြင်သွားသည်ဟု သတ်မှတ်၍ရသည်။ အဘယ်ကြောင့်ဆိုသော် ပန်းချီကား တော်တော်များများရောင်းလိုက်ရသောကြောင့်ပင်။

ရောင်းရန်မဟုတ်ဆိုတဲ့ ပန်းချီကားတွေနှင့် အခြားနည်းနည်းသာ ကျန်ရှိသည်။

သူမရဲ့ ပထမဆုံးခြေလှမ်းက အထိုက်အလျောက် အောင်မြင်သွားပါသည်ဟု ဆိုရမှာပင်။

သူမရဲ့ အောင်မြင်မှုရဲ့ အဓိက ကျေးဇူးရှင်ကတော့ နေမင်းခေါင်ခေါင်ဟု ဆိုရမှာပင်။



သူမရင်ထဲမှာပင် နေမင်းခေါင်ခေါင်ကို နက်နက်ရှိုင်းရှိုင်း ယုံကြည်အားကိုးမိသွားသည်။

စီးပွားရေးလောကထဲမှာ ကျင်လည်နေသည့် နေမင်းခေါင်ခေါင်မှာ အနုပညာမာန်အပြည့် ရှိနေသည်။ ဒါကြောင့်လည်း သူမကို အကြံအဉာဏ်ကောင်းများပေးနိုင်ခဲ့သည် မဟုတ်ပါလား။

သူမ နေမင်းခေါင်ခေါင်ကို အထင်ကြီးသည်။ ယုံကြည်အားကိုးမိသည်။ သူမ ဘဝခရီးလမ်းတွင် နေမင်းခေါင်ခေါင်နှင့်သာ တိုက်ရိုက်ပတ်သက်ခွင့် ရခဲ့မယ်ဆိုရင် သူမလောက် ကျေနပ်နိုင်မည့်လူ မရှိတော့လောက်ဘူး ထင်ပါရဲ့။

သူမ သိပ်တောင့်တခဲ့သော အနုပညာလှုပ်ရှားမှုများမှာလည်း နေမင်းခေါင်ခေါင်က ရာနှုန်းပြည့် အားဖြည့်ပေးနိုင်သည်။

နေမင်းခေါင်ခေါင်သာ အားဖြည့်ကူညီပေးခဲ့မယ်ဆိုရင် သူမ သိပ်လိုချင်ခဲ့သော အောင်မြင်မှုအပြည့်နဲ့ ဘဝ

လမ်းဆီသို့ အလွယ်ကူဆုံးရောက်ရှိမည့် လှေကားတစ်စင်းပင်။

ဟော့ . . . ပြောရင်းဆိုရင်း လှေကားထစ်ကြီးက အလိုအလျောက် ပေါ်လာပြန်ပါပြီ။

ကြည့်စမ်း . . . သန့်လိုက်တာ။

သူမ အိပ်မက်ထဲက မင်းသားဟာလည်း နေမင်းခေါင်ခေါင်ပဲ ဖြစ်ပေလိမ့်မည်။

သူလိုလူကမှ ပြည့်စုံသူဟု ဆိုနိုင်ပေမည်ပဲ။ ဘောင်းဘီအိတ်ကို လက်နှစ်ဖက်နှိုက်ပြီး စမတ်ကျကျ လျှောက်လှမ်းလာသော သူ့ခြေလှမ်းကျဲကျဲတွေက သူမ နှလုံးသားကို တစ်စစီ ဖုံ့ခြွေနေသလိုပင်။

အို . . . ဒီခြေလှမ်းတွေပဲ။

သူမ စိတ်ကူးယဉ်ခဲ့ဖူးတဲ့ ဝတ္ထုဇာတ်ကောင်ထဲက အချစ်သူရဲကောင်းရဲ့ ခြေလှမ်းတွေပေါ့။

ကြည့်စမ်း . . . ခြေလှမ်းတွေကိုက ယုံကြည်အားကိုးထိုက်ပါပေတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့



ခြေလှမ်းမျိုးပေါ့။

သူမ နေမင်းခေါင်ခေါင်ကို ရာနှုန်းပြည့် အထင်ကြီးနေမိသည်။

အထင်ကြီးပြီး အားကိုးယုံကြည်ခြင်းကသာ အချစ်ဆိုရင် သူမ နေမင်းခေါင်ခေါင်ကို လုံးဝ ချစ်နေမိပါပြီ။

သူက တည်ကြည်လေးနက်တဲ့ အပြုံးပွင့်လေးနှင့် သူမနှလုံးသားကို ထပ်ဆင့်ဖုံ့ခြွေလိုက်ပြန်သည်။

အို . . . သူ့အပြုံးက လှလိုက်တာ။

သူမ ပြန်ပြုံးပြရမှာလား။ ရင်ခုန်သံကိုပဲ ဖွတ်ထိန်းချုပ်ပစ်ရမှာလား။

အို . . . တစ်ခါတစ်ရံမှာလည်း ရင်ခုန်နှုန်းကို ဒီအလိုက် လွှတ်လပ်ခွင့်ပေးလိုက်တာက သက်သောင့်သက်သာရှိလှပါတယ်လေ။

"အလုပ်ရှုပ်နေတယ်နဲ့ တူတယ်"

အသံလေးတွေကကို သြရှရှနဲ့ သူမရဲ့စိတ်ကူးကို ရှုးသွပ်စေသူပါ။

သူမက ကိုင်ထားသောပန်းချီကားကို နံရံမှာ ပြန်ချိတ်ကာ . . .

"ဘာရယ်မဟုတ်ပါဘူး ဒီလိုပါပဲ။ ဒါနဲ့ . . . နေမင်းခေါင်ခေါင်က လမ်းကြုံလို့"

"မဟုတ်ဘူး။ တမင်တကာပါ"

"ဩော်"

ဟမင်တကာတဲ့။ သူမ ပိုရင်ခုန်ချင်သွားသည်။

"ညှို့သည်ပေါ့နော်။ ညှို့ဝတ်ပြုချင်တယ် အချိန်ရလား"

"တကယ်တော့ ကျွန်တော် ပစ္စည်းတစ်ခုဝယ်စရာရှိနေလို့။ အဲဒါ သာမညများ အားလေမလားလို့ပါ"

"အိုး . . . အားတာပေါ့။ ရတယ်လေ"

သူမက ဟန်မလုပ် ပန်မလုပ်ပင် ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

ဒီလိုနှင့်ပဲ သူမနဲ့နေမင်းခေါင်ခေါင် အတူတူရှိဖြစ်သွားကြပြန်သည်။



သူမက ယောကျ်ားတစ်ယောက်နှင့် ဈေးဝယ်ထွက်ခြင်းမှာ ဒါ ပထမဆုံးဖြစ်၍ ဘာစကားတွေ ပြောပြီး ဘယ်လိုပြုမူနေထိုင်ရမှန်းပင် မသိနိုင်တော့။

သူမရဲ့ ဝတ္ထုတွေထဲမှာဆိုရင်တော့ ဒီလိုအချိန်မျိုး အချစ်အကြောင်းကို ဗျူဟာဆင်ပြီး အခြေအနေတိုးတက်ကြသည်ပေါ့။

သို့ပေမယ့် အခုလက်တွေ့ အခြေအနေမှာတော့ တသိကအောက်နိုင်လှသည်။

ခဏာပဲပြောပြော သူမက စိတ်ကူးယဉ်အချစ်ဝတ္ထုများကိုရေးနေသော စာရေးဆရာမ ပေါက်စလေးပီပီ စိတ်ကူးယဉ်လိုက်မိတာတော့ အမှန်ပင်။ သို့သော် လေတိုးမခံဖူးသည့် နှလုံးသားနုနုကြောင့် ရှိုးတိုးရှန့်တန့်။

"နေမင်းခေါင်ခေါင် ဘာပစ္စည်းဝယ်မှာလဲနော်"

"သာမညက ဘယ်ရာသီမှာ မွေးတာလဲ"

"မိုးရာသီ"

"ကျွန်တော် Fancy ပစ္စည်းလေးဝယ်မလို့"

"ရှင်"

သူ့စကားကို သူမ နားမလည်လိုက်ပါ။

သူမ နားကြားများလွဲနေရော့သလား။ သူလိုလူက ကလေးကလား Fancy ပစ္စည်းဝယ်မယ်ဆိုပဲ။ ထူးဆန်းနေ၍ သူမ ပိုပြီးစိတ်ဝင်စားလာသည်။

သူက မှန်လှောင်အိမ်ထဲမှာ အစွမ်းကုန် ပြည့်ဝ သာယာနေတဲ့ လပြည့်ဝန်းကြီးနှင့် တစ်ခြမ်းပဲကွေးစက်ပြီး လှပနေတဲ့ လမင်းလေးရယ်၊ ဖန်ကြည်ရောင်လဲ့နေတဲ့ ချစ်စဖွယ် မှန်တုံးလေးရယ် ပစ္စည်းသုံးခုကို စိတ်ကြိုက်ရွေး ကာ ဝယ်လိုက်သည်။

သူ့မှာ ဘာစိတ်ကူးဆန်းလေးများ ရှိနေပါလိမ့်၊ သူမ စိတ်ဝင်စားမိပါသော်လည်း သိက္ခာရှိတဲ့ အမျိုးသမီး တစ်ယောက်ပီပီ ဆိုးဆိုးဆတ်ဆတ် မမေးဖြစ်လိုက်။

"မိုးရာသီမှာ မွေးတော့ မိုးရှာနေမှာပေါ့နော်"

"အင်း . . . အမေပြောတာတော့ သာမညကို မွေးတဲ့ အချိန်မှာ ဆီးနှင်းကျသလို မိုးဖွဲလေးတွေပဲရှိတယ်လို့ ပြော





တယ်"

"သာမည ဘယ်ရာသီကို နှစ်သက်သလဲ"

"မသိဘူး။ အချိန်အခါနဲ့အခြေအနေအရ အတိ အကျမပြောတတ်ဘူး"

"ကျွန်တော်က စကားတစ်လုံးကို အမြဲတမ်း တစ် ခွန်းတည်း အတိအကျပြောနိုင်တယ်၊ ပြောပြီးစကားဆိုရင် လည်း တစ်ခွန်းတည်းနဲ့တည်မြဲတယ်။ ကျွန်တော်က စကား တစ်ခွန်းကို ထိန်ချန်ပြီး ပြောရင်သာပြောမယ်။ လိမ်မပြော ဘူး။ ကျွန်တော့်စကားကိုလည်း မယုံသင်္ကာနဲ့ တကယ်လား လို့မေးရင်လည်း မကြိုက်ဘူး"

ဒါဆို သူက တည်ကြည်တဲ့ ယောကျ်ားတစ် ယောက်ပေါ့။

"နေမင်းခေါင်ခေါင်ရော ဘယ်ရာသီကို နှစ်သက် သလဲ။ နေမင်းခေါင်ခေါင်ဆိုတော့ နွေရာသီကို နှစ်သက်မှာ ပေါ့နော်"

"ဟွန့်အွန်း . . . ကျွန်တော့်နာမည်ကို ကျွန်တော်

မကြိုက်ဘူး အရမ်းပူလွန်းလို့။ ကျွန်တော်က ဆောင်းရာသီ ကိုပဲ နှစ်သက်တယ်။ အေးမြတဲ့အရသာကို နှစ်သက်တယ်။ ပြီးတော့ ဆောင်းနှင်းမကွဲတကွဲမှာ တောင်တန်းလေးရဲ့ပန်း ကားကိုနှစ်သက်တယ်။ နှင်းတွေကျနေရင် ကျွန်တော့်စိတ် ထဲမှာ တစ်မျိုးပဲ။ အရင်ကဆို နှင်းမကွဲတကွဲနဲ့အချိန်မှာ မြို့ ငယ်လေးတစ်မြို့မှာ စက်ဘီးစီးနေခဲ့ဖူးတယ်"

သူ့စကားရှည်ကြီးကို သူမ နားထောင်ရင်း ရင်ထဲ မှာ လှိုက်လှဲမှုလေးတစ်မျိုးစီ ဝင်လာရသည်။

"လူတစ်ယောက်ဟာ ဖြစ်နေရတဲ့ဘဝနဲ့ ဖြစ်ချင် ခဲ့တဲ့ဘဝ ဘယ်တော့မှ တစ်ထပ်တည်းဖြစ်မနေတတ်ဘူး။ ကျွန်တော်က ပန်းချီဆရာတစ်ယောက် ဖြစ်ချင်ခဲ့တာ။ ဒါပေ မဲ့ အခြေအနေအကြောင်းကြောင်းကြောင့် ဖြစ်ခွင့်မရခဲ့ဘူး။ ဒါကြောင့် ပန်းချီဆရာမ သာမညကို ကျွန်တော် လေးစား ရတာပါ။ အချိန်ကြာလာသည်နဲ့အမျှ သိလာတယ်။ ဘဝ ဆိုတာ စိတ်ကူးနဲ့ တစ်ထပ်တည်းမကျဘူး။ အခု ကျွန်တော် က စီးပွားရေးသမားဖြစ်သွားလို့လား မသိဘူး။ ဘဝကို ရှေ





တွက် တွက်လာပြီ"

ထိုစကားကိုတော့ သူမ စိုးရိမ်သွားမိသည်။

ဘာကြောင့်ပါလိမ့်။

"ကျွန်တော် ဒီနေ့ ပစ္စည်းသုံးခုဝယ်လိုက်ပြီ။ တစ်ခု က ချစ်သူအတွက်၊ တစ်ခုက လက်ထပ်မယ့်မိန်းကလေး အတွက်၊ နောက်တစ်ခုက သူငယ်ချင်းအတွက်"

"ဘာ . . . ချစ်သူနဲ့ လက်ထပ်မယ့်မိန်းကလေး တစ်ယောက်တည်းမဟုတ်ဘူးလား"

ထိုအခါမှာတော့ သူက ဆွဲညို့စွာ ပြုံးလာပြီး . . .

"အချစ်ကို လက်ထပ်ခြင်းနဲ့ မရောထွေးပစ်သင့် ဘူး။ တကယ်တော့ အချစ်ဆိုတာ ရင်ထဲမှာ အလိုလိုဖြူစင် ပြီးသားပါ။ လက်ထပ်ခြင်းဆိုတာ ဘဝနှစ်ခုကို ပေါင်းစည်း လိုက်တော့ အရောင်များစွာပါတယ်။ အချစ်ကို နှလုံးသားထဲ မှာ ထာဝရဖြူစင်စေချင်တယ်။ အရောင်တွေ မပေကျံစေ ချင်ဘူး။ အချစ်ကို အချစ်သန့်သန့်ပဲ ခံစားသွားချင်တယ်။ ဒါကြောင့် ကျွန်တော့်ချစ်သူကို ဒီလိုပြည့်ဝန်းပဲ လက်ဆောင်

ပေးလိမ့်မယ်။ ကျွန်တော့်နှလုံးသားကို ဒီမှန်အိမ်ထဲမှာ မြှုပ်

ထားတဲ့သဘောပေါ့"

"အချစ်မပါတဲ့အိမ်ထောင်ရေးက သာယာပါ့မလား"

"အိမ်ထောင်ရေးဆိုတာ သံယောဇဉ်တွေ၊ အ

အယူမျှတဖို့တွေ၊ နားလည်မှုတွေ ဒါတွေပဲလိုအပ်တာပါ"

"ချစ်သူကိုစွန့်ပြီး ရှင်တစ်သက်တာနေနိုင်လို့လား"

"အချစ်ဆိုတာ ပုံပြင်တွေ၊ ဝတ္ထုတွေထဲမှာပဲ သ

တော်တာပါ။ လက်တွေ့ဘဝမှာတော့ အဓိကကျတာတစ်

မဟုတ်ဘူး။ ကျွန်တော်က စီးပွားရေးသမားလေ။ ပွဲတ

မယားကိုပဲ အလိုရှိတာပါ"

"ဪ"

သူမ ရင်ထဲဟာတာတာလေး ဖြစ်သွားရသည်

တကယ်ပဲ စီးပွားရေးသမားတွေဟာ ဘဝကို ဈေးတွက်တွ

ကုန်ကြပြီလား။

"ဒါဆို ရှင်က ချစ်သူဆိုတာမျိုးကို ဘာဖြစ်လို့

သုံးနှုန်းနေဖြစ်တော့သလဲ"





"ကျွန်တော်ပြောပြီးပါပကော။ အချစ်က ဘဝနဲ့

သက်ဆိုင်ပါဘူးလို့။ စိတ်ကူးယဉ်တယ်ဆိုတာ အတွေးထဲ

မှာပဲကောင်းတာပါ။ ဘဝထဲခေါ်မလာသင့်ဘူး။ လုပ်သင့်တာ

ကိုမလုပ်ရင် ဖြစ်ချင်သလို ဖြစ်သွားတတ်တယ်လို့ ကျွန်

တော့်အဖေက ဆုံးမဖူးတယ်။ ကျွန်တော်က လုပ်သင့်တာကို

ပဲလုပ်မှာပါ။ အဲဒါ ကျွန်တော့်ချစ်သူကို မချစ်လို့မဟုတ်ဘူး။

သိပ်ချစ်ပါတယ်။ ရင်ထဲကအချစ်က ကျောက်စိုင်ကျောက်

သားလိုပါပဲ။ ဒါပေမဲ့"

ဒါပေမဲ့ နောက်ဆက်တွဲစကားကို သူမ မကြား

ခဲ့တော့ပါ။

ဘာကြောင့်လဲဆိုတော့ သူမ သူ့ကို ရင်ခုန်မိသွားခဲ့

လို့ပါပဲ။

သူတို့ပြောနေကြသည်ကို တစ်စွန်းတစ်စ နားစွန်

နားဖျားကြားမိသွားသူကတော့ သာခေ ရယ်ပါ။

သာမညနဲ့ နေမင်းခေါင်ခေါင်တို့အတွဲကို ရိပ်ခနဲ

မြင်လိုက်၍ မယုံသက်ာနှင့် လိုက်ချောင်းရာမှ အစုလို ကြား

လိုက်ခြင်းဖြစ်သည်။ သူတို့နှစ်ယောက် အချစ်အကြောင်း ပြောနေကြတာပါ သေချာပါတယ်။

တစ်ယောက်ကလည်း ဖြစ်နေလိုက်တာများ မျက်နှာလေးတွေနီလို့။ သာမည ပုံစံအရ နေမင်းခေါင်ခေါင်ရဲ့ တီးတိုးစကားသံကို ကြားချင်လာ၍ အာရုံစိုက်မိခြင်းပင်။

သူမ ရုတ်တရက် သာမညကို မနာလိုဖြစ်ချင်လာသည်။

ဒါဆို သူမကရော နေမင်းခေါင်ခေါင်ကို . . . အို မဖြစ်နိုင်ပါဘူး လူ့ကန့်လန့်ကြီးကိုများ။

သူမနဲ့ တက္ကစီလုစီးတုန်းက ရန်တွေ့လိုက်ပုံများ မိန်းမကြီးအတိုင်းပဲ။

ဟွန့် . . . မုန်းလိုက်တာ။

ဒါပေမဲ့လည်း ချစ်ချင်စရာကြီး။

ဒီလောက် စမတ်ကျသန့်ပြန့်တဲ့ ယောကျ်ားတစ်ယောက်ကိုသာ မချစ်ရင် သူမချစ်ရမယ့်လူ ကမ္ဘာမှာမရှိနိုင်တော့။



ဒါဆို သူမ ဘာလုပ်သင့်သလဲ။

မေတ္တာမှန်ရင် ပြန်လာစမြဲပဲတဲ့၊

ဟုတ်ပြီ။ သူမ မေတ္တာမှန်ပဲ ထားကြည့်လိုက်မယ်။

သူမက စိတ်ကို စိတ်ချင်းဆက်သွယ်တဲ့နည်းနှင့်ပဲ အချစ်ကို ချီတက်ဖို့ စိတ်ကူးမိလိုက်သည်။

အချစ်မှာ ချစ်ဖို့ပဲလိုတယ်။ ဘာအကြောင်းအရာမှ မလိုဘူးဟု ယုံကြည်ပစ်လိုက်သည်။

ယုံကြည်မှုလေးသာရှိနေရပေမယ့် မရေရာတာမို့ သိသိသာသာ တိုးတက်နေတဲ့ သာမညရဲ့အခြေအနေကို သူမ ဘယ်လိုမှ မရှုဆိတ်နိုင်ပြန်။

အကျီဒီဇိုင်းတွေကို တစ်မျိုးပြီးတစ်မျိုး မရိုးရလေအောင် ပုံဖော်နိုင်စွမ်းတဲ့ သူမရဲ့ပင်ကိုအရည်အချင်းကြောင့် နေမင်းခေါင်ခေါင်ရဲ့ ကမ်းလှမ်းခြင်းကိုခံခဲ့ရပြန်သည်။

နေမင်းခေါင်ခေါင်က နှစ်သန်းပေါင်းများစွာ ဂိုဒေါင်ထဲပိတ်လှောင်ခံထားရတဲ့ ပိတ်အုပ်တွေရှိရာသို့ သူမကို ခေါ်သွားခဲ့သည်။

သူမ သိပ်အံ့ဩသွားခဲ့ရပါသည်။ များပြားလှတဲ့ ပိတ်အုပ်တွေပါလား။ မှန်ပါသည်။ ဂိုဒေါင်တစ်ခုလုံးအပြည့် အစီအရီရှိထားတဲ့ ရောင်စုံအလှများပဲ။ ဒါတွေကိုသာ အကောင်းဆုံး ပြုပြင်မွမ်းမံနိုင်ရင်တော့ ငွေတွင်းကြီးပဲ။



သူမ အံ့ဩမိခြင်းနှင့်အတူ ပိတ်အုပ်တွေကို ဟိုငုံကြည့် ဒီဆွဲကြည့်နှင့် စူးစမ်းလိုက်သည်။

ပိတ်သားတွေက သိပ်ကောင်းတာပဲ။ ဒီဇိုင်းနည်းနည်းအောက်နေတာကလွဲလို့ အရည်အသွေးမှာ ပြောစရာ ...လို။

"ဘယ်လိုလဲ။ ကိုယ့်ရဲ့ကမ်းလှမ်းချက်ကို လက်ခံ...င်ရဲ့လား"

"အရမ်းအံ့ဩတာပဲ။ ဒါတွေကို အချိန်အကြာကြီး ...ထဲ သိမ်းဆည်းထားတာပဲ"

"ဟုတ်တယ် . . . ကိုယ်သိနေတယ်။ ဒီဇိုင်းအောက်...နေတဲ့ ဒီပိတ်အုပ်တွေဟာ သာကေရဲ့ဉာဏ်ရည်အောက်မှာ ...သက်ဝင်လှုပလာလိမ့်မယ်"

ဒီစကားတစ်လုံးနဲ့တင် သူ့ရဲ့ကမ်းလှမ်းချက်ကို သူမ သဘောတူချင်သွားပါသည်။

"သာကေက ရှင်ထင်ထားသလောက် မစွမ်းဘူး ...ထင်တယ်"

"သိတဲ့လူဟာ ကိုယ့်ကိုယ်ကိုယ် သိနေတယ်လို့ မဖွင့်ဟသလို၊ တော်တဲ့လူကလည်း ကိုယ့်ကိုယ်ကိုယ် တော်ပါတယ်လို့ သတ်မှတ်လေ့မရှိဘူး။ ကိုယ်သိနေတယ်။ သာခက လုပ်နိုင်မယ်ဆိုတာ။ ဘာဖြစ်လို့လဲဆိုတော့ သာခကေရဲ့ အမြင်ရှိပုံကို အိမ်ခြွေမမဆီက တစ်ဆင့် သိနေပြီးနှင့်လို့ပါ"

"ရှင်က ဒီလောက်ထိမြှောက်နေမှတော့ သာခကေက လက်ခံဖြစ်တော့မှာပေါ့"

"ကျေးဇူးတင်ပါတယ်။ ကိုယ်ကလည်း ဒီလိုပဲ မျှော်လင့်ထားပါတယ်"

"ဒါပေမဲ့ သာခကေက နည်းနည်းဇီဇာကြောင်တယ်"

"လိုအပ်တာရှိရင် ကိုယ့်ဘက်က လိုက်လျောမှာပါ။ ကိုယ်က ကမ်းလှမ်းတဲ့လူပဲ"

"အိုကေ . . . ဒါဆို တစ်ခုပဲပြောချင်တယ်။ သာခကေကို စိတ်ကြိုက်လုပ်ဆောင်ခွင့်ပေးပါ။ သာခကေက ဆွဲပြီးသားဒီဇိုင်းကို အကြောင်းတစ်မျိုးပြပြီး ပြင်ဆင်ရေးဆွဲပေးပါလို့ ပြောရင် မနှစ်သက်တတ်လို့ပါ"

---



"ကတိပေးနိုင်ပါတယ်။ ဒါဆို ကိုယ်တို့ အလုပ်ဖြစ်သွားပြီလို့ သတ်မှတ်လိုက်တော့မယ်နော်"

သူမ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို လုပ်ငန်းသဘောအရ စာချုပ်လေးနဲ့ လုပ်ကြရအောင်"

ဟု သူက ပြတ်ပြတ်သားသား ပြောလာသည်။

သူ့ရဲ့တည်ကြည်လေးနက်တဲ့ ဟန်ပန်ကို သူမ သိပ်နှစ်သက်သွားမိသည်။ ဒါကြောင့်လည်း အဓိကနဲ့ သာမညက စွဲလမ်းနေကြတာနေမှာပေါ့။

သူမတောင် လိမ့်ပက်လိမ့်ပက်နဲ့ ဒီနေမင်းဖာတ်ရှပ်ထဲ ပါချင်နေပြီ မဟုတ်လား။

ဒီနောက်ပိုင်းမှာတော့ နေမင်းခေါင်ခေါင်နှင့် သူမလည်း အလုပ်ကိစ္စဆိုသော ခေါင်းစဉ်ကြီးအောက်မှာ တမင်တကာပင် ဆုံတွေ့ဖြစ်နေကြသည်မှာ မကြာခဏပင်။ ဒီလိုပဲ တွေ့ကြမြင်ကြရှိန်များလာတော့ တည်ကြည်ခန့်ညားတဲ့ နေမင်းခေါင်ခေါင်အပေါ် တိမ်းညွှတ်လာမိသည်။

ဘာကြောင့်များ နေမင်းခေါင်ခေါင်က တစ်ချိန်တည်းမှာ သူမတို့သူငယ်ချင်းသုံးယောက်လုံးရဲ့နှလုံးသားကို တစ်ပြိုင်နက်တည်း ပြုစားနိုင်ရတာလဲ။

နေမင်းခေါင်ခေါင်က တည်ကြည်စွာ ဆက်ဆံလေ သူမတို့ ပိုရူးသွပ်ကြမိလေပါပဲ။

အချစ်ရေးဖြစ်လာသည့်အတွက် ကြာလာတော့ သူမတို့အချင်းချင်း အမြင်မကြည်မှုလေးများ ဖြစ်လာကြသည်။

နေမင်းခေါင်ခေါင်ရဲ့အချစ်ကို တစ်ယောက်ယောက်က အပိုင်ရရှိသွားမှာကို အချင်းချင်း သက်ာမကင်း စိုးရိမ်လာကြသည်။ ဒါကြောင့် သူမတို့ကြားမှာ မြုပ်ကွက်ကလေးတွေ ရှိလာကြသည်။ ဒီတော့ သူမတို့ရဲ့ဆက်ဆံရေးက အရင်ကလို စည်းမနေကြတော့ဘဲ ကျိုးတို့ကျဲတဲဖြစ်လာကြသည်။

တစ်ယောက်ရဲ့ ခြေလှမ်းတွေကို တစ်ယောက်က အလွတ်မပေးတမ်း အကဲခတ်နေကြစမြဲပင်။

အခုလည်း ဝရန်တာဘက်ထွက်ပြီး ညနေခင်း



အလှကို စုတ်တံတစ်ချောင်းနှင့် ပုံဖော်နေသော သာမည့နား အမိကက ကပ်သွားကာ သာမည့ရဲ့ပန်းချီကားကို ရှုစမ်းနေပြန်သည်။

သာမည့ကတော့ ရာန်ဝင်နေ၍ ပတ်ဝန်းကျင်ကို သတိမမူမိ။

"အခုတလော နင့်ပန်းချီကားတွေထဲမှာ ကောင်လေးတစ်ယောက်ရဲ့ ပုံရိပ်က ပါပါလာတတ်တယ်နော်"

ဟု အမိကက သွေးတိုးစမ်းသလိုပြောလိုက်လျှင် သာမည့က ထိတ်ထိတ်ပျာပျာဖြစ်သွားကာ သူမ ဆွဲလက်စပန်းချီပုံကို ကိုယ်လုံးသေးသေးလေးနှင့် မလုံ့တလုံလေး ကာကွယ်လိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ။ ငါက အကောင်းလေးနဲ့ ဝေဖန်သုံးသပ်ပေးမလို့ဟာကို"

ဟုဆိုကာ သူမကိုယ်လေးကို ဆွဲဖယ်ပစ်ပြန်သည်။

ဒီတော့ သာမည့က နံရံနားကပ်သွားရသည်။ နံရံ

နား ကပ်သွားသော သာမညကို ပိုဘေးရောက်သွားသည့်
ကိုယ်လေးနှင့် မသိမသာတွန်းလွှတ်ကာ ဘောက်လက်
ကော်ဖီခွက်ကို ခုံပေါ်တင်လိုက်ပြီး ပန်းချီကားကို စိတ်ဝင်
တစားကြီး ကြည့်ပစ်ကာ . . .

"ဟော့ . . . ကြည့်ရင်း ကြည့်ရင်းနဲ့ နင့်ပန်းချီကား
ထဲက လူက နေမင်းခေါင်ခေါင်နဲ့ တူလာသလိုပဲ"

ဟု စူးစမ်းသလို ပြောလိုက်သည်တွင် သာမညက
ပျာပျာယာယာပင် ပန်းချီကားကြီးကို ပြေးကြွယ်ကာ . . .

"ဘယ်မှာလဲ . . . ဘယ်မှာဟုတ်လို့လဲ။ ယောကျ်ား
လေးပုံပါတိုင်း နေမင်းခေါင်ခေါင်ဖြစ်ရဦးမှာလား"

ဟု အတည်ပေါက်ကြီး ဝင်ထောက်လျှင် အမိကရဲ့
မျက်နှာပေးက မနိုးမစနိုးအသွင် ပြောင်းသွားကာ . . .

"မဟုတ်လည်းပြီးတာပါပဲ။ တချို့တချို့က ရှိတယ်
ဟာ။ မိန်းကလေးကစပြီး ချစ်ရေးဆိုတာတို့ဘာတို့။ ဒါပေမဲ့
အခုခေတ်မှာတော့ ဒါတွေက မဆန်းတော့ပါဘူး။ ချစ်တယ်
ကြိုက်တယ်ဆိုတာ ဘယ်သူက အရင်စပြောပြောပါ။ ဟုတ်





တယ် မဟုတ်လား"

"အင်း . . . ဟုတ်တာပေါ့"

ဟုပြောပြီးကာမှ တစ်ခုခုကို ပြန်စဉ်းစားမိသွားပုံမျိုး
နှင့် . . .

"မဟုတ်ဘူး . . . မဟုတ်ပါဘူး . . . ငါတို့က မြန်မာ
မိန်းကလေးတွေလေ။ ဣန္ဒြေလေးတော့ ဆောင်ရဦးမှာပေါ့"

"အင်း . . . ပေါ့လေ။ နင်က သိက္ခာဆိုတာမျိုးကို
ထိန်းသိမ်းတဲ့လူပဲ။ ကောင်းပါတယ်။ သိက္ခာရှိရှိ သိုသိုသိပ်
သိပ် နေထိုင်သွားတော့ ဘဝမှာ အနာအဆာကင်းတာပေါ့။
နင်က အနုပညာသမားပဲ။ အနာအဆာရှိလို့မဖြစ်ဘူးလေ။
အနာအဆာကင်းလေ အောင်မြင်ကျော်ကြားလေပေါ့ . . .
မဟုတ်ဘူးလား"

"ဟုတ်တာပေါ့"

ဟု မြှောက်ပြောနေမှန်းသိပေမယ့်လည်း အားပါး
တရ ထောက်ခံမိသွားသည်။

"စာရေးဆရာမ၊ ပန်းချီဆရာမ အပျိုကြီး သာမည

လို့သာ ဂုဏ်ပုဒ်ထပ်တိုးသွားပြန်ရင် ပိုလို့တောင် ကျက်သ
ရှိတယ် . . . မဟုတ်ဘူးလား"

"အင်း . . . ဟုတ်တယ်"

ဒီတစ်ခါ ဟုတ်တယ်ဆိုတာကတော့ အီလ
လည်ကြီးနဲ့ အားပါးတရ မရှိလှပါ။

"အဲ့ဒါဆိုရင် ငါလည်း သူများတွေကို ကြွားလို့ရ
ငါ့သူငယ်ချင်း သာမညက အမျိုးကြီးမှ တကယ့်ဇလာ
အမျိုးကြီး။ ရည်းစားတောင် ထားဖူးခဲ့တာ မဟုတ်ဘူး . . .
ဘာညာပေါ့ . . . ဟီး . . . ဟီး . . . အဲ့ဒါဆိုရင်တော့ နင့်
လူတွေအားလုံးက စိတ်ဝင်စားကြတော့မှာ သေချာတယ် . .
ဟဲ . . . ဟဲ"

ဒီစကားကိုတော့ သူမ နည်းနည်းသဘောကျ တေ
နပ်မိပေမယ့် မသက်မသာရယ်ပါ။

"ကဲ . . . ကဲ . . . ဆက်ဆွဲ . . . ငါ့သူငယ်ချင်း အမျိ
ကြီးဇလာဂျင်လေး . . . အရှိန်ပျက်သွားပြီ။ ငါကတော့ သူများ
တွေကို မနက်ဖြန်ကစပြီး ကြွားတော့မယ်။ နိုးအော်ရက်စ်"

•——ရွှေဥဒေါင်း——•



"ရက်စ်"

ဟု မပြောချင်ပြောချင်လေး ပြောလိုက်ရသည်။
သာမညက အောင့်သက်သက်ကြီး ဖြစ်ကျန်ရစ်ခဲ့ပေမယ့်
အဓိကကတော့ ကျေကျေနပ်နပ်ကြီး ပြုံးသွားမိသည်။

သာမညက ဘဝင်မြင့်တတ်သူဖြစ်၍ သူမ ကလိ
လိုက်ပုံက ထိရောက်သွားသည်ထင်။

အပြုံးတွေက မအီမသာနှင့် ကျန်ရစ်ခဲ့သည်။
သာမညက ဘဝင်မြင့်တတ်သူဆိုတော့ သူမကရော . . . သူမ
ကလည်း ဘာမှမထူး။ သူမတို့သုံးယောက်လုံးက ဘဝင်မြင့်
ကြတဲ့နေရာမှာတော့ တော်တော် တူနိုင်လွန်းကြသည်။
အဓိကက တဖြည်းဖြည်းနှင့် အကျီဒီဇိုင်းတွေ ထွင်နေသော
သာကေနားကပ်သွားပြန်ကာ သူမသောက်လက်စကော်ဖီ
ခွက်ကလေးကို သဘောကောင်းချင်ယောင် ဆောင်ပြီး
သာကေထံ လှမ်းပေးလိုက်သည်။

သာကေက ဟုတ်လှပြီထင်ပြီး ဆွဲသောက်လိုက်
သည်။

•——ရွှေဥဒေါင်း——•

တစ်ကျိုက်သောက်ပြီးကာမှ မယုံသင်္ကာနှင့် အဓိက ကို မော့ကြည့်လာသည်။

ထူးထူးခြားခြား ကြည်စင်ပြီးပြုံးနေသည့် အဓိက ရဲ့မျက်နှာပေးကြောင့် ကော်ဖီခွက်ကို မျက်စပစ်ကာ . . .

"ဝမ်းနုတ်ဆေးတော့ မခတ်ထားပါဘူးနော်"

ဟု ရှေ့နေက တရားခံဖမ်းချင်သော လေသံနှင့် ပြောလျှင် အဓိကက ချက်ချင်းပင် သာကေလက်ထဲမှ ကော်ဖီခွက်ကို ဆွဲလုကာ . . .

"မယုံကြည်ရင်မသောက်နဲ့"

ဟုပြောကာ ကော်ဖီတွေ ကုန်သွားသည်ထိ တစ် ကျိုက်တည်း မော့သောက်ပစ်လိုက်သည်။

"အကျင့်ကိုမှ မကောင်းဘူး။ စေတနာနဲ့ပါလို့ ပြော လိုက်လည်း ပြီးနေတာပဲကိုး။ အကျင့်ကိုက ရုပ်နဲ့လိုက်တယ်။ မည်းညစ်ပုပ်သိုးနေတာပဲ"

"အံမယ် . . . နင်ကရော ဘယ်လောက်လှလို့လဲ"

"အဲ့ဒါဆိုရင်တော့ နင် မျက်စိကန်းနေပြီ။ အများ



သူငှာက ငါ့ကို ချစ်စရာလေးတဲ့။ ချိုဝမ်နဲ့တူတယ်ဆိုလား ဘာလားပဲ"

"အဟွတ် . . . အဟွတ် . . . အဟွတ်"

အဓိက သီးသွားရတော့သည်။

ဒါကိုပဲ သာကေက ထိမထင်ပြုံးလေးနှင့်။

"ဒါပေမဲ့ . . . ငါ သိပါတယ်။ ငါက ချိုဝမ်လောက် မလှပါဘူး"

သာကေရဲ့နှိမ့်ချချအပြောမှာတော့ အဓိကက မြွေ မြွေချင်း ခြေမြင်သွားဖိသယောင် အသိဉာဏ်တို့က နိုးထလာ ရသည်။

"ဘာဖြစ်လို့လဲဆိုတော့ ငါက ဒီဇိုင်နာအသစ်ဆို တော့ အလှအပကို သိပ်အာရုံမပြုနိုင်ဘူးလေ"

ဟော ပြောရင်းဆိုရင်းနဲ့ ဘဝင်လေက အဖျားခတ် လာပြီ။

နေမင်းခေါင်ခေါင်ကလည်း ဘယ်လိုစိတ်ကူးနဲ့များ ဘဝင်မြင့်တဲ့ သာကေကိုမှ ဒီဇိုင်နာတင်မြှောက်လိုက်ပါလိမ့်။

"ငါ့ဦးနှောက်ထဲမှာ အင်္ကျီဒီဇိုင်းတွေနဲ့ပဲ ပြည့်သိပ် နေတာ။ နင်ကမှ ငါတို့ထဲမှာ အလှဆုံး"

သိသိသာသာကြီး မြှောက်ပင့်ပြောဆိုလာခြင်း ဖြ ပေမယ့် ရိုးမှန်းခံရချိန်က ရှားပါးလွန်းတာမို့ ရုတ်တရက် တော့ ကျေနပ်သွားမိသည်။

စိတ်ထဲမှာတော့ အမှန်ကို မြင်တတ်သားပဲဟု ဘဝင်လေးနဲ့ တွေးလိုက်မိသည်။

"နင်က ဉာဏ်လည်းကောင်းတယ်။ လှလည်း လှ တယ်။ ပြီးတော့ ကားလေးနဲ့ပဲ တရွှတ်ရွှတ်သွားနိုင်တော့ ဝိုက်ဆံရှိတဲ့သူဌေးသားတွေ နင့်နား ဝိုင်းဝိုင်းလည်နေတာ အဆန်းမဟုတ်တော့ဘူးပေါ့"

အဓိက ပို၍ဘဝင်မြင့်ချင်သွားသည်။

"ဒါကြောင့်လည်း နင်က တော်ရုံလူမျိုးဆို စိတ် မဝင်စားတာပေါ့နော်"

"ငါက အမြင့်ကြီးပဲမှန်းတာလေ"

"ငါကတော့ သိပ်အမြင့်ကြီးမမှန်းပါဘူး။ တော်ပြီ



ဟယ်။ နေမင်းခေါင်ခေါင်လောက် အဆင့်ရှိရင်ပဲ"

ဒီတစ်ခါမှာတော့ အီလည်လည်ကြီး ခံလိုက်ရတဲ့ လူမှာ အဓိကကိုယ်တိုင် ဖြစ်သွားပြန်သည်။

"နင်ကတော့ နေမင်းခေါင်ခေါင်လောက် အဆင့် ကို ဘယ်ခံတွင်းတွေ့မလဲ။ နင့်နားမှာ ဝိုင်းနေတဲ့ မှာ နေမင်း ခေါင်ခေါင်ထက် သာတာတွေ အများကြီးပဲ။ အဆင့်အတန်း အမြင့်ဆုံးလူကို နင်က ရွေးမှာပေါ့။ မဟုတ်ဘူးလား။ နင်က အမြင့်ကြိုက်တာပဲ"

ဟု မဲ့ကာရွဲ့ကာနှင့် မြှောက်နေရပေမယ့်လည်း သာဓကရဲ့ရင်ထဲမှာတော့ အမြင့်ကြိုက်တဲ့လူက ပြုတ်ကျပြီး သေမှာ မြင်ယောင်သေးတယ်ဟု မရှိမဆန့်ပြောပစ်ချင်မိ လိုက်သေးသည်။

ထိုစကားပြောပြီးချိန်မှာတော့ အဓိကရဲ့ ထောက်ခံ မှုလေးတွေက ငြိမ်ကျသွားရသည်။

အဓိကရဲ့ရင်ထဲမှာလည်း တွေးနေလိမ့်မည်။ သာဓက ကို ဘယ်လိုပြန်ထိုးနှက်ရမလဲဆိုတာမျိုးကို။

"နင် အတော်ဆုံး ဒီဇိုင်နာဖြစ်ဦးမှာ သေချာတယ်။ အမှန်တရားတွေ မြင်တတ်လာပြီ။ နင်နဲ့အကဲပိုမက အနုပညာသမားတွေဆိုတော့ အချစ်ရေးကို စိတ်ဝင်စားကြမှာ မဟုတ်ဘူး။ စာဆိုတောင်ရှိသေးတယ်လေ။ မိန်းကလေးတွေက အလှကြွယ်လေ မာန်တက်လေတဲ့။ နင်တို့နှစ်ယောက်လုံးက လှလည်း လှကြတယ်။ ပြီးတော့ အနုပညာမျက်စိလည်း ပေါက်ကြတာ တော်ရုံလူမျိုးက နင်တို့နား ကပ်နိုင်မှာ မဟုတ်ပါဘူး။ နင်တို့ရဲ့နာမည်ရှေ့မှာ အောင်မြင်ခြင်းတွေက နေရာယူထားတော့ တော်ရုံလူက မချဉ်းကပ်ဝံ့တော့ဘူးလေ . . . ဟဲ . . . ဟဲ . . . ငါကတော့ ငါ့သူငယ်ချင်း နှစ်ယောက်လုံးအတွက် ဂုဏ်ဆောင်ရဦးမယ်"

ဟု ထူးထူးခြားခြားပင် မြှောက်ပင့်ပြောဆိုနေမိကြသည်။

သိသိသာသာကြီးဖြစ်နေတဲ့ အမိကရဲ့ မြှောက်လုံးကြီးတွေကို သာစေကက သိသိကြီးနဲ့ ခံလိုက်ရပြန်သည်။

အမြင်ကပ်စရာကောင်းလောက်အောင်ကို တဟဲ





ဟဲနဲ့ ရယ်ပြီး ထွက်သွားသော အမိကရဲ့ ကျောပြင်ကို မကျေမနပ်လေးကြည့်ပြီး ပန်းရိုးဆွဲနေသော သာမညနားကပ်ကာ

"ပုံကိုကမဟုတ်ဘူး ဘာအကြံအစည်ရှိလဲ မသိဘူး"

ဟု တီးတိုးလေးပြောလိုက်သည်တွင် . . .

"ရှင်းနေတာပဲ။ သူ့မြှောက်လုံးတွေကြောင့် ငါတို့က ဘဝင်လေဟပ်ပြီး နေမင်းခေါင်ခေါင်နားက ရှင်းပစ်နေတာလေ"

ဟုပင် ပွင့်ပွင့်လင်းလင်းကြီး တဲ့တိုးပြောချပစ်လိုက်တော့သည်။

"သိသိကြီးနဲ့ ခံလိုက်ရတာ နာတယ်ကွာ"

ဟု မရိုတင်ကဲလေး သာစေကက ပြောပြန်သည်။

"ကျွမ်းကျင်မှုချင်း ကွာတယ်လေ။ သူက ဂိုက်လုပ်နေတာပဲ။ အပြောအဆိုက ပတ်နပ်နေပြီ"

ဟု သာမညထံမှ မကျေမနပ်လေးထွက်ကျလာပြန်သည်။

"သူက အပြောအဆိုမှာတင် ပတ်နပ်တာ မဟုတ်

ဘူး။ ယောက်ျားတွေကို လှည့်စားတဲ့အပိုင်းမှာလည်း ကျွမ်းကျင်တယ်"

ဟု သာစကရဲ့မှထင်မှတ်ဘဲ ပြောချလိုက်မိတဲ့စကားမှာတော့ သူမတို့နှစ်ယောက်လုံး အချင်းချင်း မျက်လုံးပြူးကြီးများနှင့်ကြည့်မိသွားသည်။

"ဒါဆိုရင် . . ."

ဟု နှစ်ယောက်လုံး ပြိုင်တူ အထိတ်တလန့်နှင့် ပြောမိလိုက်ပြီးမှ တိတ်သွားကြပြန်သည်။ သူမတို့ရင်ထဲမှာ လျှို့ဝှက်မှုတစ်ခုအကြောင်း ကိုယ်စီတွေးနေကြလိမ့်မယ်။



သာစကက ဒီနေ့အလုပ်ကိစ္စကို အကြောင်းပြ၍ တမင်သက်သက်ပင် နေမင်းခေါင်ခေါင်၏ ရုံးခန်းရှိရာသို့ အဆောတလျင် လာခဲ့ပြန်သည်။

တကယ်တမ်း နေမင်းခေါင်ခေါင်နှင့် တွေ့ရပြန်မည်ဆိုလည်း သူမမှာ ရေရေရာရာ ဘာအကြောင်းပြချက်မှ မရှိပြန်ပါ။

သို့ပေမယ့် သူမ အဆောတလျင်လာခဲ့ရခြင်းမှာ အချည်းနှီးပင်ဖြစ်သွားရသည်။

နေမင်းခေါင်ခေါင်က သူမ ထင်မှတ်ထားသလို

စားပွဲခုံပေါ်မှာ ဘောပင်တစ်ချောင်း ကွန်ပျူတာတစ်လုံးနှင့် အလုပ်မရှုပ်နေပါ။

အတွင်းရေးမှူးရဲ့ပြောပြချက်အရ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုနှင့် အပြင်ထွက်သွားသည်ဟု တိတိကျကျ သိလိုက်ရ၍ သူမ စိုးရိမ်မှုဒီဂရီမှာ အဆုံးစွန်ထိ တစ်ရှိန်ထိုးထိုးတက်သွားရသည်။

ထိုစဉ် သူမနည်းတူ လှေကားပေါ်တက်လာသော သာမညကို တွေ့လိုက်ရသည်။

သူမတို့နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်မိချိန်မှာတော့ တစ်ယောက်ကို တစ်ယောက် အံ့သြစွာ ပြူးပြဲပြီး ကြည့်မိသွားကြတော့သည်။

"အကဲပိုမ . . . နင် . . ."

"ကြွက်သိုက် . . . နင်လည်း . . ."

"ရှာမနေနဲ့တော့ ပါသွားပြီ။ အချိန်ဝီမယ်လို့ ထင်ထားတာ။ ဒီကောင်မခြေလှမ်းတွေက တို့နှစ်ယောက် လိုက်လို့ မမီပါလား"





"ဒါဆို ငါတို့နှစ်ယောက်က အသာတကြည်ပဲ လွှတ်လပ်ခွင့်ပေးကြတော့မှာလား"

"ခနဲ့သလိုမပြောနဲ့။ နင်က အဲ့လောက်ထိ သဘောထားကြီးလို့လား"

"ဒါဆိုရင် . . ."

"ဘာမှထပ်ပြီး စဉ်းစားမနေနဲ့။ လိုက်မယ်။ သူ ငါတို့ကို ကွက်ကျော်ရိုက်ပြီး ပျော်ပါးခွင့်မရရှိစေရဘူး"

ဟု ကြုံးဝါးပစ်ကြတော့သည်။

မှန်ပါသည်။

ဒီနေ့ အဓိကရဲ့မွေးနေ့မို့ပါ။

အဓိကရဲ့အကြောင်းကို သူမ ကောင်းကောင်းသိပါသည်။

အဓိကက ဒီနေ့မွေးနေ့ဆိုတာလေးကို အကြောင်းပြု၍ နေမင်းခေါင်ခေါင်ရဲ့စိတ်ကို နည်းမျိုးစုံသုံးပြီး အရယူလိမ့်မည်။

အဓိကရဲ့ အရည်အချင်းကိုလည်း သူမတို့က

ကောင်းကောင်းကြီး သိနှင့်ပြီးကြတာမို့ အသည်းအသန် လိုက်ရှာဖြစ်ကြတော့သည်။

အမိကကို နေမင်းခေါင်ခေါင်ရဲ့ချစ်သူ မဖြစ်စေချင်၊ သူမတို့လည်း နေမင်းခေါင်ခေါင်ရဲ့ချစ်သူ မဖြစ်ခဲ့ရင် အမိကကိုလည်း သူမတို့နဲ့ဘဝတူပဲဖြစ်စေချင်သည်။

ဒါမှမဟုတ်ရင် အမိကက ဘဝင်မြင့်သည်ထက် မြင့်လာပေလိမ့်မည်။

ထိုအခြင်းအရာကိုသူမတို့လည်း လက်မခံနိုင်ဆုံးပါပဲ။ ဒါကြောင့်လည်း မနက်စောစောစီးစီးပင် နေမင်းခေါင်ခေါင်ကို နိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုနှင့် အပြင်ခေါ်ထုတ်သွားဖို့ ကိုယ်စီစဉ်းစားမိလိုက်ခြင်းပင်။ သို့ပေမယ့် သူမတို့ထက် အမြဲခြေတစ်လှမ်းစောခဲ့တတ်သော အမိကက အခုလည်း စောသွားခဲ့ပြန်ပါပြီ။

သူမတို့နှစ်ယောက် မခံမရပ်နိုင်နှင့် အမိကနဲ့ နေမင်းခေါင်ခေါင် ရှာပုံတော် ဖွင့်လိုက်ကြတာ အချိန်တော်တော်လင့်သွားကြသည်။ တက္ကစီငှားစီးရလွန်း၍လည်း အိတ်ထဲမှာ





ပိုက်ဆံက ပြားချပ်ချပ်ပင်။ ဒါကြောင့်လည်း အမိကရဲ့ သွက်လက်မှုကို ပို၍ မခံမရပ်နိုင်ဖြစ်လာပါသည်။

"ခြေတိုသွားတဲ့ထိ မတွေ့တွေ့အောင် ရှာမယ်"

ဟု အားတင်းပစ်ကြသည်။

"အမိက . . . အမိက . . . နေနှင့်ဦး[illegible]ပေါ့"

ဟု တစ်ချက်တစ်ချက်မှာ မခံမရပ်နိုင်လေး ပြောမိပြန်သေးသည်။

မွေးနေ့မို့ ဘုရားတွေပဲ သွားလိမ့်မည်ဟု တစ်ထစ်ချယုံကြည်ကာ ဘုရားအားလုံးနှံ့သွားအောင် ပတ်ရှာလိုက်မိသည်။

ဒီတော့ သာမညက အတွေးတစ်မျိုးနှင့် ကိုယ့်အဖြစ်ကို ကိုယ် ရယ်ချင်သွားကာ . . .

"ဘာပြောပြော ငါတို့ also ကို ကျေးဇူးတင်ရမယ်။ သူကြောင့်သာ မဟုတ်ရင် ငါတို့ ဘုရားတွေကို အခုလို စုံနေအောင် ဖူးဖြစ်မှာမဟုတ်ဘူး"

ဟု ရယ်ကျဲကျဲလေး ပြောလာလျှင် သာကေက

သာမညရဲ့စကားကို ရုတ်တရက်ဆိုသလို ခွက်ထိုးခွက်လန် ရယ်လာပါသည်။ သူမရဲ့စကားလုံးသေးသေးလေးကို ဒီ လောက်ထိ ရယ်နေသော သာမကကြောင့် နည်းနည်း ကြောင်တက်သွားရကာ . . .

"ဖောက်သွားတာတော့ မဟုတ်ပါဘူးနော်"

"ကိုယ့်ကိုယ်ကိုယ် နည်းနည်းရူက်မိသလိုဖြစ်နေ ရပါတယ်ဆိုကာမှ နင်ပြောလိုက်တော့ အလုံးလိုက် အတစ် လိုက်ကြီး ဖြစ်သွားလို့ပါ"

"ကဲ . . . အချိန်လေးလည်း ကြည့်ဦး သူငယ်ချင်း။ ငါတို့ လက်လျှော့သင့်ပြီ။ မုဒိတာပွားလိုက်ကြပါစို့ကွာ"

ဟုပြောကာ သက်ပြင်းကိုယ်စီချလိုက်ကြစဉ် ကား လေးမှာ တုံ့ခနဲရပ်သွားလိုက်သည်။

ဘေးဘီကို သတိပြုလိုက်မိတော့ မီးပွိုင့်မိနေပါ လား။

သူမတို့ စိတ်ရှုပ်တာလည်း တစ်ဝက်၊ ရယ်ချင်မိ တာလည်း တစ်ဝက်။ မခံမရပ်ဖြစ်မိတာလည်း နည်းနည်း





ပါဝင်ပတ်သက်နေတာကြောင့် စိတ်ပြေလိုပြေငြား ဘေးဘီ ဝဲယာကို ကြည့်မိလိုက်စဉ် မထင်မှတ်ထားတဲ့ မျက်နှာလှလှ လေးတစ်ခုက ဘွားခနဲ ပေါ်လာသည်။

ကြည့်စမ်းပါဦး။ ရယ်နေလိုက်တဲ့ အဓိကမျက်နှာ ကြီး။ တလောကလုံးမှာ သူတို့နှစ်ယောက်ပဲရှိနေကြတာကျ လို့ ဟု မကျေမနပ်လေးတွေးပစ်မိသည်။

သာမကက မြင်ကွင်းကို မရှုစိမ့်နိုင်စွာ တစ်ဖက်မှာ ထိုင်နေသော သာမညရဲ့ ပေါင်ကို ခပ်ဆတ်ဆတ်ပုတ်လိုက် သည်။

"ဘာလဲဟာ . . . နာလိုက်တာ"

"နာတာတွေ မနာတာတွေ လုပ်မနေနဲ့။ ဟိုမှာ မင်း အမေက အဖေအသစ်နဲ့ ကြည်နူးနေပြီ"

"ဘာ"

သာမည နှလုံးသွေးတွေ ဆောင့်တွန်းခြင်းခံလိုက် ရသည်။ ဘာကြောင့်လဲဆိုတော့ သာမကရဲ့စကားကို သူမ က ချက်ချင်းအဓိပ္ပာယ်ပေါက်လိုက်သောကြောင့်ပင်။

"ကားဆရာ . . . လိုက် . . . လိုက် . . . ရှေ့ကကားကို မီအောင်လိုက်ပေးပါ"

ဟု ဖြိုင်တူပြောမိလိုက်ကြသည့်အဖြစ်ပင်။

နေမင်းခေါင်ခေါင်ရဲ့ကားပေါ်ကနေ ကျော့ကျော့ရှင်းရှင်းလေး ဆင်းလာသော အမိကကို သူမတို့ ခပ်လှမ်းလှမ်းမှ မြင်နေရပါသည်။

ဘာတွေပြောပြီး ဘာတွေသဘောကျနေကြသည်မသိ။ နှစ်ယောက်လုံးရဲ့မျက်နှာမှာ အပြုံးပွင့်ကြီးတွေကိုယ်စီနှင့်ပါ။

နေနှင့်ဦးပေါ့ . . . စိတ်ထဲမှာ ပြောမိလိုက်ကြစဉ် အမိကက ကိုယ်ခန္ဓာလေးကို ယိုင်လဲချင်သလိုပြုမူလိုက်ပြီး နေမင်းခေါင်ခေါင်ရဲ့ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လိုက်သည်။

ထိုအခါမှာတော့ သာဓကက အွက်ခနဲဖြစ်သွားရပြီး။ သာမညကတော့ . . .

"အပိုတွေ . . . ဒီစတိုင်လ်တွေ ဒိတ်အောက်နေပြီ"





"ဟုတ်ပ့ါ . . . ကိုးလက်မလောက်ရှိတဲ့ ဒေါက်ကိုတောင် ကောင်းကောင်းစီးနိုင်မှတော့ . . . ဟွန့်"

ဟု ပိုပိုဆာဆာလေး ဝေဖန်လိုက်ကြသည်။

သူမတို့နှစ်ယောက် ဆိုင်ထဲဝင်သွားကြတော့ သူတို့နှစ်ယောက်က ဟင်းလျာတွေမှာပြီးလို့တောင် အချိုရည်ကိုယ်စီ သောက်နေကြလေရဲ့။

အမိကတော့ တတ်သလောက် မှတ်သလောက်ပညာကုန်သုံးပြီး မြူဆွယ်နေမှာ အမှန်ပင်။

"ဟော့"

သူမတို့နှစ်ယောက်ရဲ့ အဖော်ရှေ့ဆုံး အသံကအမိက နားထဲ မိုးကြိုးအစင်းတစ်ရာ ပစ်ခွင်းလိုက်သလိုပင်။

ဇာတ်ပေါင်းခန်းရောက်မှ အတိုက်အဖျက်ကြီးကြီးဝင်လာ၍ စိတ်ရှုပ်သွားရတဲ့ ဇာတ်ညွှန်းရေးဆရာတစ်ယောက်လိုပင်။ ဒါပေမဲ့ နေမင်းခေါင်ခေါင်ရဲ့အရှေ့မှာမို့ သူမတို့ရဲ့မယဉ်ကျေးမှုတွေကို အထုပ်ဖြေမပြသင့်ဘူးလေ။

ဒါကြောင့် တွန့်ချိုးသွားမိတဲ့ မျက်ခုံးနှစ်ဖက်ကို

အားယူကာ ဖြန့်ကျက်လိုက်ပြန်သည်။

"နင်တို့အနေနဲ့ သိပ်ကောင်းပါလား"

ဟု တိုးတိုးကြိတ်ကြိတ်လေး ပြောဖြစ်အောင် ပြော လိုက်သေးသည်။

သို့ပေမယ့် သူမတို့က အနိုင်ရသွားကြသူပီပီ ထို စကားကို မမှုဘဲ အပြုံးကိုယ်စီနှင့် . . .

"ဟဲ . . . ဟဲ . . . နေမင်းခေါင်ခေါင်လည်း ရောက် နေတာကိုး။ ကျွန်မတို့က မွေးနေ့ပွဲကို လာချီးမြှင့်တာလေ။ also က ဒီလိုဆိုင်ကောင်းကောင်းမှာ ကျွေးမယ်ဆိုလို့"

"also"

"အင်း . . . ဟုတ်တယ် . . . အဓိကနာမည်က also လေ။ သူက ငယ်ငယ်တုန်းက အင်္ဂလိပ်စာသိပ်ညံ့တာ။ also ဆိုတဲ့အင်္ဂလိပ်စာလုံးကို ဘယ်လိုဘာသာပြန်လိုက်သလဲ သိလား။ တစ်ခါတစ်ရံတဲ့ . . . ဟီး . . . ဟီး"

ဟု သာဓကက နေမင်းခေါင်ခေါင်ရှေ့မှာမို့ အဓိက ကို ဒေါက်ဖြုတ်သလို ပြောလိုက်လျှင် သာမညကလည်း ကြုံ





တုန်း နိပ်ကွပ်ချင်မိသူပီပီ ပါးစပ်ဟရန် ဟန်ပြင်နေသော အဓိကကို ပြောခွင့်မပေးဘဲ တရစပ် ဝင်လုံးလိုက်ပြန်သည်။

"ဟုတ်တယ် . . . also က သိပ်လည်းချေးများတာ။ နေမင်းခေါင်ခေါင်နဲ့ ဆက်ဆံရတာမှ အဆင်ပြေရဲ့လား။ အိမ် မှာဆိုလေ ဒီဟာက မစားချင်ဘူး၊ ဟိုဟာက ညာဖြစ်တယ်။ ဘာညာအစရှိသဖြင့် နေ့စဉ်နဲ့အမျှ ပွတ်တွတ်ပွတ်တွတ်နဲ့ သိပ်ကို နားညည်းတာ။ ဇီဇာကြောင်တာ ချေးများတာ သူ့ အကျင့်ကိုဖြစ်နေပြီ"

"ဟုတ်ပဲ့ . . . ပြီးတော့ သူက ရုပ်ကလေး လှသ လောက် ဘဝင်ကလည်း မြင့်သေးတာ။ သူ့ကိုကြိုက်လာတဲ့ ယောကျ်ားလေးဆို ဘယ်လိုပကာသနရှိမှ ဘာမှန် လိုက်မဝီ ပါဘူး။ ဒါပေမဲ့ ရှင်နဲ့တော့ ပုဂ္ဂိုလ်ရေးရာ ခင်မင်မှုအရဆို တော့ အဆင်ပြေမှာပါ"

ထိုစကားမှာတော့ နေမင်းခေါင်ခေါင်ရဲ့ ပါးလွှာ သော နှုတ်ခမ်းပါးလေးပေါ်မှာ အပြုံးရိပ်လေး ထင်ကျန်ရစ် သွားသည်။

ထိုစကားက သူ့ကို ရှေ့ဆက်တိုးခွင့်မရအောင် ဝဲတ် ပင်လိုက်သည့်သဘော မဖြည်ပေဘူးလား။

သူကလည်း လူအကဲခတ်မညံ့သူပီပီ သူမတို့သုံး ယောက်လုံးရဲ့ အထအနကို ကောင်းကောင်းကြီး သဘော ပေါက်နေမိပါ၏။

သူသာ အခုလိုအချိန်မျိုးမှာ မကြာသေးမီကာလ ကမှ သမားရိုးကျ သူမတို့သုံးယောက်နဲ့ တိုက်ဆိုင်စွာ ကြုံဆုံ ခဲ့ရတာပါဆိုရင် သူမတို့သုံးယောက်ရဲ့ပုံစံတွေ အပြုအမူတွေ အရ စိတ်ကသိကအောက်ဖြစ်ရမှာ အမှန်ပင်။ သို့သော် သူတို့သုံးယောက်ကို သိနေခဲ့သည်မှာ လွန်ခဲ့တဲ့ ခုနစ်နှစ် လောက်တည်းကမို့ သူမတို့ရဲ့ထူးဆန်းတဲ့အလေ့အကျင့်ကို ကြိုသိနေ၍သာ သူ့စိတ်ထဲ ရိုးရိုးရှင်းရှင်းလေး သဘောထား မိကာ ပြုံးလိုက်မိခြင်းရယ်ပါ။

နှစ်ယောက်လုံးက အဓိကကို သူ ကြိုက်သွားမှာ စိုး၍ ချောက်ချနေမှန်းသိသိသာသာကြီးပင်။ ချောက်ချခံနေ ရတဲ့ အဓိကရဲ့မျက်နှာမှာလည်း မခံမရပ်နိုင်လေးနှင့် တစ်ခုခု



ပြောရန် ကြံရွယ်နေသည်မှာ အထင်းသားတွေ့မြင်နေရ သည်။

အဓိကက ကျန်အချိန်များမှာသာ မျက်နှာလေး ထူ ထူနှင့် ဣန္ဒြေကြီးနဲ့နေပေမယ့် သူမတို့နှစ်ယောက်နဲ့ တွေ့ ချိန်မှာတော့ ဟန်ဆောင်မှုကင်းစွာ မျက်နှာကြီး ရှုံ့လိုက် မဲ့ လိုက်နှင့် ကလေးတစ်ယောက်လိုပင်။

သူ ပျော်ပါသည်။

ထိုသုံးယောက်နှင့် ခုလို အတူရှိရတာကို သူ ကျေ နပ်နေပါသည်။

သူမတို့ရဲ့ကလေးဆန်တဲ့အပြုအမူမျိုးတွေက သူ့ ကို ခံစားမှုတစ်မျိုးလေး ပေးနေပြန်သေးသည်။

"အခုလိုကျတော့လည်း ဝိုင်းလေးက ညည်သွားတာ ပေါ့။ ကျွန်တော်က တခြားညှိသည်မပါဘူးဆိုလို့ အဟုတ် မှတ်နေသေးတာ"

ထိုအခါမှာတော့ သာမညက ကိုယ့်စကားနဲ့ကိုယ် မှုက်သွားရပြန်သည်။

also က ဆိုင်ကောင်းကောင်းမှာကျွေးမယ်ဆိုလို့လို့ တမင်တကာ ဇီလင်ယူပြီး ပြောလိုက်သေးတာ မဟုတ်ပါလား။

ဒါဆို သူမတို့နှစ်ယောက်က မဖိတ်ဘဲ လာခဲ့တဲ့ အပေါ်စားညှော်သည်တွေဆိုတာ နေမင်းခေါင်ခေါင်က သိနေပြီပေါ့။

"ဟုတ်သားပဲ . . . ကျွန်မတို့က အခြားဧည့်သည်တွေမှမဟုတ်တာ။ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေပဲ။ ဘယ်ချန်လှပ်လို့ဖြစ်ပါ့မလဲ . . . ဟုတ်တယ်မဟုတ်လား အကဲပိုမ"

ဟု ခပ်ရွှဲရွှဲပင် ပြောချပစ်လိုက်သည်။

"ဟုတ်တာပေါ့ ကြွက်သိုက်ရဲ့"

ဟု တမင်တကာပင် ထောက်ခံပစ်ပြန်သည်။

"အကဲပိုမ၊ ကြွက်သိုက် ဟုတ်လား။ နာမည်တွေက ရယ်စရာလေးတွေ"

ဟု သူက အရယ်တစ်ဝက်ရောကာ ပြောလာလျှင်



အဓိကက ဒါအကွက်ပဲဟု တွေးမှတ်ကာ . . .

"ဟုတ်တယ် ကိုနေမင်းရဲ့။ ကြွက်သိုက်က သိပ်ညစ်ပတ်တာ။ တစ်ပတ်လုံးနေလို့ ခေါင်းတစ်ရက် ဖြီးချင်မှဖြီးတာ။ ကြာလာတော့ သူ့ခေါင်းလေးက ကြွက်အုံလေးလို အသိုက်ကလေးဖြစ်နေပါလေရော"

သူ အသံပင်ထွက်၍ ရယ်ဖြစ်သွားသည်။ အဓိကရဲ့ မျက်ဝန်းရိပ်က စကားတစ်ခွန်းကို ပြောနေသေးသည်။ ကဲ မှတ်ထား ကြွက်သိုက်။ ငါ့ကို ချောက်တွန်းချင်ဦး။

သူမတို့နှစ်ယောက်ရဲ့ ငယ်ကျိုးငယ်နာတွေက ကွက်ကွက်ကွင်းကွင်း ပေါ်လွင်နေကြပြီမို့ သာမည တစ်ယောက်သာပင် လွတ်ကင်းသူရှိပါတော့သည်။

ဒါကို သာမညက ဂုဏ်ယူဝံ့ကြွားဟန်နှင့် . . .

"ဒီလိုပဲ ငယ်ဘဝဆိုတာ ကိုယ်စီကိုယ်ငှ ရှိကြတာပဲ။ အပြစ်အနာအဆာပါလေ နာမည်ပြောင်များလေပေါ့"

"အကဲကိုပိုတယ် . . . ဒါကြောင့်လည်း သူ့ကို အကဲပိုမလို့ ခေါ်ထားတာပေါ့"

သွားပါပြီ။ ဒါမှန်းသိရင် ငြိမ်ငြိမ်လေးနေလိုက်ပါ တယ်။

မဏ္ဍာပ်တိုင်တက်ပြကာမှ ဝါးရင်းတုတ်နဲ့ ရိုက်ချခံရသည့်အဖြစ်မျိုးပင်။

တစ်ယောက်နဲ့တစ်ယောက် ကြုံရင်ကြုံသလို ဖွဲ့နေကြသော သူမတို့သုံးယောက်ရဲ့ သံယောဇဉ်ကို တစ်ထိုင်တည်း၌ပင် သူ အကဲခတ်မိသွားသည်။

ပြီးတော့ သူမတို့သုံးယောက်ကိုလည်း ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားမိသည်။

"မင်းတို့သုံးယောက်က ငယ်ငယ်တုန်းကလိုပဲနော် လုံးဝမပြောင်းလဲဘူး"

"ရှင်"

သုံးယောက်လုံး တစ်ပြိုင်နက် ပြောမိလိုက်ခြင်းပါ။

"အံ့သြသွားကြသလား။ အမှန်တော့ ကျွန်တော်က သိနေတာ ကြာပါပြီ။ သာမည၊ သာကေ၊ အဓိကတို့ပဲ ကျွန်တော့်ကို မသိကြတာပါ"





"ရှင်"

သူမတို့ ဒုတိယအကြိမ် ပိုပြီးနားမလည်နိုင်ဖြစ်သွားရသည်။

"ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ အမေနဲ့ပဲ အမြဲနေဖြစ်တယ်လေ။ အမေက သိပ်ထက်တဲ့ အမျိုးသမီးဆိုတော့ ကျွန်တော်က အမြဲတမ်း စာတွေနဲ့ပဲ နပန်းလုံးနေရတယ်။ ရှားရှားပါးပါး ကျွန်တော်က နယ်မြို့လေးကို တစ်ခါရောက်ဖူးခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အဖေက ဆေးရုံအုပ်အဖြစ် အဲ့ဒီမြို့လေးကို တာဝန်ကျသွားလို့လေ။ နယ်မြို့လေးက သိပ်ပျော်စရာကောင်းတာပဲ။ ညနေခင်းဘက်ဆို ဂစ်တာလေးဒေါင်ဒင်ဒေါင်ဒင်နဲ့ လူငယ်တွေ အားလုံး လမ်းထိပ်မှာ စုနေကြတယ်။ ကောင်မလေးလှတာမြင်ရင် ရှိုးကြတယ်။ အဲ့ဒီအချိန်မှာမှ ကျွန်တော်က လူငယ်တစ်ယောက်ရဲ့ဘဝကို ခံစားခဲ့မိတာပါ။ ခဏတာလေးဆိုပေမယ့် အဲ့ဒီအချိန်လေးတွေကို တော်တော်လေး အမှတ်တရဖြစ်ခဲ့ရတယ်။ အဲ့ဒီမြို့လေးမှာ ကျွန်တော် ကောင်မလေး

သုံးယောက်ကိုတွေ့ခဲ့ဖူးတယ်။ ကောင်မလေးတွေက စွာလန်ကျဲလေးတွေ။ ကျွန်တော် သိပ်ခင်ချင်ခဲ့ပေမယ့် မခင်ရဲခဲ့ဘူး။ မထင်မှတ်ဘဲ အဲဒီကောင်မလေးတွေနဲ့ ကျွန်တော် ပြန်ဆုံဖြစ်သွားပြန်တယ်။ ကျွန်တော့်စိတ်က အရင်တုန်းကတိုင်း မပြောင်းလဲပါဘူး။ ဘယ်လိုလဲ . . .”

ထိုအခါမှာတော့ သူမတို့သုံးယောက်လုံးက ဘာစကားမှ ခွန်းတုံ့မပြန်နိုင်ကြတော့ဘဲ သူ့ကို မမြင်ဖူးသူ တစ်ယောက်လို ပြူးပြဲပြီး ကြည့်နေကြတော့သည်။

“သြော် . . . ဒါကြောင့်ကိုး . . .”

ဟု မတိုင်ပင်ထားပါဘဲ သုံးယောက်လုံး တစ်ပြိုင်နက် ပြောဖြစ်သွားပြန်သည်။

“ဘာဖြစ်လို့လဲ”

ဟု သူက နားမလည်၍ မေးလိုက်လျှင် သိပ်သွက်တဲ့ သာဓကက . . .

“ရှင့်နာမည်ကို ကြားခါစက သိပ်ရင်းနှီးသလို ခံစားခဲ့ရဖူးလို့ပါ”



“ဒါဆို စက်ဘီးကြီး ကုန်းနင်းလို့ ထွက်ပြေးတာ ရှင်ပေါ့”

ဟု သာမညက ခွပ်ခွဲသလိုပြောလိုက်လျှင် သူက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြလာသည်။

“ကျွန်တော့်ကို အဲ့လောက်ထိ မှတ်မိထားပေးတဲ့အတွက် ကျွန်တော် ပျော်ပါတယ်။ ကဲ . . . ပျော်ရွှင်တဲ့အထိမ်းအမှတ်အနေနဲ့ အမိကာရဲ့ မွေးနေ့မင်္ဂလာကို ချီးမြှောက်လိုက်ကြစို့”

ဟု ဆိုကာ သူက တရင်းတနှီး အမူအရာမျိုးနှင့် သူမတို့ရဲ့ ခွက်ကိုယ်စီထဲသို့ အချိုရည်တွေ လိုက်ငှဲ့ပေးလိုက်သည်။

သူမတို့ ကျေနပ်ပေမယ့် မကျေနပ်မိသလို ဒွိဟကြီး ခံစားနေရသည်။

ကျေနပ်တာကတော့ သူ သူမတို့ကို တကယ်ပဲ ခင်မင်နေပုံရလို့ပါ။ မကျေနပ်တာတော့ ကိုယ့်ကိုပဲ ဝိုပြီး အရေးပေးစေချင်တဲ့ အတ္တလေးကိုယ်စီရှိနေကြလို့ပါ။

"ကြွက်သိုက် . . . တကယ်တော့ အချစ်ဆိုတာ မကောင်းဘူးဟ"

ဟု သာမညက တွေးဆဆလေး ပြောလိုက်သည်။

"နင်က အချစ်ကို မကောင်းဘူး ကောင်းတယ် ဝေဖန်နေရတာက နင်က တကယ်ရော အချစ်ကို တွေ့ရှိခံစားနေရလို့လား"

"ဆိုပါတော့ကွာ"

ဟု အဝေးကိုကြည့်ရင်း တွေးဆဆလေး ပြောလိုက်သည်။



သူမတို့နှစ်ယောက်ကြားတွင် ထူးထူးဆန်းဆန်း စကားသံတို့က ဆိတ်ငြိမ်သွားရသည်။ သူမတို့နှစ်ယောက်လုံးက ကိစ္စတစ်ရပ်ကို ပြင်းပြင်းထန်ထန်တွေးတောစဉ်းစားနေကြပုံရသည်။

"alsq လည်း ပြန်မလာသေးဘူးနော်။ နောက်ကျနေပြီ"

"ငါ့ကိုကြိုပြီး ဖုန်းဆက်ထားတယ်။ နောက်ကျမယ်တဲ့"

"သြော်"

စကားတွေက ဟိုရောက် ဒီရောက်ပြောရင်း တိတ်ဆိတ်သွားကြပြန်သည်။

တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သူက သာမက ဖြစ်နေပြန်သည်။

"အချစ်ဆိုတာ မတွေ့ရှိသေးခင်အချိန်ထိပဲ မျှော်လင့်ရတာ ပျော်စရာတစ်ခုပါ။ တကယ်တမ်းတွေ့ရတဲ့အချစ်မှာ မျက်ရည်စီးကြောင်းတွေပဲ ရှိနေတတ်ပြန်ရော"

"ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်စမ်းပါ ကြွက်သိုက်။ တစ်ခါတစ်ရံမှာ မျိုသိပ်ထိန်းချုပ်ထားတဲ့ ခံစားချက်တစ်ခုကို ဖွင့်ဟလိုက်ရရင် ပေါ့ပါးသွားတတ်တယ်"

"ငါ့ကို လမ်းဖွင့်ပေးလို့ ကျေးဇူးပဲကွာ။ ဟုတ်တယ်။ ငါ အချစ်ကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ရပြီ။ ရိုးမြိန်မယ်လို့ ထင်ထားခဲ့တာ။ တကယ်တော့ စပ်ခါးခါးကြီးပဲ"

"ငါထင်တာ မလွဲဘူးဆိုရင် နင် ဖန်ကြည်ရောင်လဲ့နေတဲ့ ချစ်စရာကောင်းတဲ့ပစ္စည်းလေးကို ရလိုက်ပြီ"

"ဟင် . . . နင်ဘယ်လိုသိလဲ"

"နင်နဲ့ငါက ငယ်ပေါင်းတွေပဲ။ နင် ဘာစကား ပြောလာရင် ဘာဆိုတာ ငါက ခန့်မှန်းမိပြီးသားပါ"

"ဒါဆိုရင် နင်ကရော"

"စာမေးပွဲအောင်တယ်ဆိုတာ သိရပေမယ့် ငါက ခေတ္တရင်းထဲမှာလေ"

"ငါထင်တာ မလွဲဘူးဆိုရင် နင် မှန်အိမ်ထဲက လမင်းတစ်စင်းကို ရလိုက်ပြီ"



"ဟင် . . . ဒါကို နင်သိနေတယ်"

"အင်း . . . သိတယ်"

"နင် ဘယ်လိုသိတာလဲ"

"မအံ့သြပါနဲ့။ လောကမှာ ဒီထက်မက အံ့သြဖို့ကောင်းတာတွေ ရှိနေပါသေးတယ်။ တကယ်တော့ အဲ့ဒီနေ့က ငါ နင်တို့နှစ်ယောက်ကို တွေ့လိုက်တယ်။ နေမင်းခေါင်ခေါင်နဲ့ ပစ္စည်းအတူရွေးနေကြတဲ့ နင့်ကိုတောင် ငါ မနာလိုဖြစ်ခဲ့ဖူးသေးတယ်။ ဟား . . . ဟား . . . ရယ်ရတယ်နော်။ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ အတ္တက အနှစ်(၂၀)ကျော်လုံး ခိုင်မြဲလာကြတဲ့ သံယောဇဉ်ကို အဇုအထစ်ဖြစ်စေတယ်"

"အမှန်တော့ . . . ဒါတွေဟာ သိပ်သဘာဝမကျဘူးဟာ။ သူငယ်ချင်းဆိုတဲ့ အရာမျိုးမှာ ဘယ်အရာမှ အစားထိုးမရနိုင်ဘူး။ ငါ အချိန်မီသိလိုက်တာက အချစ်ဟာ ဘဝလောက် အရေးမကြီးဘူးဆိုတာပဲ"

"သေချာတယ် . . . ငါတို့နှစ်ယောက်က အမိုက်ကြီး

တွေဖြစ်ကြတော့မယ်"

"အင်း . . . ဟုတ်တယ်။ ကိုးဆယ့်ကိုးဒသသမကိုး ရာခိုင်နှုန်းပဲ။ ငါ အချစ်ကို စိတ်ပျက်သွားပြီ"

"စိတ်မပျက်ပါနဲ့ကွာ။ အချစ်က လူကို လန်းဆန်း နုပျိုစေတာပါ"

"ဒါပေမဲ့ အချစ်ကို ငါ့ရင်ထဲမှာ ဆက်လက်မွေး မြူသွားရမယ်။ အဲ့ဒါမှ ငါ့ရဲ့အရေးအသားနဲ့ စုတ်ချက်တွေက ပီပြင်လာမှာလေ။ ငါက အတော်ဆုံးပန်းချီဆွဲတဲ့ စာရေး ဆရာမ သာမညပဲ"

"ဟုတ်တယ် . . . နင်က အကောင်းဆုံးသူငယ်ချင်း အတော်ဆုံး ပန်းချီဆွဲတဲ့ စာရေးဆရာမ"

"နင်လည်း . . . အကောင်းဆုံးသူငယ်ချင်း အတော် ဆုံး ဒီဇိုင်နာ"

"also က ငါတို့ဘဝထဲက ခွဲထွက်သွားတော့မယ် ဆိုတာ ငါတို့ သိနေကြသလိုပဲနော်"

"နောက်ဆုံးပစ္စည်းတစ်ခုက ငါတို့အတွက် မဟုတ်



တော့ ပိုင်ရှင်က also ကလွဲရင် အခြားမဖြစ်နိုင်ဘူး။ နင် မှဒိ တာပွားနိုင်ရဲ့လား"

"အခြားလူမှ မဟုတ်တာ။ ငါတို့ရဲ့သူငယ်ချင်း also"

"ဒါဆို . . . ငါတို့တွေအားလုံး အောင်မြင်သွားကြ တာပေါ့နော်"

"မထင်မှတ်ထားဘဲ ခံယူချက်အတိုင်း ဆောင်ရွက် ဖြစ်သွားကြတယ်။ ဘယ်လိုလဲ ချစ်ဖူးချင်တဲ့ ကြွက်သိုက်။ ချစ်ရတာ အရသာရှိလား"

"ပြောပြီးပြီကော။ ခပ်ခါးခါးပဲလို့။ လွတ်လပ်ပျော် ရွှင်ရတဲ့ အရသာက လွဲရင် ကျန်တာ ဘာမှမကောင်းဘူး။ ထာဝရတာ အတော်ဆုံး ဒီဇိုင်နာတစ်ယောက်အဖြစ် ပျော် ပျော်ပဲ လွတ်လွတ်လပ်လပ်နေတော့မယ်။ နင်နဲ့အတူပေါ့"

"ငါရောပဲ။ ချစ်ဖူးပြီ၊ အသည်းကွဲဖူးပြီဆိုတော့ အောင်မြင်ဖို့ပဲ ကျန်တော့တယ်"

"အသည်းကွဲတာရော နေလို့ထိုင်လို့ ကောင်းရဲ့ လား"

"အသည်းကွဲပါတယ်ဆိုမှတော့ စပ်ဖျဉ်းဖျဉ်းနဲ့ပေါ့။ သူ အဲ့ဒီလပြည့်ဝန်းကို ပေးခဲ့စဉ်ကလေ ငါ တစ်ထိုင်တည်းနဲ့ လဲသေချင်သွားတာ သိလား။ ငါ ကောင်းကောင်းကြီး သဘောပေါက်လိုက်တာက အချစ်က ဖြူစင်သလောက်၊ ဘဝက ကိန်းဂဏန်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ သင်္ချာတစ်ပုဒ်ပဲ"

"သူ ရွေးတာ မှန်ပါတယ်။ ဘောပင်တွေနဲ့ စုတ်တံတွေကိုပဲ အာရုံစိုက်တဲ့ နင့်ထက် သွက်လက်ထက်မြက်တဲ့ also ကပဲ သူလိုလုပ်ငန်းရှင်တစ်ယောက်ရဲ့ ဘဝကြင်ဖော် ဖြစ်သင့်တယ်လေ။ ငါ့လို အကျီဒီဇိုင်းဆွဲနေရရင် လောကကြီးကို မေ့လျော့နေတတ်တဲ့ ခပ်ပေါပေါ လူတစ်ယောက်ထက်လည်း တိုးရစ်ဂိုက်လို အပြောအဆိုကြွယ်တဲ့ also က သူ့အတွက် ပိုသင့်တော်တာပေါ့"

"သူက အဲ့ဒီလို ဉာဏ်ရှိတော့ also ရဲ့ပန်းတိုင် ရောက်သွားတာပေါ့"

"ငါ စိုးရိမ်တာတစ်ခုရှိတယ်။ အချစ်မပါဘဲ အိမ်





ထောင်ရေးက . . ."

"မစိုးရိမ်ပါနဲ့။ also က ထက်မြက်တဲ့လူပဲ။ အိမ်ထောင်တစ်ခုကို နိုင်နင်းပါတယ်။ နေမင်းခေါင်ခေါင်က လည်း နားလည်မှုရှိတဲ့လူပါ။ သူတို့ အိမ်ထောင်ရေး တည်မြဲလိမ့်မယ်"

"နင်နဲ့ ငါနဲ့က သနားစရာလေးတွေနော် . . . ဟားဟား"

"တကယ်တမ်း သနားစရာကောင်းတာက also ပါ။ သူ ထောင်ထဲဝင်ရတော့မယ်လေ"

"ကဲ . . . အဆင့်မြင့်စာရေးဆရာမကြီး လုပ်ပါဦး ကျုပ်တို့တွေရဲ့ အချစ်ကို ဘယ်လိုခေါ်ဆိုမလဲ"

"အမှန်တကယ်တော့ အချစ်ဆိုတာ အိုအေစစ်တစ်ခုနဲ့တူတယ်။ သဲကန္တာရခရီးကြမ်းကြီးကို ဖြတ်ကျော်လာကြတဲ့ လူတိုင်းဟာ အိုအေစစ်ကို တောင့်တကြတယ်။ အိုအေစစ်ကို တွေ့ရင် အမောပြေပြီလို့ ထင်နေကြတယ်။ တကယ်တမ်း အိုအေစစ်ကို တွေ့လိုက်ရင် ရှေ့ဆက်ရမယ့်

ခရီးလမ်းက ပို၍ပင်ပန်းတော့မယ်ဆိုတာ သူတို့ မတွေးမိကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခရီးကြမ်းနှင်လာသူ မှန်သမျှ ခက်ခက်ခဲခဲတွေ့ရှိခဲ့တဲ့ အိုအေစစ်မှာ နားခိုချင်ကြပြီလေ။ အဲ့ဒီတော့ ပန်းတိုင်ကိုရောက်ဖို့ ခက်ခဲသွားပြီပေါ့"

"ဒါဆို . . . ငါတို့က အိုအေစစ်ကို ရှာဖွေနေကြတဲ့ ကန္တာရခရီးသည်တွေပေါ့"

"အင်း . . . ဟုတ်တယ်။ also က အိုအေစစ်မှာ နေသွားချင်သူ။ ငါတို့က အိုအေစစ်မှာ ခဏတာခိုနားဖူးရုံချင်လေးပါ။ ငါတို့မှာ ပန်းတိုင်ရှိနေသေးတယ်လေ။ အရောက်သွားရမှာပေါ့"

"ဟုတ်တယ် . . . ပန်းတိုင်ကို အရင်ရောက်ရှိသွားတဲ့ also ကိုပဲ ငါတို့ ရှီးမြှောက်လိုက်ကြစို့"

ဟု သာခေ အားကြိုးမာန်တက်ပြောလျှင် သာမညက မာန်အပြည့်နှင့် ထောက်ခံလိုက်သည်။



ဒီနောက်ပိုင်း သာမညက ပန်းချီကားတစ်ချပ်ကို အပြောင်မြောက်ဆုံး စုတ်ချက်တွေနဲ့ တည်ဆောက်မွမ်းမံနေသလို၊

သာခေကလည်း အကောင်းဆုံး သတို့သမီးဝတ်စုံတစ်ခုကို တီထွင်ဖန်တီးနေသည်။

အဓိကကတော့ တစ်နေ့တခြား တိုးတက်လာတဲ့ အချစ်ရေးမှာ သာယာယစ်မူးလျက်ပါ။

သာမညဆွဲနေသော ပန်းချီကားကို သာခေ ဝေဖန်သလို ဘေးနားရပ်ပြီး အကြံဉာဏ်ပေးနေသေးသလို

သာခဲကေ ချုပ်လုပ်နေသော သတို့သမီးဝတ်စုံကိုလည်း သာမညက မြင်မိသလောက် ဝေဖန်ပိုင်းခြားပြနေသည်။ အခုတော့လည်း သူမတို့နှစ်ယောက်က အပေးအယူမျှတစွာ ချစ်ခင်နေကြလေရဲ့။

အချိန်အကြာကြီး ကြိုးစားပြီးချိန်မှာတော့ သူမတို့ရဲ့ လုပ်ငန်းပြီးဆုံးသွားကြသည်။ သက်ဝင်လှပတဲ့ ပန်းချီကားတစ်ချပ်က ရုပ်လုံးပေါ်လာသလို လှပတဲ့ သတို့သမီးဝတ်စုံကလည်း လှပဆန်းသစ်စွာ ပေါ်ထွက်လာပါပြီ။

"အကဲပိုမ . . . နင့်ပန်းချီကားရဲ့ အဓိပ္ပာယ်ကို ငါ ကောင်းကောင်း နားလည်တယ်ဟ"

"ဆိုစမ်းပါဦး တတ်သလောက် မှတ်သလောက် လေး"

"ပြောပုံကိုက အချိုးမပြေဘူး။ ဒါက သဲကန္တာရလေ။ ဒါက အိုအေစစ်။ ဒါက စူးရှလောင်မြိုက်နေတဲ့ နေမင်း။ နေမင်းနဲ့ အဝေးဆုံး အကွာအဝေးက လူသေးသေးလေးက နင်။ အိုအေစစ်နားက လူလေးက also ။ အလယ်ဗဟိုတည်





တည့်က လူသေးသေးလေးက ငါ။ အလယ်ဗဟိုက ငါက နင်တို့နဲ့ အဝေးဆုံး ဘာကြောင့်ဖြစ်နေရတာလဲ"

"နင် သေချာကြည့်ပါ။ နင်နဲ့ငါက တစ်သားတည်းလေ"

"ဩော် . . . ဟုတ်သားပဲ။ နင့်ပန်းချီကားက တကယ် မှော်ဝင်တယ်။ ဒါနဲ့ ပန်းချီကားရဲ့နာမည်က ဘာလဲ"

"ပုစ္ဆာတဲ့"

"ဘာ"

"အချစ်ဟာ ပုစ္ဆာတစ်ပုဒ်လို့ ဆိုလိုတာပါ"

"ငါ သဘောပေါက်ပြီ"

"နင် ဖန်တီးထားတဲ့ သတို့သမီးဝတ်စုံလည်း သိပ်လှတယ်။ also က အလှဆုံးသတို့သမီးဖြစ်မှာ သေချာတယ်"

"ဖြစ်ရမှာပေါ့။ ငါတို့ရဲ့သူငယ်ချင်းပဲ"

"ဟုတ်တယ် . . . ဒါကမှ ငါတို့ရဲ့ နှလုံးသားလက်ဖွဲ့ စစ်စစ်"

ဟု ကျေနပ်စွာပြောမိလိုက်ကြပြန်သည်။

× × ×

မင်္ဂလာခန်းမထဲမှာ လူတွေစုံညီနေပါပြီ။ သူတို့ မျှော်လင့်နေကြတာတော့ အလှပဆုံး သတို့သမီးနှင့် အခန့်ညားဆုံးသတို့သားပါပဲ။

ထိုအချိန်မှာပဲ မင်္ဂလာတီးလုံးသံလေးက ညင်သာစွာ ထွက်ပေါ်လာသည်။

ထိုတီးလုံးသံကြောင့် သူမတို့နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ နာကျင်ထိခိုက်သွားရသည်။

သူမတို့ ဘာကြောင့်ဝမ်းနည်းနေရတာလဲ။ နှစ်အကြာကြာ တွဲလာခဲ့ကြတဲ့ ချစ်သူငယ်ချင်းကို တစ်ပါးသူ ရင်ခွင်ထဲ ထိုးကျွေးလိုက်ရလို့လား။ ဒါမှမဟုတ် ချစ်ရသူရဲ့





လက်ထပ်မင်္ဂလာပွဲကြောင့်မို့လား။ သို့မဟုတ် ထိုခံစားချက်နှစ်ခုလုံးက ပြွတ်သိပ်ကျပ်ညပ်စွာ နှလုံးသွေးကြောထဲ စီးဆင်းသွားလို့လား။

အဖြေမှန်ကို ရေရာသေချာစွာ အဖြေမထုတ်နိုင်ပေမယ့် ရင်ထဲမှာ ကိုယ်စီ နင့်နင့်သည်းသည်း ခံစားနေရတာတော့ အမှန်ပင်။

သတို့သားရဲ့ လက်ကို ချိတ်ထားသော အင်မတန်လှပတဲ့ သတို့သမီးရဲ့မျက်နှာမှာ အပြုံးပွင့်တွေ ဝေနေရပေမယ့် သတို့သားရဲ့မျက်နှာက မှုန်ကုပ်ကုပ်ရယ်ပါ။ ထိုဆန့်ကျင်ဘက် မျက်နှာနှစ်ခုကြောင့် သာမညရင်ထဲ ပိုထိခိုက်သွားရသည်။ ချစ်သူရဲ့ သတို့သမီးဟာ သူမရဲ့ချစ်သူငယ်ချင်းပါလား။

ချစ်သူ မင်း နောင်တရနေပြီလား။

ဒီနောင်တကို မင်း တစ်သက်တာ ထွေးပိုက်လှည့်ပါ။ ဒါ မင်းရဲ့အမျှော်အမြင်ရှိရှိ ရွေးချယ်မှုကြီး တစ်ရပ်ပဲ။

ငါ့ကို မလိုအပ်လို့ နင် စွန့်ခွာသွားခဲ့တာပဲ။ ငါဟာ

ဘယ်လိုဖြစ်ဖြစ် မင်းလှည့်ကြည့်ဖို့ မလိုပါဘူး။

ငါက မင်းနဲ့လိုက်ဖက်တဲ့ အိမ်ထောင်ဖက်မှ မဟုတ်တာ။

သူမ ရင်ထဲ နည်းနည်းတော့ စံပြင်းနေမိပါသည်။

သို့ပေမယ့် သူမက ဘာဖြစ်လို့ မျက်ရည်တွေ စီးကျနေရတာလဲ။

သူမဘေးမှာ အင်မတန် ခင်ဖို့ကောင်းတဲ့သူငယ်ချင်းသာကေ ရှိနေသေးတာပဲ။

သူမမှာ ပြည့်စုံပြီလေ။ အခုသူမရင်ထဲ တလှပ်လှပ်နဲ့ ခံစားနေရတာက ဘာကြောင့်လဲ။ သူမ စံနိုင်ရည်ရှိအောင် အကြိမ်ကြိမ်ကြိုးစားခဲ့ပါရဲ့နဲ့ ဘာကြောင့်လဲ ! . .။

ထိုအချိန်မှာ သာကေရဲ့လက်အေးစက်စက် တစ်ခုက သူမရဲ့လက်ဖမိုးပေါ်ကျလာသည်။

သူမ လှည့်ကြည့်လိုက်တော့ မျက်ရည်ကြည်လေးလဲ့နေသော မျက်ဝန်းတစ်စုံပါ။

သို့ပေမယ့် သာကေက သူမကို အားယူထားသော





အပြုံးတစ်ခုနှင့် ရင်ဆိုင်လာသည်။

သူမ ပို၍ ငိုချင်သွားရသည်။

"ကြွက်သိုက် . . . ငါ . . . ဘာဖြစ်နေလဲမသိဘူး။ ရင်ထဲမှာ တလှပ်လှပ်နဲ့"

"နင် ငိုချင်နေတာပါ။ နင် ငိုချလိုက်ဦး။ ငါတို့စားပွဲက မချောင်ကျကျမို့ ရုတ်တရက် ဘယ်သူမှသတိမပြုနိုင်ပါဘူး"

"နင် . . . ရော"

"ငါက တစ်ဖက်သတ်အချစ်လေ။ ကြိတ်မှိတ်ခံစားရရမှာပေါ့။ နေမင်းခေါင်ခေါင်က နင့်ကိုပဲ ချစ်နေတာပါဆိုတာ ငါယုံသွားပြီ။ သတို့သားက ဘာဖြစ်လို့ မပြုံးတာလဲ။ သတို့သားရဲ့မျက်ဝန်းတွေက သတို့သမီးရဲ့အလှမှာ မယစ်မူးဘဲ နင့်ဆီပဲ ဘာကြောင့်လှမ်းကြည့်နေရတာလဲ။ ငါ သဘောပေါက်နေတယ်"

"ငါ ဒီလိုဖြစ်နေလို့မဖြစ်ဘူး။ also က ငါတို့ရဲ့သူငယ်ချင်းလေ။ သူငယ်ချင်းကောင်း ပီသရမှာပေါ့"

"အသည်းကွဲတဲ့ဝေဒနာကိုတော့ ပေါ့ပေါ့ပါးပါး ခံစားလိုက်ပါကွာ။ အဲ့ဒါမှ စိတ်ထဲ ရှင်းသွားမယ်"

"ကြွက်သိုက် . . . ငါ ဒီခန်းမထဲမှာ ဆက်နေလို့ မရတော့ဘူး။ ငါ အရမ်းငိုချင်နေပြီ"

ဟုပြောကာ သူမ ထ၍ထွက်ခဲ့တော့သည်။

သန့်စင်ခန်းထဲ ရောက်ချိန်မှာတော့ ခေါင်းလေးကို မှီ၍ ရှုံ့မဲ့ရှိုက်ကာ ငိုမိတော့သည်။

သူမ အားရအောင်ငိုရှိုက်ပြီးချိန်မှာတော့ သူမပခုံးစွန်းလေးပေါ် လက်နွေးနွေးလေး ကျလာသည်။

"နင့်ဘေးမှာ ငါရှိပါသေးတယ် အကဲပိုမ"

"also ကို ငါတို့စွန့်လွှတ်လိုက်ရပြီ။ also ငါတို့နဲ့ ဘယ်တော့မှ အတူလာမနေတော့ဘူး . . . ဟင့် . . . ဟင့် . . also ဟာ နှစ်ပေါင်းများစွာ သံယောဇဉ်ကြီးကို ဖြုံးဖြုံးလေး ဖြတ်ပစ်ရက်တယ်။ သူကတော့ တစ်ပါးသူရင်ခွင်မှာ ပျော်နေမှာပေါ့။ သူ မရှိရင် ငါတို့အခန်းကို ဘယ်သူသန့်ရှင်းရေး လုပ်ပေးမလဲ။ နေမင်းခေါင်ခေါင် . . . အလကားလူကြီး"



"also က နေမင်းခေါင်ခေါင်ကို ငါတို့ထက် ပိုချစ်သွားတာကိုး"

"also မရှိတော့ပေမယ့် ငါတို့နှစ်ယောက် အရင်ကထက် ပိုကောင်းအောင် နေရအောင်"

"အင်း . . . ကောင်းတယ်။ နင်နဲ့ငါက မြန်မာစာနဲ့ အင်္ဂလိပ်သမားပဲ။ သင်္ချာသမားလောက် ဘဝကို ကိန်းဂဏန်းတွေနဲ့ ဘယ်တွက်ချက်ပါ့မလဲ။ ဘဝကို ငါတို့နှစ်ယောက် ရိုးရိုးရှင်းရှင်းပဲ ဖြတ်ကျော်ကြစို့"

ဟု အားတင်းသလို ပြောလိုက်ကာ လက်မ ထောင်လိုက်ကြသည်။

"also က ငါတို့ရဲ့အမြဲတမ်း သူငယ်ချင်း။ နေမင်းခေါင်ခေါင်က အမြဲတမ်း သူငယ်ချင်းရဲ့ခင်ပွန်း။ ဒီလိုပဲ သတ်မှတ်ကြစို့။ ဒီလို သတ်မှတ်ကြတာပဲ အားလုံးအတွက် အကောင်းဆုံးပါ။ ကဲ . . . ငါတို့ကို also ရှာနေတော့မယ်။ အလုပျက်နေတဲ့ ငါတို့မျက်နှာတွေကို ပြင်ဆင်ခြယ်သပြီး ခန်းမထဲ ဝင်ကြရအောင်။ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ

မြိုမြိုမ့်သဲ မင်္ဂလာဆောင်ရတာ တစ်သက်မှာ တစ်ကြိမ်တည်းပါ။ ငါတို့ရဲ့အချစ်ဆုံး သူငယ်ချင်းရဲ့ အပျိုဘဝကို ငါတို့မျက်ရည်တွေနဲ့ မနှုတ်ဆက်သင့်ဘူး။ ငါတို့က also အမြဲပြောသလိုပဲ အဆင့်အတန်းရှိရှိ ခံစားကြရအောင်ကွာ။ ငိုချင်မိခဲ့ရင်တောင် ခံစားချက်ကို ချိုးနှိမ်ပြီး ဟန်ဆောင်ကြစို့။ ခံစားချက် ပြင်းထန်လာလေ နင် အောင်မြင်မှုရလေပါပဲ။ ဒါမှ နင့်စာသားတွေက ပြောင်မြောက်မှာလေ။ ကဗျာတွေ စာတွေကို နှလုံးသားထဲက ဖွင့်ထုတ်ပစ်စမ်းပါ။ နင် သိမ်းထားတတ်မယ်ဆိုရင် အသည်းကွဲဝေဒနာက ကန္တာရခရီးလမ်း ကပေးလိုက်တဲ့ အမှတ်တရလက်ဆောင်ပဲပေါ့"

ဟု ဖြေသိမ့်ပေးနေသော သာဓကေရဲ့စကားသံက သူမအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ရပါလေတော့သည်။

ထိုအချိန်မှာတော့ သူမတို့နှစ်ယောက်လုံးရဲ့ နှလုံးသားထဲက ချစ်သူက အလှပဆုံးသတို့သမီးလေးနဲ့ လှူပုံအလယ်ကြားမှာ ဘဝစာမျက်နှာကို ကြေညာမောင်းခတ်နေ



ပြီပေါ့။

သူမတို့ရဲ့ချစ်သူငယ်ချင်းကလည်း တွက်ကိန်းလှလှနဲ့ ရင်ခွင်တစ်ခုမှာ ခိုနားပါတော့မည်။

သူမတို့နှစ်ယောက်ကတော့ အောင်မြင်ခြင်းပန်းတိုင်ဆီသို့ ... ... ...

ရသတို့နှင့် ပြည့်စုံပါစေ၊

မယ်နိုင်